# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်ထုတ်ဝေသည်။

Established in 1957


### လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်၊ တနင်္ဂနွေနေ့။ Sunday, 12 March 2023 ၁၁၀၃၇


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ (၂၀၂၃) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

## လူတိုင်းလက်လှမ်းမီပြီး သာတူညီမျှရှိသည့် ကျန်းမာရေးလွှမ်းခြုံမှုစနစ်တစ်ရပ်ဖြစ်လာစေရေး ဆောင်ရွက်

# ပြည်သူလူထုကို ကျန်းမာရေးအသိပညာ တိုးတက်မြင့်မားစေပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် လူနေမှုဘဝပုံစံများနှင့် နေထိုင်သွားစေရန် စဉ်ဆက်မပြတ်ကြိုးပမ်း

**နေပြည်တော် မတ် ၁၁**

မြန်မာနိုင်ငံကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC-II) ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ကျန်းမာရေးနယ်ပယ်အသီးသီးမှ ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၊ ဆေးပညာရပ်ဆိုင်ရာ ပါမောက္ခချုပ်များနှင့် ပါမောက္ခများ၊ ဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူများနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားကောင်စီဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌတို့က မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃) ဖွင့်ပွဲအထိမ်းအမှတ်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆





ကြေးမုံ

# အဂတိလိုက်စားမှုတိုက်ဖျက်ရေး အမျိုးသားရေးတာဝန်ဆောင်ရွက်

မြန်မာနိုင်ငံတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ၂၀၁၄ ခုနှစ်တွင် စတင်ဖွဲ့စည်းပြီး ပြဋ္ဌာန်းခဲ့သောဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ်အထိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် နိုင်ငံရေးရာထူးလက်ရှိဖြစ်သူ ၆၄ ဦး၊ အဆင့်မြင့်အရာရှိ ၃၅ ဦး၊ အရာထမ်း ၇၃ ဦး၊ အမှုထမ်း ၇၃ ဦး၊ ပြည်သူ့ဝန်ထမ်း ၁၉ ဦးနှင့် အခြားပုဂ္ဂိုလ် ၂၈ ဦး စုစုပေါင်း ၂၉၂ ဦးတို့ကို တရားစွဲဆိုအရေးယူဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

အဂတိလိုက်စားမှုသည် နယ်ပယ်ကဏ္ဍစုံတွင် ဖြစ်ပေါ်လေ့ရှိပြီး ယခုအခါ နိုင်ငံရေးနယ်ပယ်တွင်ပါ ယခင်ကာလများထက် ပိုမိုပါဝင်ပတ်သက်လာနေသည်ကို တွေ့ရသည်။ ခေတ်အဆက်ဆက် အစိုးရများအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားဖြစ်သည့် အဂတိလိုက်စားမှုကို စဉ်ဆက်မပြတ်တိုက်ဖျက်ခဲ့သည်။ ယခုလက်ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် တတိယအကြိမ်သက်တမ်းတွင် နိုင်ငံတော်ကအပ်နှင်းထားသည့် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ တံစိုးလက်ဆောင်ပေးခြင်း၊ ရယူခြင်းကျူးလွန်မှုများကိုသာမက တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းတစ်ရပ်ရပ်ကို ဖောက်ဖျက်၍ နိုင်ငံတော်၏ငွေကြေး၊ ပစ္စည်းနစ်နာဆုံးရှုံးပျက်စီးမှုများနှင့် အများပြည်သူအကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးမှုများကို စုံစမ်းစစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိသည်။

အဂတိလိုက်စားမှု ပြဿနာသည် မြန်မာနိုင်ငံသာမက ကမ္ဘာတစ်ဝန်း ပျံ့နှံ့ဖြစ်ပွားနေပြီး နိုင်ငံများအားလုံး(ဖွံ့ဖြိုးပြီးနိုင်ငံများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများ)တွင် အစိုးရပိုင်းတွင်သာမက ပုဂ္ဂလိကပိုင်းနှင့် အမြတ်အစွန်းမဟုတ်သည့် ကုသိုလ်ဖြစ်လှူဒါန်းရေးအဖွဲ့များတွင်ပါ အမြစ်တွယ်နေပြီဖြစ်ကြောင်း သတိပြုလာရပြီဖြစ်သည်။ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ဖြစ်ထွန်းစေရေးတွင် အဂတိလိုက်စားမှုသည် မဖြစ်မနေဖယ်ရှားရမည့်လုပ်ငန်းစဉ်ဖြစ်သည်။ နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ကဏ္ဍများတွင် တိုးတက်ကောင်းမွန်မှုဖြစ်ထွန်းလာစေရန်အတွက် အဂတိလိုက်စားမှုကင်းစင်ရေးသည် အထူးအရေးကြီးသည့်ကဏ္ဍတစ်ခုဖြစ်သည်။

အဂတိလိုက်စားမှုကို စဉ်ဆက်မပြတ် တိုက်ဖျက်လျက်ရှိသော်လည်း လူ့အသိုက်အဝန်းအတွင်း စိမ့်ဝင်ပျံ့နှံ့စွဲမြဲနေသည့်သဘောရှိနေ၍ အနာဂတ်ကာလတွင် သန့်ရှင်းကောင်းမွန်သော အသိုက်အဝန်းများဖြစ်ပေါ်လာစေရေးအတွက် ပျိုးထောင်တည်ဆောက်ကြရမည်ဖြစ်သည်။ မျိုးဆက်သစ်လူငယ်များကြားတွင် အဂတိလိုက်စားမှုကို မနှစ်သက်သည့်စိတ်ဓာတ်များ ကိန်းအောင်းလာအောင် ဆောင်ရွက်ပေးရမည်ဖြစ်သည်။ “မြန်မာနိုင်ငံတစ်ဝန်းလုံးရှိကျောင်းများ၊တက္ကသိုလ်များတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ဖြော်ဖြေမတ်တည်ကြည်မှု မြှင့်တင်ရေး (Edu–tainment) အစီအစဉ်”ကို အကောင်အထည်ဖော်နေသည်။ အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့်များတွင် အသိပညာပေးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ကျယ်ပြန့်စွာဆောင်ရွက်လျက်ရှိသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုများကို အများပြည်သူတို့နှင့်အတူလက်တွဲ၍ နိုင်ငံတစ်ဝန်း တွန်းလှန်တိုက်ဖျက်ခြင်းဖြင့် အများပြည်သူတို့၏ဘဝများ သာယာဝပြောလာစေရန်ဟူသော အပြုသဘောအယူအဆကို ကော်မရှင်၏ အနာဂတ်မျှော်မှန်းချက်အဖြစ် သတ်မှတ်ထားသည်။ မျိုးဆက်သစ်များအတွက် ရည်ရွယ်သော အဆိုပါ အနာဂတ်မျှော်မှန်းချက်ကို ရည်ညွှန်း၍ “အဂတိပယ်ခွာ ပြည်သာယာ” ဟူသည့်ဆောင်ပုဒ်ကို သတ်မှတ်ထားသည်။ အနာဂတ်အတွက် ကောင်းမွန်သော အသိုက်အဝန်းဖြစ်ပေါ်လာစေရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည့်နည်းတူ မျက်မှောက်ကာလတွင်လည်း ဖြစ်ပေါ်နေသည့် အဂတိလိုက်စားမှုများကို စုံစမ်းဖော်ထုတ်၍ ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိသည်။

နယ်ပယ်ကဏ္ဍအသီးသီးတွင် အဂတိလိုက်စားမှုအမြစ်တွယ်နေခြင်းသည် ပြည်သူအားလုံး၏ အခွင့်အရေးအတွက် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်စေသည်။ အဂတိလိုက်စားမှုကြောင့် ပြည်သူတို့အတွက် နစ်နာဆုံးရှုံးမှုများ များစွာဖြစ်ပေါ်စေခြင်းနှင့် အခက်အခဲအနှောင့်အယှက်ဖြစ်စေသည့် လုပ်ဆောင်မှုများကို သတိပြုရမည်ဖြစ်သည်။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ “1111” ဝန်ဆောင်မှု SMS ဖြင့် မေးမြန်းလိုသောမေးခွန်းများကို ပွင့်လင်းမှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် ဌာနများအလိုက် ပြုပြင်ရန်လိုအပ်နေသည့် အားနည်းချက်များကို ပြုပြင်နိုင်ခြင်း၊ အသေးစားအဂတိလိုက်စားမှုများကို လျှော့ချနိုင်ခြင်း၊ အစိုးရအဖွဲ့အစည်းနှင့် ပြည်သူလူထုအကြား ယုံကြည်မှုတည်ဆောက်လာနိုင်ခြင်း စသည်တို့ဖြစ်ထွန်းလာအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ဖြစ်ထွန်းစေရေး၊ အများပြည်သူဆိုင်ရာအုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့်တာဝန်ယူမှုမြင့်မားရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။ ။

## (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

★ ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။

★ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှအလေးထား ဆောင်ရွက်ရေး။

★ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။

★ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။



ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ ကျောင်းစုကျေးရွာ ဘဏ္ဍာကျောင်းတိုက်အတွင်း ဘဏ္ဍာကျောင်း ရှေးဟောင်းစေတီတော်မြတ်ကြီးတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ သီပေါမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မင်းနှင့် ရဲတပ်ဖွဲ့ဝင်များ မတ် ၁၁ ရက် နံနက်က ရင်ပြင်တော်သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြစဉ်။

၂၁၀

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများဆက်ကပ်လှူဒါန်း

နေပြည်တော် မတ် ၁၁

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။



**ဆက်ကပ်လှူဒါန်း**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ ရတနာပင်စည်မြောက်ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာဗုဒ္ဓဘာသာပညာရေးစင်တာ(IBEC)၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ရာမညရဋ္ဌဗုဒ္ဓတက္ကသိုလ်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ အောင်ဓမ္မရိပ်သာကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ ကြည်သာအေးမြကျောင်းတိုက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ဓမ္မဇေယျာကျောင်းတိုက်နှင့် မြောက်ဥက္ကလာပမြို့နယ်ရှိ ခေမာသီဝံကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ မင်္ဂလာအောင်မြေစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ဓမ္မဒူတတောရဓမ္မရိပ်သာ၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ မင်္ဂလာသာစည်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ပိဋကတ်ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ဥဿာကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်ရှိ ပဒံပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ ရွှေလရောင်ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | – | ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | – | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | – | ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | – | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | – | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | – | ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | – | ဦးနိုင်လင်းကြည်၊ | **စာပြင်** | – | ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| **စာတည်းများ** | | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | – | ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | – | ဦးစည်သူလွင်နှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန်နေဂျာ – ၀၁–၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ ၂၀၂၃ ဖွင့်ပွဲအထိမ်းအမှတ် မုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

☆ ရှေ့ဖုံးမှ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ၂၀၂၃ ဖွင့်ပွဲအထိမ်းအမှတ် မုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

**ရည်ရွယ်ချက်များ**

ထို့နောက် မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ၂၀၂၃ ဖွင့်ပွဲ ဒုတိယပိုင်းကို Plenary Hall ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် "မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကြီး"ကို **"အရည်အသွေးရှေးရှု ကျန်းမာရေးစောင့်ရှောက်မှု" "Quality Care in Medical Practice"** ခေါင်းစဉ်ဖြင့် ကျင်းပအသက်အန္တရာယ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်များကို ကြီးမားစွာ ရိုက်ခတ်စေခဲ့သည့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဆိုးကြီးနှင့် အဆိုပါရောဂါဆိုးကြောင့် ပေါ်ပေါက်လာခဲ့သည့် လူမှုရေး၊ စီးပွားရေး နောက်ဆက်တွဲဆိုးကျိုးများကို ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နိုင်ရန်အတွက် မိမိကိုယ်တိုင်ဦးဆောင်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းပြီး လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှု၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ အငြိမ်းစားပညာရှင်များအပါအဝင် ကျန်းမာရေးဆိုင်ရာပညာရှင်များ၊ နိုင်ငံအတွင်းရှိ စေတနာရှင်ပရဟိတအတွင်းတွင် ရှေ့လုပ်ငန်းစဉ်အမှတ်(၂)အနေဖြင့် **"လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆောင်ရွက်သွားမည်"**ဆိုသည့် ဦးတည်ချက်နှင့်အညီ ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့်လည်း ဆက်လက်တာဝန်ယူမည့်ကာလအတွက် ဦးတည်ချက်မှာ **"တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်"**ဟု ပြောင်းလဲချမှတ်ထားပြီး ကျန်းမာရေးကဏ္ဍအတွက် အားလုံးခြုံငုံပါဝင်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံရေးဦးတည်ချက်(၄)ရပ်၊ စီးပွားရေးဦးတည်ချက်(၄)ရပ်နှင့် လူမှုရေးဦးတည်ချက် (၄) ရပ်တို့နှင့်အညီ ရှေ့လုပ်ငန်းစဉ်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

**အဓိကအခန်းကဏ္ဍမှ ပါဝင်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်များအနက်မှ တတိယအချက်ဖြစ်သည့် **"နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး"** ဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အဓိကအခန်းကဏ္ဍမှပါဝင်ပြီး ကာကွယ်ရေးဝန်ကြီးဌာနတပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့၊ နှီးနွှယ်ဆက်စပ်နေသည့် ဌာနဆိုင်ရာများ၊ နိုင်ငံတော်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားကိုလိုလားသည့် စေတနာရှင်ပရဟိတလူမှုရေးအဖွဲ့အစည်းများ၏ ပူးပေါင်းကူညီပံ့ပိုးမှုများ၊ ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်မှုစွမ်းအားများနှင့် ဦးတည်ချက်ကို အောင်မြင်မှုရရှိလာသည်အထိ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်သည်ကို တိုက်တွန်းပြောကြားလိုကြောင်း။

တစ်မျိုးသားလုံး သက်ရှည်ကျန်းမာရန်အတွက် ကျန်းမာရေးကဏ္ဍတစ်ရပ်လုံးဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဖြစ်သည့် မိခင်နှင့်မျိုးဆက်ပွား ကျန်းမာရေး၊ မွေးကင်းစနှင့် ကလေးကျန်းမာဖွံ့ဖြိုးရေး၊ စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌတို့က မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ၂၀၂၃ ဖွင့်ပွဲအထိမ်းအမှတ် မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

ပြုလုပ်မည်ဖြစ်ပြီး နှီးနှောဖလှယ်ပွဲ၏ ရည်ရွယ်ချက်များမှာ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ ကျန်းမာရေးနယ်ပယ်အသီးသီးမှ ပညာရှင်များ ချစ်ကြည်ရင်းနှီးမှုရရှိစေရန်နှင့် အပြန်အလှန်ပေါင်းစပ်ညှိနှိုင်းသင်ကြားရေးနှင့် ကုသရေးကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ကျန်းမာရေးကဏ္ဍနယ်ပယ်စုံမှ ပညာရှင်များပါဝင်ဆင်နွဲစေခြင်းဖြင့် ခေတ်မီဆေးပညာရပ်များ ဖွံ့ဖြိုးတိုးတက်နေမှုများနှင့် ပတ်သက်၍ သိရှိနားလည်နိုင်စေရန်၊ ဆေးနှင့် ဆေးနှီးနွှယ်ပညာရှင်များအနေဖြင့် တိုးတက်ပြောင်းလဲနေသော ဆေးပညာရပ်များအား စဉ်ဆက်မပြတ် လေ့လာဆည်းပူးလိုစိတ်များ ဖြစ်ထွန်းစေရန်၊ ပြည်သူလူထုအား အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများပေးရာတွင် အထောက်အကူပြုနိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်သည်ဟု သိရှိရကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် စဉ်ဆက်မပြတ် အားပေးဆောင်ရွက်လျက်ရှိသည်ကို အားလုံးသိရှိပြီးဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင်ရှိသည့် နိုင်ငံအသီးသီးမှ ပြည်သူအပေါင်း၏ အဖွဲ့အစည်းများ၏ စွမ်းအားကို အခြေခံပြီး မိတ်ဆွေနိုင်ငံများ၏ ပံ့ပိုးကူညီမှုများ၊ တိုင်းရင်းသားပြည်သူအပေါင်း၏ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးမှုများနှင့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဆိုးကို အခြေအနေတစ်ရပ်အထိ ထိထိရောက်ရောက် အောင်အောင်မြင်မြင် ထိန်းချုပ်၊ တုံ့ပြန်ဆောင်ရွက်နိုင်ခဲ့သည်ကို အားလုံး မျက်မြင်ကိုယ်တွေ့ပင်ဖြစ်ကြောင်း။

**စုပေါင်းအင်အားဖြင့် ဖြေရှင်းဆောင်ရွက်**

ထို့အတွက်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသူ၊ သက်ဆိုင်သူအားလုံးကို ကျေးဇူးတင်ရှိကြောင်းနှင့် အဆိုပါအောင်မြင်မှုကို နမူနာယူပြီး တိုင်းရင်းသားပြည်သူများ ရင်ဆိုင်ကြုံတွေ့နေရသည့် အခြားကျန်းမာရေးပြဿနာများကိုလည်း မိမိတို့နိုင်ငံတွင်းရှိ စုပေါင်းအင်အားဖြင့် ဖြေရှင်းဆောင်ရွက်ပြီး အောင်မြင်စွာကျော်လွှားနိုင်ကြမည်ဟု ယုံကြည်မိကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်စဉ်ကတည်းက ရှေ့လုပ်ငန်းစဉ်ကြီး (၅)ရပ်ကို နိုင်ငံတော်နှင့် ပြည်သူလူထု၏ အကျိုးကိုရှေးရှုပြီး ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အရေးပေါ်ကာလ နှစ်နှစ်

❖ **နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ်များရှိ ကျန်းမာရေးနယ်ပယ်အသီးသီးမှ ပညာရှင်များ ချစ်ကြည်ရင်းနှီးမှုရရှိစေရန်နှင့် အပြန်အလှန် ပေါင်းစပ်ညှိနှိုင်းသင်ကြားရေးနှင့် ကုသရေးကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ကျန်းမာရေးကဏ္ဍနယ်ပယ်စုံမှ ပညာရှင်များ ပါဝင်ဆင်နွဲစေခြင်းဖြင့် ခေတ်မီဆေးပညာရပ်များ ဖွံ့ဖြိုးတိုးတက်နေမှုများနှင့်ပတ်သက်၍ သိရှိနားလည်နိုင်စေရန်၊ ဆေးနှင့် ဆေးနှီးနွှယ်ပညာရှင်များအနေဖြင့် တိုးတက်ပြောင်းလဲနေသော ဆေးပညာရပ်များအား စဉ်ဆက်မပြတ် လေ့လာဆည်းပူးလိုစိတ်များ ဖြစ်ထွန်းစေရန်၊ ပြည်သူလူထုအား အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများပေးရာတွင် အထောက်အကူပြုနိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်**

ကြေးမုံ
မတ် ၁၂၊ ၂၀၂၃

☆ စာမျက်နှာ ၃ မှ

ကျောင်းကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးရေး၊ ကူးစက်ရောဂါနှင့် မကူးစက်ရောဂါများ ကာကွယ်တိုက်ဖျက်ရေး၊ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် ကာကွယ်ဆေးထိုးခြင်း၊ ပုံမှန် ကာကွယ်ဆေးများထိုးခြင်း၊ လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင် ကျန်းမာရေး၊ ကျန်းမာရေးအဆင့်မြှင့်တင်ရေးစသည့် ဝန်ဆောင်မှုများကို လူတိုင်း လက်လှမ်းမီပြီး သာတူညီမျှရှိသည့် ကျန်းမာရေးလွှမ်းခြုံမှုစနစ်တစ်ရပ် ဖြစ်လာစေရေး ဆောင်ရွက်သွားရန် မှာကြားလိုပါကြောင်း။

**ပူးပေါင်းပါဝင်ဆောင်ရွက်**

လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ ပြည်သူလူထု၏ မျှော်မှန်းသက်တမ်း တိုးတက်မြင့်မားလာစေရေးအတွက် အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုများကို တိုးမြှင့်ဆောင်ရွက်ပေးရာတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးပညာရှင်များ၏ လုပ်ဆောင်မှုများသာမက သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူလူထုကို ကျန်းမာရေးအသိပညာ တိုးတက်မြင့်မားစေပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် လူနေမှုဘဝပုံစံများနှင့် နေထိုင်သွားစေရန်အတွက် စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်သွားကြရန်ကိုလည်းမှာကြားလိုပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် ရောဂါမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ရောဂါဖြစ်ပွားလာပါက အရည်အသွေးပြည့်ဝသည့် ဆေးဝါးကုသမှုများပေးနိုင်ရေး လုပ်ငန်းများကို မိမိတို့နိုင်ငံ၏ အရင်းအမြစ်များအပေါ်မူတည်ပြီး ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည့် မူဝါဒများ၊ စီမံချက်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူ့ဆေးရုံများအနေဖြင့် အချိန်ပြည့်အရေးပေါ်လူနာများ လက်ခံကုသနိုင်ရေးအတွက် စီမံထားရှိခြင်း၊ လူနာများကို တတ်နိုင်သမျှ ကုန်ကျစရိတ်မရှိစေဘဲ စိုက်ထုတ်သုံးစွဲရငွေ လျော့နည်းစေရေးတို့အတွက် လိုအပ်သည့် ဆေးဝါးများ၊ ရောဂါရှာဖွေခြင်းနှင့် ကုသပေးခြင်းလုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ ပြည်သူများ နေရာထိုင်ခင်းကောင်းမွန်စွာဖြင့် စိတ်အေးချမ်းသာစွာ ဆေးကုသမှုခံယူနိုင်ရေးအတွက် ပြည်သူ့ဆေးရုံများအား မွမ်းမံပြင်ဆင်ခြင်း၊ အသစ်တိုးချဲ့တည်ဆောက်ခြင်းနှင့် အဆင့်မီဆေးကုသမှုများ ခံယူနိုင်စေရန်ဆေးဝါးများ၊ ခေတ်မီဆေးပစ္စည်းကိရိယာများ စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးခြင်းတို့ကိုလည်း နိုင်ငံတော်အနေဖြင့် နှစ်စဉ်ဘတ်ဂျက်များ တိုးမြှင့်လျာထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ အဆင်ပြေချောမွေ့စွာ တာဝန်ထမ်းဆောင်နိုင်ရေးအတွက် ဝန်ထမ်းအိမ်ရာများ တိုးချဲ့ဆောက်လုပ်ပေးနေသည့်အပြင် ချီးမြှင့်ငွေနှင့် စရိတ်မျိုးစုံကို ခံစားခွင့်ရရှိစေရန်ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**ပြောင်းလဲသင်ကြားလျက်ရှိ**

အရည်အချင်းပြည့်ဝသည့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ဆေးနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ် ၁၆ ခု၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ၅၃ ကျောင်းတို့ကို ဖွင့်လှစ်ပြီး သင်ရိုးညွှန်းတမ်းများကို လိုအပ်ချက်နှင့်အညီ ပြုပြင်ပြောင်းလဲပြီး သင်ကြားပေးလျက်ရှိပါကြောင်း၊ ယခုဆေးပညာသင်ရိုးညွှန်းတမ်းကို နိုင်ငံတကာအဆင့်မီဖြစ်စေရန် မျှော်မှန်းရလဒ် အခြေခံသည့် စုစည်းချိတ်ဆက် သင်ကြားခြင်းစနစ်ကို ပြောင်းလဲသင်ကြားလျက်ရှိပြီး ကျန်းမာရေးပညာရှင်များအကြား ယှဉ်တွဲလေ့လာသင်ယူမှု (Inter–Professional Education)နှင့် လက်တွေ့ပူးပေါင်းဆောင်ရွက်တတ်စေရေးတို့ကိုပါ ထည့်သွင်းသင်ကြားပေးလျက်ရှိသည်ကို သိရပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ၂၀၂၃ တွင် ခင်းကျင်းပြသထားသည့် ပြခန်းများအတွင်း လှည့်လည်ကြည့်ရှုစဉ်။

ဆေးဘက်ဆိုင်ရာပညာများကို အရေအတွက်သာမက အရည်အချင်းကိုပါ အလေးထားပြီး ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာများကိုပါ ထည့်သွင်းသင်ကြားပေးနေသည်ကို သိရသည့်အတွက် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် များစွာကျေနပ်အားရဖြစ်မိပါကြောင်း၊ ထို့ပြင် ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များကို တက်ရောက်ရန် ဝင်ခွင့်ရွေးချယ်ရာတွင်လည်း ဆေးပညာရပ်ကို အမှန်တကယ်စိတ်ဝင်စားသူများ၊ ဆေးပညာကျင့်ဝတ်လိုက်နာစောင့်ထိန်းမည့်သူများ၊ ကျန်းမာရေးနယ်ပယ်တွင် တာဝန်ထမ်းဆောင်လိုသူများ၊ မေတ္တာစေတနာနှင့် ကျန်းမာရေးစောင့်ရှောက်ပေးလိုသူများကိုသာ ရွေးချယ်ပြုစု ပျိုးထောင်နိုင်ရေးအတွက် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများကို စနစ်တကျ စိစစ်ရွေးချယ်ပြီး ဝင်ခွင့်ပြုသည့် စနစ်သစ်ကို ၂၀၂၂ ခုနှစ် ပညာသင်နှစ်မှ စတင်ကျင့်သုံးလျက်ရှိပါကြောင်း။

**မြန်ဆန်တိကျ မှန်ကန်စွာ စစ်ဆေးဆောင်ရွက်**

ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနအနေဖြင့်လည်း ပြည်သူလူထုအတွင်း စိတ်ချယုံကြည်စွာ စားသောက်သုံးစွဲနိုင်မည့် ပစ္စည်းမှန်၊ အမျိုးမှန်၊ အစားအစာနှင့် ဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူး၊ တင်သွင်းရောင်းချနိုင်စေရန် ကြီးကြပ်ကွပ်ကဲမှုများ၊ ဝန်ဆောင်မှုများ စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိသည်ကိုတွေ့ရှိရပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် စားသောက်ကုန်နှင့် ဆေးဝါးများကို မြန်ဆန်တိကျ မှန်ကန်စွာဖြင့် စစ်ဆေးဆောင်ရွက်ပေးရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာ့တိုင်းရင်းဆေးပညာနှင့် ပြည်သူလူထု၏ ကျန်းမာရေးကို ထိရောက်စွာ စောင့်ရှောက်ပေးနိုင်စေရန်အတွက် မြန်မာ့တိုင်းရင်းဆေးပညာအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်ရည်ရွယ်ပြီး မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲများကို (၂၁)ကြိမ်မြောက်အထိ အောင်မြင်စွာ ကျင်းပခဲ့သည်ကိုလည်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း။

**အောင်မြင်စွာကျင်းပနိုင်ခဲ့**

ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာနအနေဖြင့်လည်းပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် အထောက်အကူဖြစ်စေမည့် သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် Myancopharm ကိုဗစ် ရောဂါကာကွယ်ဆေးနှင့် သက်ဆိုင်သည့် သုတေသနလုပ်ငန်းများ၊ တိုင်းရင်းဆေးပညာဦးစီးဌာနက ထုတ်လုပ်သည့် ဝိသမအဖျားရောဂါပျောက်ဆေးနှင့် သက်ဆိုင်သည့် သုတေသနလုပ်ငန်းများ၊ ရောဂါပိုးများ၏ မျိုးရိုးဗီဇပြောင်းလဲမှုနှင့် ပတ်သက်သည့်သုတေသနလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်သည့်အပြင် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကို (၅၁) ကြိမ်မြောက်အထိ အောင်မြင်စွာကျင်းပနိုင်ခဲ့သည့်အတွက် မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါကြောင်းလည်း ပြောကြားလိုပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်များ၏ ဦးတည်ချက်များ အောင်မြင်စေရေးဆောင်ရွက်ရာတွင် ကျန်းမာသည့် လူ့စွမ်းအားအရင်းအမြစ်များစွာလိုအပ်ပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်လည်း နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် ပြည်သူတစ်ရပ်လုံးသက်တမ်းစေ့ အသက်ရှည်စွာနေထိုင်နိုင်ရေး၊ ရောဂါဘယကင်းဝေးစေရေးအတွက် ဦးတည်ချက်ထားပြီး နေ့ညမပြတ် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ယနေ့ကျင်းပသည့် "မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကြီး"ကအဆိုပါရည်ရွယ်ချက်များ အောင်မြင်စေရန် ကြီးမားသည့် အထောက်အပံ့တစ်ခုဖြစ်စေမည်ဟု လေးနက်စွာ ယုံကြည်မျှော်လင့်မိပါကြောင်း။

စာမျက်နှာ ၅ သို့ ☆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျန်းမာရေးနယ်ပယ်အသီးသီးမှ ပညာရှင်များ၊ အထူးဖိတ်ကြားထားသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

☆ စာမျက်နှာ ၄ မှ

ယခုကျင်းပသည့် နှီးနှောဖလှယ်ပွဲကြီးတွင် ကျန်းမာရေးနှင့် သက်ဆိုင်သည့် နယ်ပယ်အသီးသီးက ပြည်တွင်း/ပြည်ပမှ ပါမောက္ခ ဆရာဝန်ကြီးများ၊ ဆေးဘက်ဆိုင်ရာပညာရှင်များက မိမိတို့၏ တန်ဖိုးကြီးမားသော ဆေးပညာအတွေ့အကြုံများကို အနာဂတ်ကာလတွင် နိုင်ငံတော်၏ကျန်းမာရေးစောင့်ရှောက်မှုတာဝန် ပခုံးပြောင်းပြီး တာဝန်ယူကြမည့် မျိုးဆက်သစ်လူငယ်ဆရာဝန်များ၊ ဆေးပညာရှင်များကို လက်ဆင့်ကမ်းပြီး ပညာအမွေပေးအပ်ကြမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အနာဂတ်ကာလ၌ ဆက်လက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ကြမည့် ရောဂါကာကွယ်တားဆီးရေး၊ ကုသရေးနှင့် ပြန်လည်သန်စွမ်းရေးနှင့် သက်ဆိုင်သည့် လုပ်ငန်းကိစ္စရပ်များအတွက် အခြေခံကောင်းများ၊ အတွေးအမြင်သစ်များနှင့် အတွေ့အကြုံကောင်းများ၊ သင်ခန်းစာယူရမည့် အချက်များကို မျှဝေရရှိစေမည်ဖြစ်သည့်အတွက် မျိုးဆက်သစ် ကျန်းမာရေးပညာရှင်များ၊ ဝန်ထမ်းများအနေဖြင့် ထိထိရောက်ရောက် လေ့လာဆွေးနွေးသွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

### အပြန်အလှန်ဆွေးနွေးမေးမြန်းသွားကြမည်

ယခုကျင်းပသည့် နှီးနှောဖလှယ်ပွဲကြီးသည် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပထမဦးဆုံး ဦးဆောင်ကြီးမှူးကျင်းပခြင်းဖြစ်သည်ဟု သိရပြီး နောင်အနာဂတ်တွင်လည်း အလားတူဘက်စုံ၊ ကဏ္ဍစုံပါဝင်သည့် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများကို ပုံမှန်ကျင်းပနိုင်ကြပါစေရန်လည်း ဆန္ဒပြုပြောကြားလိုပါကြောင်း၊ ယခုနှီးနှောဖလှယ်ပွဲကြီးတွင် ဆေးကုသမှုဆိုင်ရာ၊ ခွဲစိတ်ကုသမှုဆိုင်ရာ၊ သားဖွားမီးယပ်နှင့် ကလေးရောဂါများ ကုသမှုဆိုင်ရာ၊ အရိုး၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါများနှင့်ပတ်သက်သည့် ကုသမှုများ၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာများ၊ ကျန်းမာရေးပညာရှင်များအကြား ယှဉ်တွဲလေ့လာသင်ယူမှုနှင့် လက်တွေ့ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများကို ပြည်တွင်း/ပြည်ပမှ ပညာရှင်ဆရာဝန်ကြီးများက မိမိတို့သက်ဆိုင်ရာ နယ်ပယ်အလိုက် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတင်ပြပြီး တက်ရောက်လာသည့် ဆေးပညာရှင်များကလည်း သိလိုသည်များကို အပြန်အလှန်ဆွေးနွေးမေးမြန်းသွားကြမည် ဖြစ်သည့်အတွက် တက်ရောက်လာသူများအားလုံး အသိပညာဗဟုသုတများ များစွာတိုးပွားစေမည့်အပြင် မိမိတို့သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်များတွင်လည်း ယခုနှီးနှောဖလှယ်ပွဲကြီးမှရရှိသည့် အတွေ့အကြုံဗဟုသုတကောင်းများကို ကောင်းစွာအသုံးချဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ပြည်သူများအနေဖြင့်လည်း ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးနေသည့် အဆင့်မြင့်ကုသရေးလုပ်ငန်းများ၊ ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုများ၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် မွေးထုတ်နေမှုများ၊ အဆင့်မြင့်ဆေးသုတေသနဆိုင်ရာ စွမ်းဆောင်မှုများ၊ တိုင်းရင်းဆေးကဏ္ဍဖွံ့ဖြိုးရေး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုကဏ္ဍများ မြှင့်တင်ဆောင်ရွက်နေမှုများစသည့် ပြည်သူလူထုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေမှုများကို သိရှိလာစေမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပြည်သူများ၏ မျှော်မှန်းသက်တမ်း မြင့်မားလာပြီး ပြည်သူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်ငွေကြေးမှ စိုက်ထုတ်သုံးစွဲရသည့် ကုန်ကျစရိတ်များ သက်သက်သာသာဖြင့် အားလုံးလက်လှမ်းမီသည့် အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ရပ် ဖြစ်ပေါ်လာစေရေး ဆောင်ရွက်နေမှုများကို ပိုမိုပြီးသတိပြုသိရှိစေမည်ဖြစ်ပါကြောင်း။

### အကြိုလှုပ်ရှားမှုများ

ထိုသို့သိရှိနိုင်စေရေးအတွက် နှီးနှောဖလှယ်ပွဲကြီး၏ အကြိုလှုပ်ရှားမှုများအဖြစ် ပြည်သူ့အကျိုးပြုလုပ်ငန်းများဖြစ်သော မျက်စိရောဂါများကို ခွဲစိတ်ကုသပေးခြင်း၊ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲနေသူများကို ခွဲစိတ်ကုသပေးခြင်း၊ ကျောင်းသား ကျောင်းသူများကို မျက်စိရောဂါနှင့် မျက်မှန်တပ်ဆင်ရန်လိုအပ်မှု ရှိ၊ မရှိ အမြင်အာရုံစမ်းသပ် စစ်ဆေးပေးခြင်းများကို နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သက်ဆိုင်ရာဒေသခံပြည်သူများ၏ ကျန်းမာရေးအတွက် ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ခဲ့သည်ကိုလည်း အသိအမှတ်ပြုပြောကြားလိုပါကြောင်း။

ယနေ့ကျင်းပသည့် ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကြီးမှရရှိသည့် ပညာရပ်ဆိုင်ရာအတွေ့အကြုံ၊ ဗဟုသုတများ၊ နည်းပညာသစ်များကို သေချာစွာဆန်းစစ်လေ့လာပြီး မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းကို တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်မြင့်မားလာစေရန်အတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

**“ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်”** ဆိုသည့်အတိုင်း ကျန်းမာရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် နှီးနွှယ်ဆက်စပ်ဝန်ကြီးဌာနများတွင်ရှိသည့် ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာပညာရှင်များ၊ ပုဂ္ဂလိကကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများမှ ကျန်းမာရေးပညာရှင်များစသည့် ကျန်းမာရေးကဏ္ဍဆိုင်ရာပညာရှင်အားလုံး အတူတကွပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ကျန်းမာရေးကဏ္ဍကို မြှင့်တင်ပေးကြရန်မှာကြားလိုပါကြောင်း၊ တိုင်းရင်းသားပြည်သူအပေါင်း၏ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းတိုးတက်မြင့်မားလာစေရေး၊ ပြည်သူများ၏ မျှော်မှန်းလူ့သက်တမ်းမြင့်မားလာပြီး လူတိုင်းသက်တမ်းစေ့နေနိုင်ရေး၊ လူတိုင်းရောဂါဘယကင်းရှင်းစေရေး စသည့်ရည်မှန်းချက်များပြည့်မီစေရန်နှင့် ပြည်သူများ၏ ကိုယ်ပိုင်ငွေကြေးထဲမှ စိုက်ထုတ်သုံးစွဲရသည့် ကုန်ကျမှုသက်သာစေပြီး အားလုံးလက်လှမ်းမီအရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ရပ် ဖြစ်ပေါ်လာစေရေးတို့အတွက် စိတ်ကောင်းစေတနာ၊ မွန်မြတ်စိတ်ထားမေတ္တာတရားအပြည့်ဖြင့် ဝိုင်းဝန်းကြိုးပမ်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း ပြောကြားသည်။

### စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်မှတ်တမ်း (Documentary Video Clip)ကို ပြသသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျန်းမာရေးနယ်ပယ်အသီးသီးမှပညာရှင်များ၊ အထူးဖိတ်ကြားထားသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဆေးပညာရပ်ဆိုင်ရာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘာသာရပ် Society အစုံပါဝင်သည့် ပြခန်းများနှင့် ဆေးနှင့်ဆေးပစ္စည်း၊ ခေတ်မီစက်ကိရိယာများနှင့် ဆေးဝါးများ၊ ကျန်းမာရေးပညာပေးအစီအစဉ်များ၊ ခေတ်မီသင်ထောက်ကူပစ္စည်းများ၊ စာအုပ်စာစောင်များ၊ သက်ဆိုင်ရာဦးစီးဌာနများ၏ စွမ်းဆောင်နိုင်ခဲ့မှု မှတ်တမ်းဓာတ်ပုံများ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှု မှတ်တမ်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များ အကြံပြုပြောကြားခဲ့သည်။

ယခုနှီးနှောဖလှယ်ပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန၌ တာဝန်ထမ်းဆောင်လျက်ရှိသော ကျန်းမာရေးနှင့်သက်ဆိုင်သည့် နယ်ပယ်အသီးသီးမှ ဆေးနှင့်ဆေးနှီးနွှယ်ပညာရှင်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးအောက်ရှိ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှ ဆေးပညာရှင်များ၊ အငြိမ်းစားကျန်းမာရေးပညာရှင်များ၊ အငြိမ်းစားတပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၊ ပြင်ပဆရာဝန်များသာမက အာရှနှင့် အရှေ့တောင်အာရှ ဒေသတွင်းမှ ဆေးပညာရှင်များ တက်ရောက်ဟောပြောဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ၂၀၂၃ ကျင်းပ

**နေပြည်တော် မတ် ၁၁**

မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ၂၀၂၃ ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည်။

### တက်ရောက်

အဆိုပါ နှီးနှောဖလှယ်ပွဲသို့ မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ နယ်ပယ်အသီးသီးမှ ဆေးနှင့်ဆေးနှီးနွှယ်ပညာရှင်များ၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးအောက်ရှိ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှ ဆေးပညာရှင်များ၊ အငြိမ်းစားကျန်းမာရေးပညာရှင်များ၊ အငြိမ်းစားတပ်မတော်ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များ၊ ပြင်ပဆရာဝန်များနှင့် အာရှနှင့် အရှေ့တောင်အာရှဒေသတွင်းမှ ဆေးပညာရှင်များ တက်ရောက်ဆွေးနွေးကြသည်။

ယနေ့ နှီးနှောဖလှယ်ပွဲတွင် မြန်မာနိုင်ငံ၌ မျိုးရိုးဗီဇဆိုင်ရာ ဆေးပညာကို လက်ရှိနှင့် အနာဂတ်အသုံးချမှုများ၊ အရည်အသွေးရှေးရှု ကျန်းမာရေးစောင့်ရှောက်မှု၊ နာတာရှည် ကျောက်ကပ်ရောဂါ ကုသမှုအတွက် ဗီတာမင်ဒီ၏




အခန်းကဏ္ဍ၊ သွေးတိုးရောဂါအတွက် ပြောင်းလဲကျင့်သုံးရမည့် လူနေမှုပုံစံသစ်၊ အစာအိမ်ကင်ဆာ၊ အူကျရောဂါနှင့် သွေးဆိပ်တက်ခြင်းရောဂါများ နောက်ဆုံးပေါ် ခေတ်မီကုသမှု နည်းလမ်းများ၊ ဦးနှောက်အာရုံကြော ခွဲစိတ်ရောဂါများ နောက်ဆုံးပေါ် ခေတ်မီကုသမှု နည်းလမ်းများ၊ အူမကြီးကင်ဆာကုသမှု နောက်ဆုံးပေါ် ခေတ်မီကုသမှု နည်းလမ်းများ၊ Updates on Prevention of Cervical Cancer ကိုယ်တွင်းကြည့် မှန်ပြောင်းဖြင့် ခွဲစိတ်မှု နောက်ဆုံးပေါ် ခေတ်မီကုသမှု နည်းလမ်းများ၊ လုံခြုံစိတ်ချရစေရန်၊ မေ့ဆေးပေးစဉ် အချိန်တိုင်းမှာ သွေးရောဂါဖြစ်ပွားနေသော လူနာများ၏ ဖြစ်စဉ်ကို တင်ပြခြင်း၊ Challenges in Diagnosis of Lymphoma ၊ အရည်အသွေး ရှေးရှု နှလုံးကုသမှု၊ နံနက်စာမစားမီ ဆီးချိုသွေးချိုကို အင်ဆူလင်ဖြင့် ထိန်းညှိခြင်း၊ အရိုးပါး အရိုးပွရောဂါ မမေ့လျော့သင့်ပါ၊ အသည်း၊ သည်းခြေလမ်းကြောင်းနှင့် ပန်ကရိယဆိုင်ရာ ရောဂါများ၏ နောက်ဆုံးပေါ် ကုသနည်းများ၊ နာကျင်မှုဝေဒနာအား စုပေါင်းကုသခြင်း၊ နှလုံးသွေးကြောကျဉ်းရောဂါအတွက် ရေရှည်ကုထုံးများ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ စံပြုကုထုံး စသည့်ခေါင်းစဉ်များဖြင့် ပြည်တွင်းပြည်ပ ဆေးပညာရှင်များက ဆွေးနွေးဟောပြောကြပြီး တက်ရာက်လာကြသူများ၏ မေးမြန်းဆွေးနွေးမှုများကို ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ၂၀၂၃ ကို မတ် ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း MIAC (မရမ်းကုန်းခရိုင်) ဆိုင်းဘုတ်တင်ပွဲ ကျင်းပ

**ရန်ကုန် မတ် ၁၁**

မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း MIAC (Incorporated)၏ မရမ်းကုန်းခရိုင် ဆိုင်းဘုတ်တင်ပွဲနှင့် ရုံးခန်းဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မရမ်းကုန်းမြို့နယ် အမှတ် (၉) ရပ်ကွက် ရေကူးရွာမလမ်းအမှတ် (၂၈၂/၈) မြေညီထပ်၌ ကျင်းပသည်။

အခမ်းအနားတွင် MIAC ဗဟိုဥက္ကဋ္ဌ ဦးအဲလ်ဘတ်ဇော်မင်းက အဖွင့်အမှာစကားပြောကြားပြီး MIAC စည်းရုံးရေးမှူး ဦးခင်ဇော်(မရမ်းကုန်း)က ကျေးဇူးတင်စကားပြောကြားကာ MIAC (မရမ်းကုန်းခရိုင်) အသင်း ဆိုင်းဘုတ်ကို MIAC တည်ထောင်သူ ဦးအဲလ်ဘတ်ဇော်မင်း၊ ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ ဦးရဲညွန့်၊ MIAC စည်းရုံးရေးမှူး ဦးခင်ဇော် (မရမ်းကုန်း)၊ MIAC မရမ်းကုန်းခရိုင် ဥက္ကဋ္ဌ ဒေါ်မျိုးသူဇာနှင်းနှင့် အလုပ်အမှုဆောင်များ၊ တာဝန်ရှိသူများက နံ့သာရည်များဖြင့် ပက်ဖျန်းဖွင့်လှစ်ပေးသည်။

ခရိုင်အဆင့် ကြားဝင်စေ့စပ်ဖြေရှင်းခြင်းနှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်းလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် မရမ်းကုန်းခရိုင်ကို အမှုဆောင် ကိုးဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

၀၃၁

◯ ကျောဖုံးမှ

နယ်ပယ်အသီးသီးမှ ဆေးနှင့် ဆေးနီးနွယ်ပညာရှင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဂုဏ်ပြုညစာ အတူတကွသုံးဆောင်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာ အတူတကွ သုံးဆောင်သည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ဖျော်ဖြေပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ကပြဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




မြန်မာနိုင်ငံကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ၂၀၂၃ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲတွင် အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ကပြဖျော်ဖြေကြစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကပြဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်စဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် ပုဂံဒေသ ဟိုတယ်နှင့် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မတ် ၁၁**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်သည် ယမန်နေ့ နံနက်ပိုင်းတွင်ပုဂံမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များကို Aureum Palace Hotel and Resort ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပုဂံဒေသသို့ ပြည်တွင်းခရီးသည်ဝင်ရောက်မှုသည် ယခင်အများဆုံးဝင်ရောက်ခဲ့သည့် ကာလများထက် ကျော်လွန်သွားပြီဖြစ်သော်လည်း ပြည်ပခရီးသည်ဝင်ရောက်မှုမှာ နည်းပါးလျက်ရှိသဖြင့် ပိုမိုတိုးတက်ဝင်ရောက်လာအောင် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ခရီးသည်ဝင်ရောက်မှု တိုးတက်လာသည်နှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသာမက အခြားဆက်စပ်လုပ်ငန်းများပါ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း၊ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ရမည် ဖြစ်ကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် စည်းမျဉ်းစည်းကမ်း ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံတော်၏ အကျိုး၊ ပြည်သူလူထု၏ အကျိုး၊ လုပ်ငန်းရှင်များ၏ အကျိုးကို ထိခိုက်နစ်နာမှုမရှိအောင် ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များနှင့် ဒေသခံများအားလုံး ပူးပေါင်းဆောင်ရွက်မှသာ ပိုမိုတိုးတက်အောင်မြင်သော ခရီးသွားလုပ်ငန်းဖြစ်လာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။




ထို့နောက် တက်ရောက်လာကြသည့် ဟိုတယ်နှင့် ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများက တွေ့ကြုံရသည့် အခက်အခဲများနှင့် လုပ်ငန်းဆောင်ရွက်မှုကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးကာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဟိုတယ်နှင့် ခရီးသွားကဏ္ဍ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ Heritage Bagan Hotel ၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် ထိုင်းဘာသာစကားပြောသင်တန်း သင်ကြားပို့ချနေမှုကို သွားရောက်ကြည့်ရှုခဲ့ပြီး ပုဂံလေဆိပ်သို့ သွားရောက်ကာ လေဆိပ်အတွင်း ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များအား ခရီးစဉ်ဒေသဆိုင်ရာ အချက်အလက်များကို အဆင်ပြေလွယ်ကူချောမွေ့စွာ သိရှိနိုင်ရန်ရည်ရွယ်၍ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားသည့် သတင်းပြန်ကြားရေးကောင်တာသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Bagan Information and Training Center(BITC)သို့ သွားရောက်ကာ သတင်းပြန်ကြားရေးကောင်တာ ဖွင့်လှစ်ထားရှိမှုကို ကြည့်ရှုပြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုဂံရုံးခွဲမှ ဝန်ထမ်းများကို တွေ့ဆုံပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့ထွက်ကုန်မြေထောက်ပဲများ အိမ်နီးချင်းနိုင်ငံများ၏ အပြိုင်ဝယ်ယူမှုကြောင့် မန္တလေးဈေးကွက်အတွင်း ဈေးကောင်းရရှိ

**မန္တလေး မတ် ၁၁**

မန္တလေးပွဲဈေးကွက်အတွင်း မြန်မာ့ထွက်ကုန် မြေထောက်ပဲများ လှိုင်လှိုင်ဝင်ရောက်လာပြီး အိမ်နီးချင်းနိုင်ငံများ၏ အပြိုင်ဝယ်ယူ



နေမှုများကြောင့် အရောင်းအဝယ်များသွက်ကာ ဈေးကောင်းရရှိနေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

**ဈေးကောင်းရရှိနေ**

အဆိုပါ မြေထောက်ပဲကို လက်ရှိအချိန်တွင် မန္တလေးဈေးကွက်အတွင်းသို့ ဗန်းမော်၊ ကသာ၊ ထီးချိုင့်၊ ကလေး၊ ကလေးဝ စသည့် ဒေသတို့မှ လှိုင်လှိုင်ဝင်ရောက်လာကြောင်း၊ ပြီးခဲ့သည့်နှစ် ကာလတူက မြေထောက်ပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀၀ ဈေးဖြင့် အဖွင့်ဈေးစခဲ့သော်လည်း၊ ယခုနှစ်တွင် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀ နှုန်းအထိ တစ်ဆခန့်မြင့်တက်ကာ ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

“ဈေးကွက်အတွင်းမှာ မြေထောက်ပဲတွေ လှိုင်လှိုင်ဝင်ရောက်နေပြီး အရောင်းအဝယ်တွေကောင်းနေပါတယ်။ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ တရုတ်နဲ့ အိန္ဒိယနိုင်ငံတွေက အပြိုင်ဝယ်ယူနေတာကြောင့် ဈေးနှုန်းတွေ မြင့်တက်နေတာပါ။ ဒီနှစ်က အထွက်နှုန်းကောင်းသလောက် ဈေးနှုန်းလည်း ကောင်းပါတယ်။ မြေထောက်ပဲကို မန္တလေးဈေးကွက်ထဲမှာတင် မဟုတ်ဘဲနဲ့ တရုတ်ဝယ်လက်တွေက ဗန်းမော်၊ ကသာထိ ဆင်းပြီး ဝယ်ယူနေတာ တွေ့ရပါတယ်။ ဈေးကွက်ထဲမှာ လက်ကျန်မရှိ ပစ္စည်းပြတ်လပ်တဲ့အထိ အရောင်းအဝယ်ကောင်းမွန်နေပါတယ်။ နှစ်စဉ် မြေထောက်ပဲကို ဥရောပနိုင်ငံ၊ အရှေ့အလယ်ပိုင်းနိုင်ငံတွေကနေ ဝယ်ယူမှုတွေကို တွေ့ရပါတယ်။ ဝယ်ယူတဲ့ဖောက်သည်တွေလည်း တစ်နှစ်ထက်တစ်နှစ် များပြားလာတဲ့အတွက် ဈေးကလဲ ကောင်းနေပါတယ်”ဟု ၎င်းက ပြောသည်။

အဆိုပါ မြေထောက်ပဲကို ဆောင်းသီးနှံအဖြစ် တစ်နှစ်လျှင် တစ်ရာသီသာ စိုက်ပျိုး၍ရကြောင်း၊ ယင်းသီးနှံသည် ပူပြင်းသည့်ရာသီနှင့် မိုးများသောရာသီများကို ကြံ့ကြံ့ခံနိုင်ခြင်းမရှိ၍ နေရာဒေသမရွေး စိုက်ပျိုး၍မရနိုင်ကြောင်း၊ ထိုသီးနှံကို ဧရာဝတီမြစ်ဝှမ်းတစ်လျှောက်ရှိ ထီးချိုင့်၊ ကသာ၊ ဗန်းမော်၊ ရွှေကူနယ်များနှင့် ချင်းတွင်းမြစ်ဝှမ်းတစ်လျှောက်ရှိ ကလေး၊ ကလေးဝ၊ ဂန့်ဂေါဒေသများတွင်သာ စိုက်ပျိုးဖြစ်ထွန်းကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲသို့ တက်ရောက်၊ "ပြည်ချစ်သားမွန် တေးသဝဏ်" တေးဂီတဖျော်ဖြေပွဲ ပွဲစဉ်(၃) ကြည့်ရှုအားပေး

ရန်ကုန် မတ် ၁၁

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ Hotel Yangon ၌ စာရေးဆရာ မြင်းခြံကျော်အောင်(ခ)သန်းထက်စံ၏ "ဘဝဇာတ်ခုံဖြစ်ရပ်စုံ" စာအုပ်များ ပြန်ကြားရေးဝန်ကြီးဌာနသို့ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အလင်္ကာကျော်စွာ စည်သူ တက္ကသိုလ်မြတ်သူနှင့် စာပေပညာရှင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်နှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယနေ့လှူဒါန်းပေးသည့် "ဘဝဇာတ်ခုံ ဖြစ်ရပ်စုံ" စာအုပ်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်နှင့် မြို့ရုံးများတွင် ဖွင့်လှစ်ထားသော ပြည်သူ့စာကြည့်တိုက်များသို့ပေးပို့ပြီး စာကြည့်တိုက်လုပ်ငန်း စီမံခန့်ခွဲရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျမှတ်ပုံတင်၍ ပြည်သူများ အလွယ်တကူ ဖတ်ရှုနိုင်စေရေး စင်တင်ပေးခြင်းနှင့် အခမဲ့ငှားရမ်းပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် အခြေခံပညာကျောင်းများနှင့် ရပ်ကွက်/ ကျေးရွာများသို့ သွားရောက်၍လည်း ငှားရမ်းပေးသွားမည်ဖြစ်ပါကြောင်း။

လူမျိုးတစ်မျိုး၏ အခြေအနေ၊ အဆင့်အတန်းကို သိရှိလိုပါက ထိုလူမျိုးများ လေ့လာလိုက်စားသည့် စာပေ၊ အနုပညာ၊ ဂီတများကိုကြည့်လျှင် သိရှိနိုင်မည်ဖြစ်ပါကြောင်း၊ စာပေထွန်းကားမှသာ ကမ္ဘာတွင် ယဉ်ကျေးသိမ်မွေ့ပြီး အသိအမြင်၊ ဗဟုသုတ ပြည့်စုံသည့် လူမျိုး၊ ယဉ်ကျေးသိမ်မွေ့ပြီး အသိအမြင်၊ ဗဟုသုတပြည့်စုံသည့် လူ့ပတ်ဝန်းကျင်နှင့် ယဉ်ကျေးသိမ်မွေ့ပြီး အသိအမြင်၊ ဗဟုသုတပြည့်စုံသည့် နိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်သည့် ပညာရှင်များ ပေါ်ထွက်လာမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ဖွံ့ဖြိုးတိုးတက်သည့် လူမျိုး၊ ဖွံ့ဖြိုးတိုးတက်သည့် လူ့ပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်လာစေရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်လာစေရေး အတွက် ပြည်သူတိုင်းစာဖတ်ကြပြီး စာဖတ်ခြင်းဖြင့် မိမိဘဝ၊ မိသားစုဘဝ၊ မိမိပတ်ဝန်းကျင်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ထို့နောက် အလှူရှင် စာရေးဆရာ မြင်းခြံကျော်အောင်(ခ) သန်းထက်စံက လှူဒါန်းရသည့် ရည်ရွယ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းထံ မြင်းခြံကျော်အောင်(ခ)သန်းထက်စံက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ပြည်သူ့စာကြည့်တိုက် ၄၁၀ အတွက် စာအုပ် ၄၁၀ ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် အလင်္ကာကျော်စွာ စည်သူ တက္ကသိုလ်မြတ်သူက လှူဒါန်းပွဲနှင့် ပတ်သက်၍ မုဒိတာစကားပြောကြားသည်။

ယမန်နေ့ ညနေပိုင်းက ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် (၇၈) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရိုက်ကူးထုတ်လွှင့်နေသည့် "ပြည်ချစ်သားမွန် တေးသဝဏ်" တေးဂီတဖျော်ဖြေပွဲ ပွဲစဉ်(၃)၏ MRTV–HD မှ တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်နေမှုကို ကြည့်ရှုအားပေးသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် တေးဂီတဖျော်ဖြေပွဲသို့ တက်ရောက်လာကြသော ရုပ်ရှင်၊ ဂီတ၊ သဘင်မှ အနုပညာရှင်များ၊ သီဆိုဖျော်ဖြေကြသည့် တေးသံရှင်များနှင့် ကြည့်ရှုအားပေးကြသည့် ဧည့်သည်တော်များကို ရင်းနှီးစွာနှုတ်ဆက်သည်။

(၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရိုက်ကူးထုတ်လွှင့်သည့် "ပြည်ချစ်သားမွန် တေးသဝဏ်" တေးဂီတဖျော်ဖြေပွဲ ပွဲစဉ်(၃)ကို ဇာတိမာန်သီချင်းတီးလုံးဖြင့် ဖွင့်လှစ်ပြီး မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ တေးသံရှင် သန်းမြတ်စိုး၊ သီရိစံ၊ မေထူးကျော်၊ မြတ်ဆုချယ်၊ ကောင်းဆက်၊ သွန်း၊ စောထက်နေယံ၊ ထွန်းပပအောင်၊ အိအိလှိုင်၊ အင်ကြင်းနိုင်ဦး၊ ကောင်းဆက်နှင့် သွန်းတို့က ဇာနည်စစ်သည်၊ ဂုဏ်ယူနေကာချစ်နေမယ်၊ ကိုကိုစစ်သားကျွန်မချစ်သူ၊ စစ်သည်မောင့်အတွက် ချစ်တေးလက်ဆောင်၊ သူရဲကောင်းတို့နှလုံးသား၊ ရတုအဆက်ဆက်သစ္စာတည်၊ တောင်ပြာတန်းက ပန်းလက်ဆောင်၊ ကောင်းကင်ယံက မြန်မာစစ်သည်၊ သီချင်းဆိုလို့အလွမ်းဖြေမယ်၊ အကြိုတော်နှင့် ချစ်သောတပ်မတော် တေးသီချင်းတို့ဖြင့် MRTV–HD မှ တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်ခဲ့သည်။

အဆိုပါ အစီအစဉ်နှင့်အတူ ပြည်သူများအပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်စေရန် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေး အစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Live Show အစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိသည့်အပြင် နိုင်ငံတော်၏ နေ့ကြီးရက်ကြီးများတွင်လည်း အခြေအနေအချိန်အခါနှင့် ကိုက်ညီသင့်လျော်သည့် ဂုဏ်ပြုအစီအစဉ်များကိုလည်း တင်ဆက်လျက်ရှိသည်။

(၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့ညနေပိုင်းတွင် ရိုက်ကူးတင်ဆက်ခဲ့သော "ပြည်ချစ်သားမွန် တေးသဝဏ်" တေးဂီတဖျော်ဖြေပွဲ ပွဲစဉ်(၃)၏ ဖျော်ဖြေတင်ဆက်မှုကို မတ် ၁၀ ရက် ည ၉ နာရီတွင် MRTV–HD Channel မှ ထုတ်လွှင့်ပြသခဲ့ပြီး မတ် ၁၂ ရက် နံနက် ၁၀ နာရီခွဲတွင် ပြန်လည်ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရိုက်ကူးထုတ်လွှင့်နေသည့် "ပြည်ချစ်သားမွန် တေးသဝဏ်" တေးဂီတဖျော်ဖြေပွဲ ပွဲစဉ်(၃) တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်နေမှုကို ကြည့်ရှုအားပေးစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦးနှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့ မအူပင်မြို့နယ်ရှိ မအူပင်ရေနံနှင့် သဘာဝဓာတ်ငွေ့မြေအား ကြည့်ရှု

နေပြည်တော် မတ် ၁၁

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦးနှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းတို့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်ရှိ မအူပင်ရေနံနှင့် သဘာဝဓာတ်ငွေ့မြေကို သွားရောက်စစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးချုပ်တို့သည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ မအူပင်ရေနံနှင့်သဘာဝဓာတ်ငွေ့မြေသို့ရောက်ရှိရာ ရှင်းလင်းဆောင်တွင် ရေနံမြေအထွေထွေမန်နေဂျာက လုပ်ငန်းဆောင်ရွက်မှု၊ တွင်းအမှတ်(၂၀) တူးဖော်စမ်းသပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရသည့်အခြေအနေများ၊ သဘာဝဓာတ်ငွေ့ခိုအောင်းနေသော သဲကြောအတွင်း သဘာဝဓာတ်ငွေ့နှင့်လေဆီများ ထုတ်လုပ်ပေးနိုင်မည့် ခန့်မှန်းပမာဏနှင့် တွင်းအမှတ်(၉)မှလည်း သဘာဝဓာတ်ငွေ့နှင့် လေဆီများ ထုတ်လုပ်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တာဝန်ရှိသူများက ညောင်တုန်း–သာပေါင်းသဘာဝဓာတ်ငွေ့ပိုက်လိုင်း၏ ကန်ကြီးထောင့်–သာပေါင်းအပိုင်း ပြုပြင်ဆောင်ရွက်မှုကို လည်းကောင်း၊ မအူပင်ရေနံမြေတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်နိုင်မည့် အလားအလာများကို လည်းကောင်း၊ ဘုရားကုန်းဒေသတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေခြင်းလုပ်ငန်းဆောင်ရွက်မည့် စီမံချက်ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။



တင်ပြမှုများကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးမည့်ကိစ္စများကို ဆွေးနွေးမှာကြားပြီး ပြည်ထောင်စုဝန်ကြီးက သာပေါင်းစက္ကူစက်ရုံ ပြန်လည်လည်ပတ်နိုင်ရေးအတွက် လိုအပ်သောသဘာဝဓာတ်ငွေ့ကို စွမ်းအင်ဝန်ကြီးဌာနမှ ဖြည့်ဆည်းပေးနိုင်ရေးကိစ္စများ၊ ယခုမအူပင်တွင်းအမှတ်(၉) နှင့် (၂၀) တို့ကို သဲကြောတိုးချဲ့သေနတ်ဖောက်ခြင်းကြောင့် ထွက်ရှိလာသည့် သဘာဝဓာတ်ငွေ့ များကို သာပေါင်းစက္ကူစက်ရုံသို့ ဖြန့်ဖြူးပေးရန်ကိစ္စများ၊ သဘာဝဓာတ်ငွေ့ပိုက်လိုင်းအစားထိုးပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းကို သတ်မှတ်အချိန်အတွင်းပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ရန်ကိစ္စများကိုလည်းကောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် မအူပင်တွင်းအမှတ်(၂၀) မှထွက်ရှိသော သဘာဝဓာတ်ငွေ့များ မီးရှို့စမ်းသပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သဘာဝဓာတ်ငွေ့တွင်းအား အောင်မြင်စွာတူးဖော်ထုတ်လုပ်ခဲ့သော ဝန်ထမ်းများကို ဂုဏ်ပြုသစ်သီးခြင်းနှင့် အင်အားပြည့်အစားအစာများ ပေးအပ်သည်။

အဆိုပါ ညောင်တုန်း–မအူပင်ရေနံနှင့်သဘာဝဓာတ်ငွေ့မြေသည် ထုတ်လုပ်ရေးတွင်းပေါင်း ၁၇ တွင်းမှ တစ်နေ့လျှင် လေဆီ စည် ၅၀ ခန့်နှင့် သဘာဝဓာတ်ငွေ့ ၂၂ သန်းကျော်ခန့် ထုတ်လုပ်ပေးလျက်ရှိပြီး ဓာတ်မြေသြဇာစက်ရုံများ၊ ရေနံဓာတ်ငွေ့ရည်စက်ရုံများ၊ CNG ဓာတ်ငွေ့သုံး မော်တော်ယာဉ်များအတွက် အရောင်းဆိုင်များသို့ သဘာဝဓာတ်ငွေ့များ ဖြန့်ဖြူးပေးနေသည့်အပြင် သာပေါင်းစက္ကူစက်ရုံ ပြန်လည်လည်ပတ်နိုင်ရေးအတွက် လိုအပ်သောသဘာဝဓာတ်ငွေ့များ ဖြန့်ဖြူးပေးနိုင်ရေးအတွက်လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မိမိတို့ အင်ဂျင်နီယာများသည် ဆန်းသစ်တီထွင်မှုဖြင့် ပိုမိုကြံ့ကြံ့ခံနိုင်သည့်ကမ္ဘာကိုတည်ဆောက်ရုံသာမက ပိုမိုကောင်းမွန်သော ကမ္ဘာကြီးကို ဖန်တီးနိုင်မည်ဟု ယုံကြည်

နေပြည်တော် မတ် ၁၁

World Engineering Day 2023 အထိမ်းအမှတ်အဖြစ် AAET Distinguished Lecture for the Commemoration of World Engineering Day 2023 အခမ်းအနားအား AAET အဖွဲ့ကြီး၏ ခွင့်ပြုချက်ဖြင့် AAET Country Operation Unit Of Myanmar မှ ယနေ့ နံနက် ၉ နာရီတွင် မြန်မာနိုင်ငံအင်ဂျင်နီယာ ကောင်စီရုံး၌ Online Zoom Meeting ဖြင့် ကျင်းပသည်။






အခမ်းအနားတွင် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နာယက စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက အဖွင့်မိန့်ခွန်း ပြောကြားရာတွင် ကမ္ဘာ့အင်ဂျင်နီယာအသင်းချုပ် (WFEO)က စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် ရည်ရွယ်၍ မတ် ၄ ရက်ကို ကမ္ဘာ့အင်ဂျင်နီယာနေ့အဖြစ် သတ်မှတ်ကြေညာပေးရန် အဆိုပြုခဲ့ကြောင်း၊ အင်ဂျင်နီယာများနှင့် အင်ဂျင်နီယာပညာရပ်၏ပုံရိပ်ကို မြှင့်တင်ရန်အတွက် ၂၀၁၉ ခုနှစ်တွင် UNESCO က WFEO မှ အဆိုပြုခဲ့သည့် အတိုင်း မတ် ၄ ရက်ကို ကမ္ဘာ့အင်ဂျင်နီယာနေ့အဖြစ် ကြေညာပေးခဲ့ကြောင်း၊ ယခုနှစ် ကမ္ဘာ့အင်ဂျင်နီယာနေ့၏ ဆောင်ပုဒ်မှာ **"အင်ဂျင်နီယာ ပညာရပ်ဆိုင်ရာ ဆန်းသစ်တီထွင်မှုဖြင့် ကြံ့ကြံ့ခိုင်နိုင်သည့် ကမ္ဘာကို တည်ဆောက်စို့"** ဖြစ်ပြီး စတုတ္ထအကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း၊ AAET အနေဖြင့်လည်း ကမ္ဘာ့အင်ဂျင်နီယာနေ့ကို အထူးအလေးထားကာ ပိုမိုတောင့်တင်းခိုင်မာသည့် အာဆီယံကမ္ဘာဖြစ်လာစေရန် အတွက် အင်ဂျင်နီယာဆိုင်ရာ ဆန်းသစ်တီထွင်မှုများကို မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ဟောပြောပွဲကို ကျင်းပပေးခဲ့ခြင်းဖြစ်ကြောင်း၊ နေပြည်တော်ရှိ ကမ္ဘာ့အမြင့်ဆုံး ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော် တည်ဆောက်မှုကိုမြန်မာအင်ဂျင်နီယာများ၏ ဆန်းသစ်တီထွင်မှုဆိုင်ရာ အောင်မြင်မှုအဖြစ် ယခုအခမ်းအနားတွင် ထည့်သွင်းတင်ပြလိုကြောင်း၊ တည်ထားပြီးစီးပါက ဗုဒ္ဓရုပ်ပွားတော်သည် ပလ္လင်တော်အပါအဝင် အမြင့် ၈၁ ပေရှိပြီး အလေးချိန် ၅၂၈၂ တန်ရှိမည်ဖြစ်ကြောင်း။

**အဆင့်ဆင့်ဆောင်ရွက်**

ထုထည်နှင့်အလေးချိန် ကြီးမားလှသည့်အတွက် ကျောက်တုံးများကို ဆင်းတုတော်အတွက် အပိုင်းလေးပိုင်းနှင့် ပလ္လင်တော်အတွက် အပိုင်းငါးပိုင်း စုစုပေါင်း အပိုင်းကိုးပိုင်းခွဲထုတ်ရန် ဆုံးဖြတ်ခဲ့ကြကြောင်း၊ စကျင်ကျောက်အပိုင်းကြီးများ သယ်ယူပင့်ဆောင်ခြင်းကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လတွင် စတင်ဆောင်ရွက်ခဲ့ပြီး စကျင်ကျောက်အပိုင်းကြီးများ နေပြည်တော်သို့ သယ်ယူပင့်ဆောင်ခြင်းကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ကြရကြောင်း။

ရုပ်ပွားတော် မြတ်ကြီးအား ရာသီဥတုဒဏ်နှင့် အခြားသဘာဝဘေးဒဏ်များ ခံနိုင်ရည်ရှိစေရေးအတွက် ဒီဇိုင်းရေးဆွဲထားကြောင်း၊ ရုပ်ပွားတော်ကြီး၏ ပင်မကိုယ်ထည်ကို အပိုင်းလေးပိုင်းဖြင့်ထုဆစ်ပူဇော်သွားမည်ဖြစ်ပြီး အပိုင်းတစ်ပိုင်းချင်းစီကို မြန်မာအင်ဂျင်နီယာများကိုယ်တိုင် တီထွင်ဒီဇိုင်းရေးဆွဲထားသည့် CNC Machine များ၊ ခေတ်မီစက်ကိရိယာများဖြင့် ပုံဖော်ထုဆစ်မှုများ ဆောင်ရွက်ခဲ့ကြကြောင်း။

ဆင်းတုတော်ပင့်ဆောင်ရာတွင် ထုဆစ်ပြီး ကျောက်သားများ ထိခိုက်မှုမရှိစေရန် သံမဏိပန်းတောင်း တည်ဆောက်ခြင်းတို့မှာ အချိန်အားဖြင့် ခုနစ်လကြာပြီး သံထည်ပစ္စည်းတန်ချိန် ၃၈၀၀ အသုံးပြု၍ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနှင့် ပူးပေါင်းကာ တပ်မတော်သား အင်ဂျင်နီယာများက တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ယခုကဲ့သို့ ကြီးမားလေးလံသည့်ပစ္စည်းကို မ,တင်ရွှေ့ပြောင်းဖူးသည့် နည်းပညာအတွေ့အကြုံနှင့် စက်ယန္တရားများ အသုံးမပြုခဲ့ဖူးသော်လည်း ယခု မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် သက်ဆိုင်ရာလုပ်ငန်း အင်ဂျင်နီယာ အသီးသီးတို့၏ အတွေ့အကြုံများဖြင့် အားသွန်ခွန်စိုက်ကြိုးပမ်းပြီး ဒီဇိုင်းရေးဆွဲတွက်ချက်ခြင်း၊ စစ်ဆေးခြင်းတို့တွင် ခေတ်မီနည်းပညာများကို အသုံးပြုတွက်ချက်၍ တည်ဆောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်သည့် လုပ်ငန်းအား တင်ပြရခြင်းမှာ မိမိတို့ဝန်းကျင်ရှိ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဆန်းသစ်တီထွင်မှုများကို မီးမောင်းထိုးပြလိုခြင်းနှင့် အင်ဂျင်နီယာများကို ဆန်းသစ်တီထွင်မှုများ ပိုမိုလုပ်ဆောင်နိုင်ရေး တိုက်တွန်းအားပေးလိုခြင်း ဖြစ်ကြောင်း၊ ဆန်းသစ်တီထွင်မှုဟူသည် ကုန်ပစ္စည်း(သို့မဟုတ်) ဝန်ဆောင်မှု အသစ်များကို ပြုလုပ်နိုင်သည့် အတွေးအခေါ်များ (သို့မဟုတ်) ကုန်ပစ္စည်း (သို့မဟုတ်) ဝန်ဆောင်မှုများကို ပေးဆောင်ရာတွင် တိုးတက်မှုဖြစ်စေသည့် အတွေးအခေါ်များကို လက်တွေ့အကောင်အထည်ဖော်ခြင်းပင်ဖြစ်ကြောင်း။

**ရင်ဆိုင်နေကြရ**

ယနေ့ခေတ်၌ ကမ္ဘာတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ၏ နောက်ဆက်တွဲ ပြဿနာများ၊ ရာသီဥတုပြောင်းလဲမှု၊ အထွေထွေသော အကျပ်အတည်းများဖြင့် သဘာဝဘေးအန္တရာယ်များ၊ ကျန်းမာရေးပြဿနာ၊ ရွှေ့ပြောင်းနေထိုင်မှုနှင့် နိုင်ငံသား အထောက်အထားပြဿနာ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကဲ့သို့သော စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေကြရကြောင်း၊ ကံကောင်းသည်မှာ ဆန်းသစ်တီထွင်ဉာဏ်ရှိသော အင်ဂျင်နီယာများ ရှိနေခြင်းပင်ဖြစ်ကြောင်း၊ ပြဿနာများကို ဖြေရှင်းနိုင်မည့် R&D အင်ဂျင်နီယာများ၊ ကုန်ထုတ်အင်ဂျင်နီယာများ၊ လုပ်ငန်းစဉ် အင်ဂျင်နီယာများ၊ တိုင်ပင်ခံ အင်ဂျင်နီယာများ၊ လုပ်ငန်းခွင် အင်ဂျင်နီယာများ၊ အရောင်း အင်ဂျင်နီယာများနှင့် အခြားများစွာသော အင်ဂျင်နီယာများသည် အခန်းကဏ္ဍစုံတွင် ရှိနေကြကြောင်း၊ အင်ဂျင်နီယာ ပညာရပ်ဟူသည် ပြဿနာဖြေရှင်းခြင်းမျှသာမဟုတ်ဘဲ မိမိတို့ဘဝကို ပိုမိုကောင်းမွန်စေမည့် ဖြေရှင်းနည်းများကို ရှာဖွေခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့ အင်ဂျင်နီယာများသည် ၎င်းတို့၏ ဆန်းသစ်တီထွင်မှုဖြင့် ပိုမိုကြံ့ကြံ့ခံနိုင်သည့် ကမ္ဘာကို တည်ဆောက်ရုံသာမက ပိုမိုကောင်းမွန်သော ကမ္ဘာကြီးကို ဖန်တီး နိုင်မည်ကို ယုံကြည်ကြောင်း။

၂၀၂၃ ခုနှစ် ကမ္ဘာ့အင်ဂျင်နီယာနေ့ကို ဂုဏ်ပြုသောအားဖြင့် အင်ဂျင်နီယာများ စွမ်းဆောင်ခဲ့ကြသော ခမ်းနားသည့်တီထွင်မှုများနှင့် တီထွင်ဆန်းသစ်မှုများ အတွက် ဂုဏ်ပြုလိုကြောင်းနှင့် ဆက်လက်၍လည်း တီထွင်ဆန်းသစ်မှုများကို လုပ်ဆောင်ကြရန် တိုက်တွန်းအားပေးလိုကြောင်း ပြောကြားသည်။

ထို့နောက် AAET President, Prof. Dr. Ewe Hong Tat က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ဆက်လက်၍ AAET Vice President, မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ အောင်ကျော်မြတ်က Seismic Hazard and Vulnerability Assessment For Bagan/ Nyaung U Area ခေါင်းစဉ်ဖြင့် Seismicity Around Bagan/Naung-U Area, Significant Ground Shakings on Historical Monuments, Development of Seismic Hazard and Vulnerability Assessment တို့အား Distinguished Lecture အဖြစ် ဟောပြောသည်။

အခမ်းအနားသို့ AAET အဖွဲ့ကြီးမှ နိုင်ငံတကာ Professors များ၊ ပညာရှင်များ၊ ပြည်တွင်းရှိ အင်ဂျင်နီယာပညာရှင်များ၊ ဗိသုကာပညာရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။ Distinguished Lecture အား ဟောပြောမှုအပြီးတွင် တက်ရောက်လာသည့် ပညာရှင်များက သိလိုသည်များ မေးမြန်းရာ ပါမောက္ခ ဒေါက်တာ အောင်ကျော်မြတ်က ပြန်လည်ဖြေကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ နာယက ဒေါက်တာစိန်မြင့်ကိုယ်စား ပါမောက္ခ ဒေါက်တာ အောင်ကျော်မြတ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် မတ် ၁၁

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Essential Motor Co., Ltd. မှ တင်သွင်းလာသော လျှပ်စစ်သုံးမော်တော်ယာဉ် ၁၅ စီးနှင့် Grand SiriusCo.,Ltd. မှ တင်သွင်းလာသော လျှပ်စစ်သုံးမော်တော်ယာဉ် ၃၈ စီး စုစုပေါင်း လျှပ်စစ်သုံး မော်တော်ယာဉ် ၅၃ စီးသည် ယနေ့တွင် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ပြီး အဆိုပါလျှပ်စစ်သုံး မော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။ **သတင်းစဉ်**



# ရပ်စောက်မြို့နယ် ကျောက်ဆုံကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေများ စတုတ္ထအကြိမ်မြောက်ထုတ်ချေး

ရပ်စောက် မတ် ၁၁

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာမတည်ရန်ပုံငွေ (VRFP)စီမံကိန်းငွေများ စတုတ္ထအကြိမ်မြောက် ထုတ်ချေးခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျောက်စုံကျေးရွာ၌ တာဝန်ရှိသူများက ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။



ရှေးဦးစွာ ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရှေးရယ်က ကျောက်ဆုံကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းအသင်းသားအသင်းသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ စီမံကိန်း အကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက အဆိုပါကျေးရွာရှိ လုပ်ကွက်ငယ်တောင်သူများ၊စိုက်ပျိုး၊မွေးမြူထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေး လုပ်ကိုင်လျက်ရှိသော အိမ်ထောင်စုများ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန် ရည်ရွယ်၍ ရန်ပုံငွေကျပ် ၃၅၅ သိန်းအား အတိုးနှုန်းသက်သာစွာဖြင့် တောင်သူ ၇၁ ဦး၏ လက်ဝယ်အရောက် စတုတ္ထအကြိမ်မြောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး အတူတကွလက်တွဲ၍ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင်သွားနိုင်မည်

ရန်ကုန် မတ် ၁၁

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင်သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ရုံး ညော့ခန်းမ၌တွေ့ဆုံ၍ အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းလုပ်ငန်းများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများ၏ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU)များ ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး အတူတကွလက်တွဲ၍ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း၊ အထူးသဖြင့် အသိပညာပေး မြှင့်တင်ခြင်းအပိုင်းတွင် အခြေခံပညာအဆင့်မှ အထက်တန်းပညာအဆင့်ထိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် ဆရာကိုင်စာအုပ်များနှင့် ရည်ညွှန်းစာစောင်များလည်း ဖြန့်ဝေထားရှိပြီးဖြစ်ရာ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း ဆွေးနွေးရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နွေရာသီကျောင်းပိတ်ရက်လများတွင် အခြေခံနှင့် အထက်တန်းကျောင်းများသာမက ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်သင်တန်းများ ဖွင့်လှစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ ကော်မရှင်ဥက္ကဋ္ဌသည် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မင်္ဂလာခန်းမ၌ ပြုလုပ်သော ပုဂ္ဂလိကကဏ္ဍတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးခြင်း အခမ်းအနားကို တက်ရောက်သည်။

**ပူးပေါင်းဆောင်ရွက်**

ဆွေးနွေးပွဲတွင် ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင်က အဂတိလိုက်စားမှု လျော့နည်းကျဆင်းလာစေရေးအတွက် အသိပညာပေးရေးလုပ်ငန်းများနှင့် တားဆီးကာကွယ်ရေးသည် အရေးကြီးကြောင်း၊ အဂတိလိုက်စားမှုလျော့နည်းကျဆင်းစေရန် အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူလူထုတို့ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ကော်မရှင်အနေဖြင့်လည်း အဂတိလိုက်စားမှုလျော့နည်းကျဆင်းစေရေးအတွက် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးနှင့် စာရိတ္တမဏ္ဍိုင်ခိုင်မာစေရေး ပညာပေးအစီအစဉ်များကို မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများတွင် ကျယ်ကျယ်ပြန့်ပြန့် သင်ကြားစေလိုကြောင်း၊ Prevention is better than cure ဆိုသကဲ့သို့ အဂတိလိုက်စားမှုကို မဖြစ်ခင်က ကြိုတင်ကာကွယ်ရန်လိုအပ်ကြောင်း၊ ယနေ့အခမ်းအနား ဖြစ်မြောက်ရန် UMFCCI အနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးခြင်းသည် တစ်နည်းအားဖြင့် အဂတိလိုက်စားမှုကို တိုက်ဖျက်ရန် မြှင့်တင်အားပေး ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှလည်း ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးအစိုးရသည် အုပ်ချုပ်ရေးပိုင်းဆိုင်ရာများ ဆောင်ရွက်လျက်ရှိပြီး စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို အလေးထားလိုက်နာ ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းက အဂတိလိုက်စားမှုတိုက်ဖျက်ခြင်းဖြင့် ကောင်းမွန်သည့်စီးပွားရေးပတ်ဝန်းကျင်တည်ဆောက်နိုင်ပြီး ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်နိုင်မည်ဖြစ်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော စီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာရေး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်းက အဂတိလိုက်စားမှုများကိုတိုက်ဖျက်ရာတွင် တားဆီးကာကွယ်ခြင်းနှင့် အသိပညာပေးခြင်း နည်းလမ်းများသည် အခြေခံကျသည့် နည်းလမ်းများဖြစ်သည့်အတွက် ယခုကဲ့သို့ ဆွေးနွေးပွဲများ ပြုလုပ်နိုင်ခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သည့် အရွေ့တစ်ခုဖြစ်ကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲသို့ ကုန်သည်စက်မှုအသင်းချုပ် (UMFCCI)၊ ညီနောင်ကုန်သည်အသင်းနှင့် အသင်းဝင်ကုမ္ပဏီများမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူ ၁၈၀ ခန့် တက်ရောက်ကြသည်။ ဆွေးနွေးပွဲတွင် ၎င်းတို့က သိရှိလိုသည်များကိုမေးမြန်းရာ ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်တို့က ရင်းနှီးပွင့်လင်းစွာ ပြန်လည်ဖြေကြားခဲ့ပြီး ညနေ ၄ နာရီတွင် အခမ်းအနား ပြီးမြောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဝင်းဖေ ရန်ကုန်- မန္တလေးအမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်းပိုင်း)ရှိ လမ်း၊ တံတားများ ပြင်ဆင်ထိန်းသိမ်းမှုနှင့် Charging Station များ ဆောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၁

လျှပ်စစ်သုံးယာဉ်များ ပြေးဆွဲ/အသုံးပြုရေးနှင့် အခြေခံအဆောက်အအုံများ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်–မန္တလေး အမြန်လမ်းမကြီး နေပြည်တော်တိုးဂိတ်သို့ရောက်ရှိပြီး ခရီးသွားယာဉ်များ ဖြတ်သန်းသွားလာမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက တိုးဂိတ်များ၏ မျက်မြင်ဥပဓိရုပ်များ အမြင်တင့်တယ်အောင် မွမ်းမံပြင်ဆင်သွားရန်၊ CCTV ကင်မရာများအပါအဝင် ကွန်ပျူတာစနစ် လုပ်ဆောင်မှုများကို စနစ်တကျပြင်ဆင်ထိန်းသိမ်းရန် မှာကြားပြီး ရုံးနှင့်ဝန်ထမ်းအိမ်ရာများသို့ ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍(နေပြည်တော်–ရန်ကုန်လမ်းပိုင်း) မိုင်တိုင် (၂၀၁/၀)၌ Earth Renewable Energy Co.,Ltd. မှ Charging Station ဆောက်လုပ်နေသည့် လုပ်ငန်းခွင်သို့ရောက်ရှိရာ စီမံကိန်းအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက သတ်မှတ်ဒီဇိုင်း၊ စံချိန်စံညွှန်းအတိုင်း ဆောင်ရွက်ရန်၊ လိုအပ်သည့်ပစ္စည်းများ ရောက်ရှိမှု၊ လျှပ်စစ်မီးသွယ်တန်းမှုနှင့် ကားဝင်/ထွက်လမ်း သတ်မှတ်နေရာများအား စနစ်တကျဆောင်ရွက်ရန်၊ သတ်မှတ်ချိန်ပြီးစီးရေးအတွက် အမြန်လမ်းမကြီး ပြင်ဆင်ထိန်းသိမ်းရေးနှင့် ကြီးကြပ်ရေးအဖွဲ့ကလည်း လိုအပ်သည်များ ပေါင်းစပ်ကူညီဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်–မန္တလေးအမြန်လမ်းမကြီး (နေပြည်တော်–ရန်ကုန်လမ်းပိုင်း) မိုင်တိုင်(၁၈၉/၃)၌ AC ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို လည်းကောင်း၊ မိုင်တိုင်(၁၇၄/၃)တွင် မြေထိန်းနံရံပြုလုပ်နေမှု၊ လမ်းလယ်ကျွန်းနှင့် ရေဆင်းမြောင်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ယာဉ်မတော်တဆမှုဖြစ်ပွားသည့် Black Spot နေရာ မိုင်တိုင်( ၁၆၇/၅)၌ Guard Rail များ ပြန်လည်တပ်ဆင်မှုတို့ကို ကြည့်ရှုစစ်ဆေးကာ ဘေးကင်းလုံခြုံမှုဆိုင်ရာ လမ်းညွှန်အမှတ်အသား သတိပေးဆိုင်းဘုတ်များတပ်ဆင်ရန် မှာကြားပြီး မိုင်တိုင်(၁၅၇/၄)ရှိ Guard Rail များ တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေး၍ Guard Rail များ မိုးတွင်းကာလတွင်လည်း ကြာရှည်စွာအသုံးပြုနိုင်ရေးအတွက် လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် မိုင်တိုင်(၁၅၁/၂)ရှိ ပေ ၂၀ အရှည် ထန်းတောတံတားကြွံခိုင်မှုနှင့် လမ်းလယ်ကျွန်း ရေမြောင်းများ ရေစီးရေလာကောင်းမွန်အောင် လမ်းအပိုင်းလိုက် တာဝန်ယူထားသည့် အင်ဂျင်နီယာများအနေဖြင့် ကြီးကြပ်ဆောင်ရွက်ရန်မှာကြားပြီး ဖြူးယာဉ်ရပ်နားစခန်းတွင် Charging Station ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ မိုင်တိုင် (၁၁၅/၀) ဖြူးတိုးဂိတ်၌ တိုးဂိတ်အဆောက်အအုံများ ဥပဓိရုပ်ကောင်းမွန်ရေး၊ ကွန်ပျူတာစနစ်များ စနစ်တကျအလုပ်လုပ်နိုင်ရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။



မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မိုင်တိုင်(၁၀၀/၀)၌ Guard Rail ပြင်ဆင်နေမှုနှင့် မိုင်တိုင်(၈၈/၀)ရှိ ပေ ၁၅၀ အရှည် အိုင်တုံတံတား ကြွံခိုင်မှု၊ ရေစီးမြောင်းများကြောင့် လမ်းသားပျက်စီးထိခိုက်မှုမရှိစေရေးနှင့် AC ကတ္တရာလမ်းခင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မိုင်တိုင်(၀/၀)ရှိ အမှတ်(၃)တိုးဂိတ်သို့ ရောက်ရှိပြီး တိုးဂိတ်အဆောက်အအုံ၊ ကွန်ပျူတာစနစ် အလုပ်လုပ်ပုံတို့ကို ကြည့်ရှုစစ်ဆေး၍ Charging Station ဆောက်လုပ်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိရာ စီမံကိန်းအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ စံချိန်စံညွှန်းပြည့်မီရေး၊ သတ်မှတ်ချိန်ပြီးစီးရေး အလေးဂရုပြု ဆောင်ရွက်ရန် လုပ်ငန်းနှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့က လိုအပ်သည့် စက်ယာဉ်ယန္တရားများ ပံ့ပိုးကူညီ၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဘုန်းတော်ကြီးကျောင်းများ၊ ပရဟိတကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ကုလားပဲတို့အား ဆက်ကပ်လှူဒါန်း

နေပြည်တော် မတ် ၁၁

နယ်စပ်ရေးရာဝန်ကြီးဌာနသည် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းများသို့ ဆွမ်းကွမ်းအခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ကုလားပဲနှင့် အခြားလှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆက်ကပ်လှူဒါန်းလျက်ရှိရာတွင် ယနေ့နံနက်ပိုင်း၌ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှသိန်းနှင့် တာဝန်ရှိသူများသည် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားခရိုင် ကန်ဦးကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များ၊ စာသင်သားသာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ကုလားပဲနှင့် အခြားစားသောက်ဖွယ်ရာများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

# အကြမ်းဖက်မှုတိုက်ဖျက်ရေးနည်းဥပဒေများ ထုတ်ပြန်

**(ယမန်နေ့မှ အဆက်)**

၅၅။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည်-

(က) အကြမ်းဖက်မှုဆိုင်ရာကိစ္စအတွက် စုံစမ်းစစ်ဆေးရန် တားဆီးထိန်းသိမ်းထားသော သင်္ဘောနှင့် သင်္ဘောပိုင်ရှင်အား စုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်ပြီးနောက် အကြမ်းဖက်မှု ကျူးလွန်ခြင်း မရှိကြောင်းတွေ့ရှိသဖြင့် အရေးယူဆောင်ရွက်ရန် မလိုအပ်ကြောင်း တွေ့ရှိပါက ရေကြောင်း ပို့ဆောင်ရေးနှင့် ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံများအား အကြမ်းဖက်မှု တိုက်ဖျက်ရေးလုပ်ငန်းကော်မတီ၏ ခွင့်ပြုချက်ဖြင့် သင်္ဘောကို ပြန်လည်လွှတ်ပေးရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ တားဆီးထိန်းသိမ်းထားသော သင်္ဘောနှင့် သင်္ဘောပိုင်ရှင်အား စုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်နေစဉ်ကာလအတွက် ဆိပ်ကမ်းအခွန်အခများကို ကင်းလွတ်ခွင့်ပေးစေရမည်။

### အခန်း (၁၀)

### စုံစမ်းထောက်လှမ်းရှာဖွေရေးအတွက် အမှတ်အသားပြုလုပ်ခြင်းနှင့် အမှတ်အသားပြုလုပ်မထားသည့် ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းခြင်း

၅၆။ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများနှင့် အကြမ်းဖက်မှုများအား တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၅ ပါ ပေါက်ကွဲစေတတ်သောပလတ်စတစ် ဝတ္ထုပစ္စည်းဆိုင်ရာ ပြစ်မှုများမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုအပ်သောအစီအမံများကို ချမှတ်ထားရမည်။

၅၇။ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများနှင့် အကြမ်းဖက်မှုများအား တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့သည် ပေါက်ကွဲစေတတ်သောပလတ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာ ပြစ်မှုများမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် နည်းဥပဒေ ၅၆ အရ ချမှတ်ထားသော အစီအမံများနှင့်အညီ ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်ရန် ရဲတပ်ဖွဲ့ဝင်များနှင့် ကျွမ်းကျင်သူများအား တာဝန်ပေးရမည်။

၅၈။ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများနှင့် အကြမ်းဖက်မှုများအား တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့သည် ၁၉၉၁ ခုနှစ်၊ စုံစမ်းထောက်လှမ်းရှာဖွေရေးအတွက် ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းများအား အမှတ်အသားပြုလုပ်ခြင်းဆိုင်ရာ ကွန်ဗင်းရှင်း(The Convention of Plastic Explosives) နှင့်ညီညွတ်ခြင်းမရှိသော အောက်ပါပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများအား ဖြစ်နိုင်သမျှဆောလျင်စွာ ဖျက်ဆီးရမည်-

(က) မည်သည့်ပေါက်ကွဲစေတတ်သောပစ္စည်းပါဝင်ကြောင်း အမှတ်အသားပြုလုပ်ထားခြင်းမရှိသည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ၊

(ခ) သက်ဆိုင်ရာအာဏာပိုင် သို့မဟုတ် ပြည်ထောင်စုဝန်ကြီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ထုတ်လုပ်သည့်၊ ဖြန့်ဖြူးသည့်၊ တင်သွင်းသည့်၊ တင်ပို့သည့်၊ ဖြတ်သန်းသယ်ဆောင်သည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများနှင့် ဆိုက်ကပ်ရပ်နားထားသည့် ယာဉ်ပေါ်တွင်ပါရှိသည့် ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ။

၅၉။ မည်သည့်ပေါက်ကွဲစေတတ်သောပစ္စည်းပါဝင်ကြောင်း အမှတ်အသားပြုလုပ်ထားခြင်းမရှိသည့် ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကို နိုင်ငံတော်ကလုပ်ပိုင်ခွင့်အပ်နှင်းထားသော တာဝန်ရှိသူ၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာ စီမံအုပ်ချုပ်သူ၏ ကြီးကြပ်မှုအရ တပ်မတော်ကဖြစ်စေ၊ ရဲတပ်ဖွဲ့က ဖြစ်စေ ဆောင်ရွက်မှုများသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၅ ပါ ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာ ပြစ်မှုများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၆၀။ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများနှင့် အကြမ်းဖက်မှုများအား တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့သည် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့၏ လက်နက်တိုက်တွင် ပြည်ပမှတင်သွင်းသော သို့မဟုတ် နိုင်ငံတော်အတွင်းထုတ်လုပ်သည့် ပေါက်ကွဲစေတတ်သောပစ္စည်းများနှင့် ရှိပြီးဖြစ်သော အမှတ်အသားမပြုလုပ်ရသေးသည့် ပေါက်ကွဲစေတတ်သော ပစ္စည်းများကို ဖျက်ဆီးရေးအတွက် လိုအပ်သော လုပ်ငန်းအစီအစဉ်များချမှတ်၍ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများအား တာဝန်ပေးအပ်ရမည်။

၆၁။ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများနှင့် အကြမ်းဖက်မှုများအား တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အခြားဝန်ကြီးဌာနတစ်ခုခု၏ ခွင့်ပြုချက်ဖြင့် ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကို ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ တင်သွင်းမှု၊ တင်ပို့မှု၊ ဖြတ်သန်းသယ်ယူပို့ဆောင်မှုနှင့် ဆိုက်ကပ်ရပ်နားသည့် ယာဉ်ပေါ်တွင် တင်ဆောင်မှုများကို ကြီးကြပ်ခြင်း၊ ထိုသို့ဆောင်ရွက်ခွင့်ပြုနိုင်ရန် စိစစ်ပြီး သဘောတူညီချက်ပေးနိုင်ရန် ဗဟိုအဖွဲ့သို့ တင်ပြခြင်း၊

(ခ) ၁၉၉၁ ခုနှစ် စုံစမ်းထောက်လှမ်းရှာဖွေရေးအတွက် ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းများအား အမှတ်အသားပြုလုပ်ခြင်းဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ကြပ်မတ်ခြင်းနှင့် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများသို့ အသိပညာပေးခြင်း၊

(ဂ) တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းမရှိသည့် သို့မဟုတ် မည်သည့်ပေါက်ကွဲစေတတ်သော ပစ္စည်းပါဝင်ကြောင်း မှတ်သားထားခြင်းမရှိသည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို နိုင်ငံတော်၏ နယ်နိမိတ်အတွင်းဖြစ်စေ၊ နယ်နိမိတ်ပြင်ပသို့ဖြစ်စေ ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ တင်သွင်းမှု၊ တင်ပို့မှု၊ ဖြတ်သန်းသယ်ယူပို့ဆောင်မှုနှင့် ဆိုက်ကပ်ရပ်နားသည့် ယာဉ်ပေါ်တွင် တင်ဆောင်မှုများကို တားဆီးနှိမ်နင်းရေးနှင့် အရေးယူရေးတို့အတွက် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဃ) တားဆီးနှိမ်နင်းရေးနှင့် အရေးယူရေးတို့ပြုနိုင်ရန် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေး လုပ်ငန်းကော်မတီက နည်းဥပဒေ ၇၂ အရ ဖွဲ့စည်းပေးသော စုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့တို့အား အချိန်ပြည့်ဖြစ်စေ၊ အချိန်ပိုင်းဖြစ်စေ တာဝန်ပေးအပ်ခြင်း၊

(င) ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကို ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ တင်သွင်းမှု၊ တင်ပို့မှု၊ ဖြတ်သန်းသယ်ယူပို့ဆောင်မှုနှင့် ဆိုက်ကပ်ရပ်နားမှု စသည်တို့ဆောင်ရွက်ရန် ခွင့်ပြုချက် ထုတ်ပေးသည့် အခွင့်ရအာဏာပိုင် သို့မဟုတ် ပြည်ထောင်စုဝန်ကြီးဌာနက ထိုသို့ခွင့်ပြုချက် မပေးမီ မိမိလုပ်ငန်းအဖွဲ့သို့ ကြိုတင်ညှိနှိုင်းသဘောတူညီချက်ရယူစေခြင်း၊

(စ) ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာ ပြစ်မှုတစ်ခုခုကို ကျူးလွန်မှု၊ ကျူးလွန်ရန်အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ်ပါဝင်ဆောင်ရွက်မှုတို့အပေါ် ဥပဒေအရ အရေးယူတရားစွဲဆိုရန် ထိုဥပဒေပုဒ်မ ၇၀ အရ ကြိုတင်ခွင့်ပြုချက် တောင်းခံရာတွင် စိစစ်ဆောင်ရွက်ပြီး ဗဟိုအဖွဲ့သို့ တင်ပြခြင်း၊

(ဆ) ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာ ပြစ်မှုများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် အစီအမံများချမှတ်ပြီး ဆောင်ရွက်ခြင်း၊ တပ်ဖွဲ့ဝင်များအား ဆောင်ရွက်စေခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဇ) အမှတ်အသားပြုလုပ်မထားသည့် ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများအား လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်းမပြုရန် တားမြစ်ကန့်သတ်သည့်အမိန့်များ ထုတ်ပြန်နိုင်ရန် သက်ဆိုင်ရာလုပ်ငန်းကော်မတီသို့တင်ပြခြင်းနှင့် ဆောင်ရွက်မှုကိုကြီးကြပ်ခြင်း၊

(ဈ) မိမိလုပ်ငန်းအဖွဲ့၏ ဆောင်ရွက်ချက်များကို ဗဟိုအဖွဲ့သို့ အခါအားလျော်စွာ တင်ပြခြင်း။

၆၂။ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများနှင့် အကြမ်းဖက်မှုများအား တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့၊ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများသည်-

(က) တပ်မတော် သို့မဟုတ် ရဲတပ်ဖွဲ့၏လက်နက်တိုက်တွင် အမှတ်အသားမပြုလုပ်ရသေးသည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကိုသော်လည်းကောင်း၊ ပြည်ပမှ တင်သွင်းသော သို့မဟုတ် နိုင်ငံတော်အတွင်း ထုတ်လုပ်သော သို့မဟုတ်ရှိပြီးဖြစ်သော အမှတ်အသားမပြုလုပ်ရသေးသည့် ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကိုသော်လည်းကောင်း ဖျက်ဆီးရေးအတွက် လိုအပ်သောအစီအမံများချမှတ်ဆောင်ရွက်ရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ စီမံဆောင်ရွက်ရာတွင် ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဂ) ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကို လက်ဝယ်ထားခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းကို ထိရောက်စွာ ကန့်သတ်ထားသည့် သတ်မှတ်ချက်များနှင့်အညီ လိုက်နာခြင်းရှိ၊ မရှိ ကြီးကြပ်ကွပ်ကဲရမည်။

၆၃။ စုံစမ်းစစ်ဆေးရေးအဖွဲ့များနှင့် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့များသည်-

(က) ၁၉၉၁ ခုနှစ်၊ စုံစမ်းထောက်လှမ်းရှာဖွေရေးအတွက် ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းများ အမှတ်အသားပြုလုပ်ခြင်းဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမပြုသည့်အပြင် မည်သည့်ပေါက်ကွဲစေတတ်သောပစ္စည်းပါဝင်ကြောင်း မှတ်သားထားခြင်း မရှိသည့် ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကို နိုင်ငံတော်၏နယ်နိမိတ်အတွင်း မည်သည့် အရပ်ဒေသတွင်မဆို ကြည့်ရှုစစ်ဆေးခြင်း၊ ရှာဖွေခြင်း ဆောင်ရွက်နိုင်သည်။

(ခ) အမှတ်အသားပြုလုပ်ခြင်းနှင့် အမှတ်အသားပြုလုပ်မထားသည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းဆိုင်ရာပစ္စည်းများကို နိုင်ငံတော်၏နယ်နိမိတ်အတွင်းဖြစ်စေ၊ နယ်နိမိတ်ပြင်ပသို့ဖြစ်စေ အခွင့်ရအာဏာပိုင်၏ခွင့်ပြုချက်မရှိဘဲ ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ တင်သွင်းမှု၊ တင်ပို့မှု၊ ဖြတ်သန်းသယ်ယူပို့ဆောင်မှု သို့မဟုတ် ဆိုက်ကပ်ရပ်နားသည့် ယာဉ်ပေါ်တွင် တင်ဆောင်မှု ပြုလုပ်ကြောင်း စုံစမ်းစစ်ဆေးရှာဖွေတွေ့ရှိပါက ချိပ်ပိတ်ခြင်း၊ တားမြစ်ခြင်း၊ တားဆီးကာကွယ်ခြင်း၊ သိမ်းဆည်းခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းတို့ ပြုနိုင်သည်။

(ဂ) နိုင်ငံတော်၏ နယ်နိမိတ်သတ်မှတ်ဧရိယာ လေပိုင်နက်၊ ရေပိုင်နက်နှင့် ကုန်းတွင်းပိုင်နက်အတွင်း အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုကျူးလွန်ရန် သို့မဟုတ် အကြမ်းဖက်ဗုံးခွဲ တိုက်ခိုက်မှုကျူးလွန်ရန် ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းဆိုင်ရာ အရာဝတ္ထုများသယ်ဆောင်လာသော မည်သည့် ပို့ဆောင်ရေးယာဉ်ကိုမဆို ရပ်တန့်စစ်ဆေးခြင်း၊ ရှာဖွေခြင်း၊ သိမ်းဆည်းခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းတို့ ပြုနိုင်သည်။

(ဃ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုချက်မရှိဘဲ နိုင်ငံတော်၏ နယ်နိမိတ်အတွင်း ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဆိုင်ရာ အရာဝတ္ထုများပါရှိခြင်း၊ သယ်ဆောင်ခြင်း၊ သိုဝှက်ထားခြင်းတို့အား စစ်ဆေးရှာဖွေတွေ့ရှိသည့် မည်သည့်ပို့ဆောင်ရေးယာဉ်ကိုမဆို နိုင်ငံတော် နယ်နိမိတ်အတွင်းမှ လေကြောင်း၊ ရေကြောင်း၊ ကုန်းကြောင်းထွက်ခွာခွင့်များအား တားဆီးခြင်း၊ တားမြစ်ခြင်း၊ ပိတ်ဆို့ခြင်း၊ ရပ်တန့်ခြင်း၊ သိမ်းဆည်းခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းတို့ ပြုနိုင်သည်။

### အခန်း (၁၁)

### အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းခြင်း

၆၄။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် ဥပဒေပုဒ်မ ၃၉ ပါ သေစေရန် သို့မဟုတ် အပြင်းအထန်နာကျင်စေရန်သော်လည်းကောင်း၊ စီးပွားရေးနစ်နာဆုံးရှုံးမှု ကြီးမားစွာဖြစ်စေရန် သော်လည်းကောင်း၊ ကျယ်ကျယ်ပြန့်ပြန့်ပျက်စီးစေရန်သော်လည်းကောင်း ရည်ရွယ်၍ အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုဖြစ်သည့် နိုင်ငံတော်အတွင်း အများပြည်သူအသုံးပြုသည့်နေရာတွင် ဖြစ်စေ၊ နိုင်ငံပိုင် အဆောက်အအုံ၊ ယာဉ်စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းတစ်ခုခုတွင် ဖြစ်စေ၊ ဓာတ်ငွေ့ ပိုက်လိုင်း၊ ရေနံပိုက်လိုင်း၊ တာဝါတိုင်များ၊ ဆက်သွယ်ရေးကေဘယ်လ်လိုင်းများ၊ အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ် သို့မဟုတ် အခြေခံအဆောက်အအုံပစ္စည်းတစ်ခုခုတွင် ဖြစ်စေ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းကို ပေးအပ်မှု၊ ချထားမှု၊ စွန့်ပစ်မှု သို့မဟုတ် ဖောက်ခွဲမှု သို့မဟုတ် ယင်းတို့ကို ဖျက်ဆီးမှုဆိုင်ရာ ပြစ်မှုများကို တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့်မြို့နယ်အဆင့်အထိ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သော အောက်ဖော်ပြပါ အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှု တိုက်ဖျက်ရေးကွပ်ကဲမှုအဖွဲ့အသီးသီးကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့်သော်လည်းကောင်း၊ နေပြည်တော်ကောင်စီနှင့် သော်လည်းကောင်း ညှိနှိုင်း၍ဖွဲ့စည်းပေးရမည်-

**စာမျက်နှာ ၁၁ သို့ ☆**

☆ စာမျက်နှာ ၁၀ မှ

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အကြမ်းဖက်ဖုံးခွဲတိုက်ခိုက်မှု တိုက်ဖျက်ရေး ကွပ်ကဲမှုအဖွဲ့

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး — အဖွဲ့ခေါင်းဆောင်
(၂) ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်
(၃) တပ်မတော်နယ်မြေခံတပ်မှ အရာရှိတစ်ဦး — အဖွဲ့ဝင်
(၄) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မီးသတ်ဦးစီးဌာနမှူး — အဖွဲ့ဝင်
(၅) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူး၊ — အဖွဲ့ဝင်
(၆) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး၊ (လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ) — အဖွဲ့ဝင်

(ခ) ပြည်ထောင်စုနယ်မြေ အကြမ်းဖက်ဖုံးခွဲတိုက်ခိုက်မှုတိုက်ဖျက်ရေးကွပ်ကဲမှုအဖွဲ့

(၁) ဒုတိယရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ — အဖွဲ့ခေါင်းဆောင်
(၂) ညွှန်ကြားရေးမှူး၊ နေပြည်တော်ကောင်စီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်
(၃) တပ်ဖွဲ့မှူး၊ နေပြည်တော်ရဲတပ်ဖွဲ့ — အဖွဲ့ဝင်
(၄) တပ်မတော်နယ်မြေခံတပ်မှအရာရှိတစ်ဦး — အဖွဲ့ဝင်
(၅) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မီးသတ်ဦးစီးဌာန — အဖွဲ့ဝင်
(၆) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန — အဖွဲ့ဝင်
(၇) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အကြမ်းဖက်ဖုံးခွဲတိုက်ခိုက်မှုတိုက်ဖျက်ရေးကွပ်ကဲမှုအဖွဲ့

(၁) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိရဲတပ်ဖွဲ့မှူး — အဖွဲ့ခေါင်းဆောင်
(၂) ဒုတိယညွှန်ကြားရေးမှူး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်
(၃) တပ်မတော်နယ်မြေခံတပ်မှအရာရှိတစ်ဦး — အဖွဲ့ဝင်
(၄) မီးသတ်ဦးစီးဌာနမှူး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ — အဖွဲ့ဝင်
(၅) ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ — အဖွဲ့ဝင်
(၆) ဦးစီးမှူး၊ (လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ — အဖွဲ့ဝင်

(ဃ) ခရိုင်အကြမ်းဖက်ဖုံးခွဲတိုက်ခိုက်မှု တိုက်ဖျက်ရေးကွပ်ကဲမှုအဖွဲ့

(၁) ခရိုင်ရဲတပ်ဖွဲ့မှူး — အဖွဲ့ခေါင်းဆောင်
(၂) ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်
(၃) တပ်မတော်နယ်မြေခံတပ်မှအရာရှိတစ်ဦး — အဖွဲ့ဝင်
(၄) ခရိုင်မီးသတ်ဦးစီးဌာနမှူး — အဖွဲ့ဝင်
(၅) ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး — အဖွဲ့ဝင်
(၆) ခရိုင်ကုသရေးဦးစီးဌာနမှူး — အဖွဲ့ဝင်
(၇) ခရိုင်ဦးစီးမှူး၊ (လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ) — အဖွဲ့ဝင်

(င) မြို့နယ်အကြမ်းဖက်ဖုံးခွဲတိုက်ခိုက်မှု တိုက်ဖျက်ရေးကွပ်ကဲမှုအဖွဲ့

(၁) မြို့နယ်ရဲတပ်ဖွဲ့မှူး — အဖွဲ့ခေါင်းဆောင်
(၂) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်
(၃) တပ်မတော်နယ်မြေခံတပ်မှအရာရှိတစ်ဦး — အဖွဲ့ဝင်
(၄) မြို့နယ်မီးသတ်ဦးစီးဌာနမှူး — အဖွဲ့ဝင်
(၅) မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး — အဖွဲ့ဝင်
(၆) မြို့နယ်ဦးစီးမှူး၊ (လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ) — အဖွဲ့ဝင်

၆၅။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် အကြမ်းဖက်ဖုံးခွဲတိုက်ခိုက်မှုများနှင့်စပ်လျဉ်း၍ တားဆီးနှိမ်နင်းရေး၊ ကယ်ဆယ်ရေး၊ စုံစမ်းစစ်ဆေးရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ်အဆင့်အထိ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သော အောက်ဖော်ပြပါအဖွဲ့များကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီနှင့်ညှိနှိုင်း၍ ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည် –

(က) ဖုံးရှင်းလင်းရေးအဖွဲ့၊
(ခ) ထိခိုက်၊ သေဆုံးသူများကယ်ဆယ်ရေး၊ ကနဦးဆေးကုသရေးနှင့် ဆေးရုံပို့ဆောင်ရေးအဖွဲ့၊
(ဂ) ဖုံးခွဲတိုက်ခိုက်မှု စုံစမ်းစစ်ဆေးအရေးယူရေးအဖွဲ့၊
(ဃ) အခြားလိုအပ်သောအဖွဲ့များ။

၆၆။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် –

(က) သက်ဆိုင်ရာ အကြမ်းဖက်ဖုံးခွဲတိုက်ခိုက်မှု တိုက်ဖျက်ရေးကွပ်ကဲမှုအဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များ စွမ်းရည်မြှင့်တင်ရေး၊ လေ့ကျင့်သင်တန်းများပေးရေးနှင့် လိုအပ်သောနည်းပညာနှင့် အထောက်အကူပြုပစ္စည်းကိရိယာများ ဖြည့်တင်းရေးတို့အတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော်ကောင်စီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ် အကြမ်းဖက်ဖုံးခွဲတိုက်ခိုက်မှု တိုက်ဖျက်ရေးကွပ်ကဲမှုအဖွဲ့အသီးသီးအား ဖုံးတွေ့ရှိခြင်း၊ ဖုံးပေါက်ကွဲမှုဖြစ်ပွားခြင်းတို့နှင့် စပ်လျဉ်း၍ အနီးကပ်ကြီးကြပ်ကွပ်ကဲရေး လုပ်ငန်းတာဝန်များကိုထမ်းဆောင်ရန် တာဝန်ပေးအပ်ရမည်။

(ဂ) ပြည်သူများလုံခြုံရေးအသိ၊ လုံခြုံရေးသတိရှိရေးနှင့် အကြမ်းဖက်ဖုံးခွဲမှုအသိပညာရှိရေးတို့အတွက် အသိပညာပေးခြင်း၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု၊ ရုံး၊ ဌာနအလိုက် အကြမ်းဖက်ဖုံးခွဲမှုကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်ခြင်းတို့ပြုလုပ်စေရန် စီမံဆောင်ရွက်ရမည်။

(ဃ) မပေါက်ကွဲသေးသောဖုံးကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းခြင်း၊ သက်မဲ့ပြုလုပ်ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်း၊ ဒဏ်ရာရလူနာများအား ကယ်ထုတ်ခြင်း၊ ဆေးရုံတွင်ဆေးကုသခြင်း၊ ပြစ်မှုကျူးလွန်သော အကြမ်းဖက်သမားနှင့် အကြမ်းဖက်အုပ်စုများအား စုံစမ်းဖော်ထုတ်ခြင်းတို့ကို သက်ဆိုင်ရာအကြမ်းဖက်ဖုံးခွဲတိုက်ခိုက်မှု တိုက်ဖျက်ရေးကွပ်ကဲမှုအဖွဲ့များအား ဆောင်ရွက်စေရမည်။

(င) အကြမ်းဖက်ဖုံးခွဲတိုက်ခိုက်မှု တားဆီးကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးအတွက် ကြိုတင်သတင်းရရှိရန် ဆက်စပ်ဌာနများ၊ ပြည်ပနိုင်ငံများနှင့် သတင်းဖလှယ်ညှိနှိုင်းရယူ စုဆောင်းရမည်။

(စ) အကြမ်းဖက်ဖုံးခွဲတိုက်ခိုက်မှုကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် အစီအမံများချမှတ်ပြီး ဆောင်ရွက်ရမည်။

(ဆ) အများပြည်သူအသုံးပြုသည့်နေရာတွင်ဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းတစ်ခုခုတွင်ဖြစ်စေ၊ အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ် သို့မဟုတ် အခြေခံအဆောက်အအုံ ပစ္စည်းတစ်ခုခုတွင်ဖြစ်စေ၊ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းကို ပေးအပ်မှု၊ ချထားမှု၊ စွန့်ပစ်မှု သို့မဟုတ် ဖောက်ခွဲမှုမပြုလုပ်နိုင်စေရန် သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်ညှိနှိုင်းပြီး လုံခြုံရေးအစီအမံများ ဆောင်ရွက်စေရမည်။

(ဇ) အကြမ်းဖက်ဖုံးခွဲတိုက်ခိုက်မှု တားဆီးကာကွယ်ရေးနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းဆောင်ရွက်မည့် တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းများ အရည်အချင်းမြင့်မားရေး၊ ခေတ်မီပစ္စည်းများ တပ်ဆင်အသုံးပြုနိုင်ရေးအစီအမံများ ချမှတ်၍ ဆောင်ရွက်ရမည်။

(ဈ) အကြမ်းဖက်ဖုံးခွဲတိုက်ခိုက်မှုကို ကျူးလွန်မှု၊ ကျူးလွန်ရန်အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှု၊ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်း၊ ဖုံး သို့မဟုတ် လက်နက်ကိုထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ ရောင်းချမှု၊ ပေးကမ်းမှု သို့မဟုတ် လက်ဝယ်ထားမှု စသည်တို့ကို အရေးယူရာတွင် ကြီးကြပ်ဆောင်ရွက်ရမည်။

(ည) ဒေသဆိုင်ရာအကြမ်းဖက်ဖုံးခွဲတိုက်ခိုက်မှု တိုက်ဖျက်ရေးကွပ်ကဲမှုအဖွဲ့ဝင်များ၊ တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများအရည်အချင်းမြင့်မားရေး၊ ခေတ်မီပစ္စည်းများ တပ်ဆင်အသုံးပြုနိုင်ရေးနှင့်စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်ပြီး ကုန်ကျစရိတ်များအတွက် ဘဏ္ဍာငွေတောင်းခံနိုင်ရန် ဗဟိုအဖွဲ့သို့ တင်ပြရမည်။

(ဋ) မိမိလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များကို ဗဟိုအဖွဲ့သို့ အခါအားလျော်စွာ တင်ပြရမည်။

၆၇။ တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များသည် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီကချမှတ်ထားသော အကြမ်းဖက်ဖုံးခွဲတိုက်ခိုက်မှုဆိုင်ရာပြစ်မှုများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေး၊ အရေးယူဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းတာဝန်များကို သတ်မှတ်ထားသောအမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်–

(က) ပေါက်ကွဲစေတတ်သည့် ဝတ္ထုပစ္စည်းများဟု မသင်္ကာဖွယ်တွေ့ရှိပါက သတင်းပို့ဆောင်ရွက်ခြင်း၊
(ခ) လုံခြုံရေးဆောင်ရွက်နေသောတပ်ဖွဲ့ သို့မဟုတ် နယ်မြေရဲစခန်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊
(ဂ) အခင်းဖြစ်နေရာအား စစ်ဆေးခြင်း၊ သက်သေခံပစ္စည်းထိန်းသိမ်းခြင်း၊ စုံစမ်းဖော်ထုတ်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊
(ဃ) ပြောင်းရွှေ့ကယ်ဆယ်ခြင်းနှင့် ရွှေ့ပြောင်းရေးဆောင်ရွက်ခြင်း။

## အခန်း (၁၂)
## အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးနှင့် တိုက်ဖျက်ရေး

၆၈။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် ဗဟိုအဖွဲ့၏လမ်းညွှန်ချက်နှင့်အညီ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေး၊ တိုက်ဖျက်ရေးတို့နှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းတာဝန်များကိုဆောင်ရွက်ရမည် –

(က) အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးနှင့် တိုက်ဖျက်ရေးတို့ကို ထိရောက်အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းကော်မတီနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပြည်သူလူထု၏ အကူအညီကိုရယူဆောင်ရွက်ခြင်း၊

(ခ) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအတွက် နှစ်နိုင်ငံ သို့မဟုတ် နိုင်ငံများအကြား သဘောတူညီချက်များချုပ်ဆိုရေးအတွက် ဗဟိုအဖွဲ့သို့ ထောက်ခံတင်ပြခြင်း၊

စာမျက်နှာ ၁၂ သို့ ☆

☆ စာမျက်နှာ ၁၁ မှ

(ဂ) အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းများအား တားဆီးကာကွယ်ရေး အစီအစဉ်များ ချမှတ်ပြီး ပြည်တွင်း ပြည်ပ၌ ကွန်ပျူတာကွန်ရက် ထူထောင်၍ ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် သတင်း အချက်အလက်ဖလှယ်ခြင်း၊

(ဃ) အကြမ်းဖက်မှု ကြိုတင်တားဆီးကာကွယ်ရေးအတွက် အကြမ်းဖက်မှုအန္တရာယ်နှင့် နောက်ဆက်တွဲဆိုးကျိုးများကို အများပြည်သူသို့ အသိပညာပေးခြင်းနှင့် သတင်းဖြန့်ချိရေး ဆိုင်ရာလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်ခြင်း၊

(င) အကြမ်းဖက်မှုများ ကြိုတင်တားဆီးကာကွယ်ရေး၊ စုံစမ်းဖော်ထုတ်ရေး၊ တားဆီးနှိမ်နင်းရေး၊ တိုက်ဖျက်ရေးနှင့် တန်ပြန်တိုက်ခိုက်ရေးအတွက် အကြမ်းဖက်မှုစုံစမ်းစစ်ဆေးရေးအဖွဲ့၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၊ တားဆီးနှိမ်နင်းရေးအထူးတပ်ဖွဲ့၊ ရေကြောင်း ရဲတပ်ဖွဲ့နှင့် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့များကို အရည်အချင်းပြည့်မီပြီး ကျွမ်းကျင်မှုရှိစေရန် လေ့ကျင့်သင်တန်းများပေးခြင်း၊

(စ) အကြမ်းဖက်မှုများ ကြိုတင်တားဆီးကာကွယ်ရေး၊ စုံစမ်းဖော်ထုတ်ရေး၊ တားဆီးနှိမ်နင်းရေး၊ တိုက်ဖျက်ရေးနှင့် တန်ပြန်တိုက်ခိုက်ရေးအတွက် နည်းဥပဒေခွဲ(င) ပါ အဖွဲ့များအား လမ်းညွှန်မှုပေးခြင်းနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ကြီးကြပ်ခြင်း၊

(ဆ) အကြမ်းဖက်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်ရာတွင် လိုအပ်ချက်အရ အကြမ်းဖက်ခံရသည့် နေရာများကို ထိန်းချုပ်ဖော်ထုတ်ခြင်းနည်းစနစ်ကို အသုံးပြုနိုင်ရန် တင်ပြလာသည့်အခါ စိစစ်ခွင့်ပြုခြင်းနှင့် လိုအပ်ပါက ပြည်ပနိုင်ငံများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဇ) အကြမ်းဖက်မှုများဖြစ်ပွားရာတွင် အကြမ်းဖက်ခံရသူများအား ရှာဖွေကယ်ဆယ်ရေးနှင့် ကျန်းမာရေးတို့အတွက် ကျွမ်းကျင်သောဝန်ထမ်းများနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများ ပါဝင်သည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့ကိုဖွဲ့စည်းပြီး တာဝန်ပေးခြင်းနှင့် လေ့ကျင့်သင်ကြားပေးခြင်း၊

(ဈ) အကြမ်းဖက်မှုများ ကြိုတင်တားဆီးကာကွယ်ရေး၊ စုံစမ်းဖော်ထုတ်ရေး၊ တားဆီးနှိမ်နင်းရေး၊ တိုက်ဖျက်ရေးနှင့် တန်ပြန်တိုက်ခိုက်ရေးတို့ ဆောင်ရွက်ရာတွင် လိုအပ်သော အထောက်အကူပြုပစ္စည်းများနှင့် ငွေကြေးများကို ဗဟိုအဖွဲ့သို့ တင်ပြတောင်းခံပြီး ပံ့ပိုးပေးခြင်း၊

(ည) အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများကို အရေးယူရာတွင် ခိုင်လုံသောအထောက်အထားများဖြင့် တရားစွဲဆို တင်ပို့နိုင်ရေးအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးလုပ်ငန်း အဖွဲ့၏ အကြံဉာဏ်များ ရယူဆောင်ရွက်ခြင်း၊

(ဋ) အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ တရားစွဲဆိုမှုများတွင် အကြမ်းဖက်ခံရသူများနှင့် သက်သေများ၏ လုံခြုံရေးကို ထိရောက်စွာကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် လိုအပ်သော လုံခြုံရေးအစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဌ) နိုင်ငံဖြတ်ကျော်မှုခင်းအဖြစ် ကျူးလွန်သည့် အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ နိုင်ငံအချင်းချင်း အကူအညီပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့အတွက် လိုအပ်ပါက ဗဟိုအဖွဲ့သို့ တင်ပြ၍ ဆောင်ရွက်ခြင်း၊

(ဍ) အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့်အဖွဲ့အစည်းနှင့် တာဝန်ခံများကို တရားစွဲဆိုအရေးယူရာတွင် သက်ဆိုင်ရာတပ်ဖွဲ့ဝင်များအား လိုအပ်သော အကူအညီများပေးခြင်း၊

(ဎ) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အကြမ်းဖက်မှုဖြစ်စဉ်အပေါ် စုံစမ်းစစ်ဆေးမှု ဆောင်ရွက်ချက် များနှင့် အကြံပြုချက်များကို ဗဟိုအဖွဲ့သို့ တင်ပြအစီရင်ခံခြင်း၊

(ဏ) အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်စပ်လျဉ်း၍ လိုအပ်သလို အရေးယူဆောင်ရွက် ရန်အတွက် ဗဟိုအဖွဲ့သို့ တင်ပြခြင်း၊

(တ) ဗဟိုအဖွဲ့က အခါအားလျော်စွာပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း(၁၃)

## စုံစမ်းစစ်ဆေးခြင်းနှင့်အရေးယူခြင်း

၆၉။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် ဗဟိုအဖွဲ့၏ လွှဲအပ်တာဝန် ပေးအပ်ချက်အရ အကြမ်းဖက်မှုနှင့်သက်ဆိုင်သည့် သက်သေခံငွေကြေး၊ ပစ္စည်းနှင့်စပ်လျဉ်း၍ အောက်ပါ အမိန့်တစ်ရပ်ရပ်ကို ထုတ်ဆင့်နိုင်သည်–

(က) အကြမ်းဖက်မှုဆိုင်ရာ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထား သည့်ပစ္စည်းများကို ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း၊ ဖျောက်ဖျက်ခြင်း၊ ဖုံးကွယ်ခြင်းတို့ မပြုနိုင်စေရေးအတွက် အဆိုပါ သက်သေခံပစ္စည်းကို ပိုင်ဆိုင်သူ၊ လက်ဝယ်ထားသူနှင့် အကြမ်းဖက်မှုဖြင့် စုံစမ်းစစ်ဆေးခြင်းခံရသူအား ထုတ်ဆင့်သည့် တားမြစ်ချက်၊ ထိန်းချုပ်မိန့် နှင့် ထိုအမိန့်တို့ကို ရုပ်သိမ်းသည့်အမိန့်၊

(ခ) သက်သေခံပစ္စည်းအဖြစ်သိမ်းဆည်းရန် အမိန့်ထုတ်ဆင့်ထားသော ငွေကြေး၊ ပစ္စည်းနှင့် အကျိုးအမြတ်များမှာ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခု၌ အပ်နှံထားခြင်း ဖြစ်ပါက ထိုသက်သေခံပစ္စည်းများကို ရှာဖွေသိမ်းဆည်းခွင့်၊ သက်ဆိုင်ရာမှတ်တမ်းများကို စစ်ဆေးကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်နှင့် လိုအပ်ပါက သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်း ခွင့်ပြုရန် သက်ဆိုင်ရာဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်း၏ တာဝန်ရှိသူများထံသို့ ထုတ်ဆင့်သည့်အမိန့်၊

(ဂ) အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ သက်သေခံပစ္စည်းအဖြစ်သိမ်းဆည်းရန် အမိန့်ထုတ်ဆင့်ထား သောငွေကြေး၊ ပစ္စည်းနှင့်အကျိုးအမြတ်များမှာ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်း တစ်ခုခု၌ အပ်နှံထားခြင်းဖြစ်ပါက ထိုငွေကြေး၊ ပစ္စည်းနှင့် အကျိုးအမြတ်များကို ထုတ်ယူခြင်း မပြုရန် အဆိုပါသက်သေခံပစ္စည်းကို အပ်နှံသူထံသို့လည်းကောင်း၊ ထုတ်ပေးခြင်းမပြုရန် သက်ဆိုင်ရာဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့သို့လည်းကောင်း ထုတ်ဆင့်သည့် တားမြစ်ချက်။

၇၀။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် နည်းဥပဒေ ၆၉ အရ ထုတ်ဆင့် သည့်အမိန့်မိတ္တူကို စုံစမ်းစစ်ဆေးခြင်းနှင့် စုံစမ်းထောက်လှမ်းခြင်းတို့ပြုရာတွင် လိုအပ်သလို အသုံးပြုနိုင် ရန် သက်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့သို့ ပေးပို့ရမည်။

၇၁။ နည်းဥပဒေ ၆၉ အရ အမိန့်ထုတ်ဆင့်ခံရသူ မည်သူမျှ ထိုအမိန့်ပါတားမြစ်ချက် သို့မဟုတ် ထိန်းချုပ်မိန့်ကို ဖောက်ဖျက်ခြင်းမပြုရ။

၇၂။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် အကြမ်းဖက်မှုများအား စုံစမ်း စစ်ဆေးခြင်း၊ စုံစမ်းထောက်လှမ်းခြင်းနှင့် အကြမ်းဖက်သမားများအား အရေးယူခြင်းတို့ ဆောင်ရွက်နိုင်ရန် အမှုတစ်ခုချင်းအလိုက် သက်ဆိုင်ရာလုပ်ငန်းကော်မတီအဖွဲ့ဝင်တစ်ဦး သို့မဟုတ် လုပ်ငန်းအဖွဲ့ဝင်တစ်ဦးက အဖွဲ့ခေါင်းဆောင်အဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းမှ သင့်လျော်သည့် အရာထမ်း နှင့် အမှုထမ်း အနည်းဆုံး ၃ ဦးက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော အောက်ပါအဖွဲ့များကို ဖွဲ့စည်း၍ တာဝန်ပေးရမည်–

(က) စုံစမ်းစစ်ဆေးရေးအဖွဲ့၊

(ခ) တားဆီးနှိမ်နင်းရေးတပ်ဖွဲ့။

၇၃။ စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့သည် သက်ဆိုင်ရာလုပ်ငန်းကော်မတီ နှင့် လုပ်ငန်းအဖွဲ့တို့၏ လမ်းညွှန်ချက်နှင့်အညီ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ သို့မဟုတ် အကျိုးအမြတ်မရည်ရွယ်သော အဖွဲ့အစည်းများ၏ ရန်ပုံငွေများနှင့် ပစ္စည်းများကို အကြမ်းဖက် သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများသို့ မရောက်ရှိ စေရေးနှင့် ၎င်းတို့အတွက် ငွေကြေးထောက်ပံ့သည့်လမ်းကြောင်းများ ဖော်ထုတ်ရေးအတွက် လိုအပ်သော စုံစမ်းစစ်ဆေးခြင်း၊ စုံစမ်းထောက်လှမ်းခြင်းနှင့် အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ် ပါဝင်သည့်အဖွဲ့အစည်းနှင့် တာဝန်ခံများအား ဖော်ထုတ်ပြီး ဥပဒေအရ ထိရောက်သောအရေးယူခြင်းတို့ ဆောင်ရွက်ရမည်။

၇၄။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီနှင့် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့တို့ သည် ဗဟိုအဖွဲ့၏လမ်းညွှန်ချက်နှင့်အညီ အကြမ်းဖက်မှုအပေါ် စုံစမ်းစစ်ဆေးမှုနှင့် အရေးယူမှုပြုလုပ်သော တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် အခြားတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ များ၏ ဆောင်ရွက်ချက်များကို ကြီးကြပ်ကွပ်ကဲရမည်။ ၎င်းတို့၏ စုံစမ်းစစ်ဆေးဆောင်ရွက်ချက်များကို စဉ်ဆက်မပြတ်တင်ပြရန် ညွှန်ကြားရမည်။

၇၅။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် –

(က) အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ သို့မဟုတ် အကျိုးအမြတ် မရည်ရွယ် သောအဖွဲ့အစည်းများ၏ ရန်ပုံငွေများနှင့် ပစ္စည်းများကို အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့်အဖွဲ့အစည်းနှင့် တာဝန်ခံများသို့ မရောက်ရှိစေရေးအတွက် စိစစ်ထိန်းချုပ်နိုင်ရန် သက်ဆိုင်ရာဌာနများ သို့မဟုတ် ဤကိစ္စအလို့ငှာ သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များပါဝင်သည့် စိစစ်ရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ပုံမှန် သို့မဟုတ် ရှောင်တခင် စိစစ်ကြပ်မတ်စစ်ဆေးနိုင်ရန် ညွှန်ကြားရမည်။

(ခ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ သို့မဟုတ် အကျိုးအမြတ်ရယူရန် မရည်ရွယ်သော အဖွဲ့ အစည်းများအဖြစ် အသွင်ယူကာ အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စု ဖွဲ့စည်း ဆောင်ရွက်ခြင်း၊ အကြမ်းဖက်အုပ်စုကို ငွေကြေးထောက်ပံ့ရန်လမ်းကြောင်းအဖြစ် အသုံးပြု ရန်ရည်ရွယ်ဆောင်ရွက်ခြင်း စသည်တို့အပေါ် တားဆီးအရေးယူနိုင်ရန် စုံစမ်းထောက်လှမ်း ခြင်း၊ စစ်ဆေးခြင်းနှင့် အရေးယူမှုအစီအမံများချမှတ်ခြင်းဆောင်ရွက်နိုင်ရန် စုံစမ်းစစ်ဆေး ရေးအဖွဲ့များ သို့မဟုတ် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့များအား လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း တို့ကို ဆောင်ရွက်ရမည်။

(ဂ) အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုပိုင် ငွေကြေး၊ ပစ္စည်းနှင့် ရန်ပုံငွေများ ထိန်းချုပ် နိုင်ရေးအတွက် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ဘဏ်များသို့ လိုအပ်သည်များ ညွှန်ကြားခြင်းနှင့် ကြီးကြပ်ခြင်းတို့ ဆောင်ရွက်ရမည်။

(ဃ) အကြမ်းဖက်မှုတစ်ခုခုကိုကျူးလွန်ရာမှရရှိသည့် ငွေကြေးနှင့် ပစ္စည်းများကို တရားဝင်အသွင် ပြောင်းခြင်းမပြုလုပ်နိုင်ရန် အစိုးရဌာနများ၊ ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် စီးပွားရေးအဖွဲ့အစည်းများပူးပေါင်း၍ စောင့်ကြည့်ခြင်းနှင့် သတင်းဖလှယ်ခြင်းတို့ ဆောင်ရွက် နိုင်ရန် စီမံဆောင်ရွက်ရမည်။

(င) အကြမ်းဖက်မှုကျူးလွန်သူများ၊ အားပေးကူညီသူများ၊ ပါဝင်ပတ်သက်သူများ၊ အကြမ်းဖက် မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုကျူးလွန်သူများအား သက်သေခံငွေကြေးနှင့် ပစ္စည်း များနှင့်အတူ သက်ဆိုင်ရာတရားရုံးသို့ တရားစွဲဆိုတင်ပို့ရေးအတွက် စိစစ်ကြီးကြပ် ဆောင်ရွက်ရမည်။

၇၆။ စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့သည် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်း ရေးအဖွဲ့နှင့် ညှိနှိုင်းပြီး–

(က) အကြမ်းဖက်မှုဆိုင်ရာ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထား သည့်ပစ္စည်းများကို ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း၊ ဖျောက်ဖျက်ခြင်း၊ ဖုံးကွယ်ခြင်းတို့ မပြု နိုင်စေရေးအတွက် နည်းဥပဒေ ၆၉ အရ ထုတ်ဆင့်ထားသည့် တားမြစ်ချက်နှင့် ထိန်းချုပ်မိန့် တို့နှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စောင့်ကြပ်စစ်ဆေးခြင်းနှင့် စုံစမ်းထောက်လှမ်း ခြင်းတို့ ပြုရမည်။

(ခ) သက်သေခံပစ္စည်းအဖြစ်သိမ်းဆည်းရန် အမိန့်ထုတ်ဆင့်ထားသော ငွေကြေး၊ ပစ္စည်းနှင့် အကျိုးအမြတ်များမှာ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခု၌ အပ်နှံထားခြင်း ဖြစ်ပါက ထိုသက်သေခံပစ္စည်းများကို ရှာဖွေသိမ်းဆည်းခြင်း၊ သက်ဆိုင်ရာမှတ်တမ်းများကို စစ်ဆေးကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်းနှင့် လိုအပ်ပါက သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်း ခွင့်ပြုခြင်းအတွက် သက်ဆိုင်ရာဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်း၏ တာဝန်ရှိသူများ ထံသို့ ဆက်သွယ်အကြောင်းကြားပြီး ဆောင်ရွက်ရမည်။

(ဂ) နည်းဥပဒေ ၆၉ အရ ထုတ်ဆင့်သည့်အမိန့်များနှင့်ပတ်သက်၍ ဆောင်ရွက်မှုအစီရင်ခံစာအား အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသို့ တင်ပြခြင်း ဆောင်ရွက် ရမည်။

(ဃ) အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့်အဖွဲ့အစည်းနှင့် တာဝန်ခံ များပိုင် ငွေကြေးနှင့်ပစ္စည်းများ၊ ရန်ပုံငွေများကိုလည်းကောင်း၊ အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများကိုလည်းကောင်း အကြမ်းဖက်မှုများကို စုံစမ်းစစ်ဆေးဖော်ထုတ် ခြင်း၊ သက်သေခံပစ္စည်းသိမ်းဆည်းခြင်း၊ ထိန်းချုပ်ခြင်းနှင့် တရားစွဲတင်ခြင်းများ ဆောင်ရွက်ရာတွင် ဗဟိုအဖွဲ့ သို့မဟုတ် ဗဟိုအဖွဲ့က လွှဲအပ်တာဝန်ပေးသည့် အကြမ်းဖက်မှုများအား တားဆီး နှိမ်နင်းရေးလုပ်ငန်းကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ **စာမျက်နှာ ၁၃ သို့ ☆**

☆ စာမျက်နှာ ၁၂ မှ

(င) စုံစမ်းဖော်ထုတ်ပြီး သိမ်းဆည်းသည့် ငွေကြေးနှင့် သက်သေခံပစ္စည်းများအနက် တရားရုံးရှေ့သို့တင်ပို့ရန် မလွယ်ကူသောပစ္စည်းများအား အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း သက်ဆိုင်ရာတရားရုံးသို့ လိုအပ်သော မှတ်တမ်းဓာတ်ပုံများနှင့်အတူ စာဖြင့်အစီရင်ခံတင်ပြပြီး တရားရုံး၏ စီမံခန့်ခွဲမှုအမိန့်နှင့်အညီ ဆောင်ရွက်ရမည်။

(စ) အကြမ်းဖက်မှုကျူးလွန်ရန် ထောက်ပံ့သောအဖွဲ့အစည်းများကိုလည်းကောင်း၊ အကြမ်းဖက်မှုတစ်ခုခုကို ကျူးလွန်ရာမှရရှိသည့် ငွေကြေးနှင့် ပစ္စည်းများကိုလည်းကောင်း၊ အသုံးပြုသည့်ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ စီးပွားရေးအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်နေသူများကိုလည်းကောင်း တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် မဆန့်ကျင်စေဘဲ စုံစမ်းစစ်ဆေးမေးမြန်းနိုင်သည်။

(ဆ) အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွယ်ပါဝင်သည့်အဖွဲ့အစည်းနှင့် တာဝန်ခံများပိုင် ငွေကြေးနှင့်ပစ္စည်းများ၊ ရန်ပုံငွေများကို သက်ဆိုင်ရာတရားရုံး၏ စီမံခန့်ခွဲမှုနှင့်အညီ လွှဲပြောင်းခြင်း၊ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ ဖျက်ဆီးခြင်းတို့အား တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

(ဇ) နိုင်ငံတော်နှင့်အများပြည်သူအပေါ် ရုတ်ခြည်းအန္တရာယ်ကျရောက်စေမည့် အကြမ်းဖက်မှုအား တားဆီးကာကွယ်ရေးအတွက် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသို့ ဖြစ်စဉ်ကို ချက်ချင်းတင်ပြပြီး ဆောင်ရွက်ရမည်။

၇၇။ သက်ဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များနှင့် တားဆီးနှိမ်နင်းရေး တပ်ဖွဲ့ဝင်များသည်လည်းကောင်း၊ ဗဟိုအဖွဲ့ကဖြစ်စေ၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့တို့ကဖြစ်စေ တာဝန်ပေးအပ်သည့် တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများသည်လည်းကောင်း အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ ပေးအပ်သောလုပ်ငန်းတာဝန်များကို ဥပဒေနှင့် နည်းဥပဒေများနှင့်အညီ ကျေပွန်စွာတာဝန်ထမ်းဆောင်ရာတွင် အသက်အန္တရာယ်ကိုဖြစ်စေ၊ အပြင်းအထန်နာကျင်စေမည့်ဘေးကိုဖြစ်စေ ထိခိုက်နိုင်သည့်စိုးရိမ်ဖွယ်ရာအခြေအနေ ကျရောက်ပါက မိမိကိုယ်ကိုကာကွယ်ခုခံပိုင်ခွင့်နှင့် သူတစ်ပါးအား ကာကွယ်ခုခံပိုင်ခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ကာကွယ်ခုခံပိုင်ခွင့်ရှိသည်။

၇၈။ သက်ဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့သည် ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ခ)ပါ ပြစ်မှုတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်သည့် အကြမ်းဖက်သမားအား ဖမ်းဆီးပြီး စုံစမ်းစစ်ဆေးဆဲကာလအတွင်း ချုပ်မိန့်တောင်းခံရာတွင် လုံခြုံရေးအရ အခက်အခဲရှိပါက ချုပ်မိန့်ယူရေးအတွက် တရားခံအား Video Conferencing ဖြင့် ချုပ်မိန့်ပေးရန် သက်ဆိုင်ရာ ဥပဒေအရာရှိ၊ တရားသူကြီးထံ နည်းလမ်းတကျတင်ပြ၍ ချုပ်မိန့်တောင်းခံနိုင်သည် သို့မဟုတ် တရားခံအား ဖမ်းဆီးထားသည့်ဒေသရှိ ဥပဒေအရာရှိ၊ တရားသူကြီးထံ တရားခံနှင့်အတူ နည်းလမ်းတကျ တင်ပြလျှောက်ထားနိုင်သည်။

## အခန်း (၁၄)

## အီလက်ထရောနစ် သတင်းအချက်အလက်ကြားဖြတ်ဖမ်းယူခြင်း၊ ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်းနှင့် တည်နေရာအတည်ပြုခြင်း

၇၉။ သက်ဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့သည် နိုင်ငံတော်နှင့်အများပြည်သူအပေါ် ရုတ်ခြည်းအန္တရာယ်ကျရောက်စေမည့် အကြမ်းဖက်မှုများအား တားဆီးကာကွယ်ရန်နှင့် အကြမ်းဖက်သမားတို့၏ဆက်သွယ်လှုပ်ရှားမှုများကို အချိန်နှင့်တစ်ပြေးညီ စုံစမ်းဖော်ထုတ်နိုင်ရန် အလို့ငှာ အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ဖြစ်စေ၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်စပ်လျဉ်း၍ဖြစ်စေ ၎င်းတို့၏တယ်လီဖုန်းနှင့် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်မှုများကို ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် ကြားဖြတ်ဖမ်းယူခြင်းပြုနိုင်ရေးအတွက် ဗဟိုအဖွဲ့၏ သဘောတူညီချက်ရရှိရေးအတွက် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသို့ အောက်ပါအချက်များဖော်ပြပြီး စာဖြင့်ဖြစ်စေ၊ ဖက်စ်နှင့် အီးမေးလ်တစ်ခုခုဖြင့်ဖြစ်စေ ဆောလျင်စွာ တင်ပြရမည် –

(က) တင်ပြသူ၏ အမည်၊ ရာထူး၊ အဆင့်နှင့် တပ်ဖွဲ့၊ ဌာန၊

(ခ) သတင်းအချက်အလက်ဆက်သွယ်ပြောကြားသည့် အကြမ်းဖက်သမားနှင့် အကြမ်းဖက်အုပ်စု အမည်(သိလျှင်)၊

(ဂ) ကျူးလွန်သည့် သို့မဟုတ် ကျူးလွန်တော့မည့်အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ သတင်းအချက်အလက်မှာ နိုင်ငံတော်နှင့် အများပြည်သူအပေါ် ရုတ်ခြည်းအန္တရာယ်ကျရောက်စေမည့် အကြမ်းဖက်မှုဖြစ်ကြောင်း ကျိုးကြောင်းဖော်ပြချက်၊

(ဃ) ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် ကြားဖြတ်ဖမ်းယူခြင်းပြုမည့် ဖုန်း၊ ဖက်စ်အမှတ်၊ အီးမေးလ်လိပ်စာ၊

(င) ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် ကြားဖြတ်ဖမ်းယူခြင်းပြုမည့် နေရာဒေသ (သိရှိလျှင်)၊

(စ) ပြုလုပ်လိုသည့် အချိန်ကာလ။

၈၀။ (က) အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် နည်းဥပဒေ ၇၉ အရ တင်ပြချက်ကို စိစစ်ပြီးခွင့်ပြုလိုပါက သဘောတူညီချက်ရရှိရန် ဗဟိုအဖွဲ့သို့ သဘောထားမှတ်ချက်ဖြင့် ဆက်လက်တင်ပြရမည်။

(ခ) ဗဟိုအဖွဲ့သည် နည်းဥပဒေခွဲ(က) နှင့် နည်းဥပဒေ ၇၉ တို့အရ တင်ပြချက်တို့ကိုစိစစ်ပြီး သဘောတူညီချက်ပေးခြင်း သို့မဟုတ် သဘောတူညီချက်ပေးရန် ငြင်းဆိုခြင်းပြုနိုင်သည်။

(ဂ) အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် နည်းဥပဒေခွဲ (ခ) အရ ဗဟိုအဖွဲ့၏ သဘောတူညီချက်ရရှိပါက သက်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့အား သက်ဆိုင်ရာဆက်သွယ်ရေးလုပ်ငန်းလိုင်စင် ရရှိသူထံမှ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်မှုများကို ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်း၊ ကြားဖြတ်ဖမ်းယူခြင်းပြုလုပ်နိုင်ရန် ခွင့်ပြုမိန့်ထုတ်ပေးရမည်။

(ဃ) နည်းဥပဒေခွဲ (ဂ) အရ ခွင့်ပြုမိန့်ရရှိပါက သက်ဆိုင်ရာဆက်သွယ်ရေးလုပ်ငန်း လိုင်စင်ရရှိသူသည် အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်မှုများကို ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်း၊ ကြားဖြတ်ဖမ်းယူခြင်းတို့ကို ဆောင်ရွက်ပေးရန် ငြင်းပယ်ခြင်းမပြုရ။

၈၁။ နည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ(ဂ)အရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို တစ်ကြိမ်လျှင် ရက်ပေါင်း ၆၀ ထက် မပိုစေရ။

၈၂။ သက်ဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့သည် –

(က) ကြားဖြတ်ဖမ်းယူရရှိသည့် အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုအား ငွေကြေးထောက်ပံ့မှုနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို လျှို့ဝှက်အဆင့်သတ်မှတ်၍ မှတ်တမ်းပြုစုပြီး အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြရမည်။

(ခ) အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုအား ငွေကြေးထောက်ပံ့မှုနှင့်စပ်လျဉ်း၍ ရရှိသည့် သတင်းအချက်အလက်များမှာ ပြည့်စုံမှုမရှိသေးသဖြင့် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်မှုများကို ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် ကြားဖြတ်ဖမ်းယူခြင်းအတွက် အချိန်ကာလတိုးမြှင့်ပေးရေးအတွက် ဗဟိုအဖွဲ့၏သဘောတူညီချက်ရရှိရန် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသို့ တင်ပြနိုင်သည်။

၈၃။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည်–

(က) နည်းဥပဒေ ၈၂၊ နည်းဥပဒေခွဲ (ခ) အရ တင်ပြချက်ကိုစိစစ်ပြီး ဗဟိုအဖွဲ့၏ သဘောတူညီချက်ဖြင့် အချိန်ကာလတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) နည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ(ဂ) အရ ခွင့်ပြုမိန့်ထုတ်ပေးပြီးနောက် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်မှုများကို ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် ကြားဖြတ်ဖမ်းယူခြင်းနှင့်စပ်လျဉ်း၍ မိမိလုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့တို့၏ ပြန်လည်သုံးသပ်ချက်အရဖြစ်စေ၊ သက်ဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့တို့၏ တင်ပြအစီရင်ခံချက်အရဖြစ်စေ ဆက်လက်ဆောင်ရွက်ရန် မလိုအပ်ဟု ယူဆလျှင် ထုတ်ပေးထားသည့်ခွင့်ပြုမိန့်ကို ဗဟိုအဖွဲ့၏သဘောတူညီချက်ဖြင့် ပြန်လည်ရုပ်သိမ်းနိုင်သည်။

၈၄။ ကြားဖြတ်ဖမ်းယူခြင်းပြုသော အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်သည့် သတင်းအချက်အလက်များကို အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုအား ငွေကြေးထောက်ပံ့မှုနှင့်စပ်လျဉ်းသည့် စုံစမ်းထောက်လှမ်းသည့်အမှုတွင်ဖြစ်စေ၊ စုံစမ်းစစ်ဆေးမှုတွင်ဖြစ်စေ အသုံးပြုနိုင်ပြီး စစ်ဆေးစီရင်မှုတွင် သက်သေခံဥပဒေနှင့်အညီ သက်သေခံအဖြစ် တင်ပြနိုင်သည်။

၈၅။ မည်သူမျှ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ၏ ခွင့်ပြုမိန့်မရရှိဘဲ အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်မှုများကို ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် ကြားဖြတ်ဖမ်းယူခြင်း မပြုရ။

## အခန်း (၁၅)

## အကြမ်းဖက်သမားတရားခံအား လွှဲပြောင်းပေးခြင်း

၈၆။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ခ)ပါ အကြမ်းဖက်မှုကျူးလွန်သည့် ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ နိုင်ငံတော်ကအဖွဲ့ဝင်အဖြစ် လက်ခံထားသော အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းများ၊ ပရိုတိုကောလ်များ (Protocols)နှင့် အာဆီယံကွန်ဗင်းရှင်းတို့အရ တရားခံလွှဲပြောင်းပေးနိုင်သောပြစ်မှုများအဖြစ်မှတ်ယူ၍ ဆောင်ရွက်ရမည်။

၈၇။ တရားခံလွှဲပြောင်းပေးနိုင်သောပြစ်မှုများအဖြစ်မှတ်ယူ၍ ဆောင်ရွက်ရမည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ခ) ပါ အကြမ်းဖက်မှုတစ်ခုခုကို နိုင်ငံတော်ကအဖွဲ့ဝင်အဖြစ် လက်ခံထားသော အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းများ၊ ပရိုတိုကောလ် (Protocols)များနှင့် အာဆီယံကွန်ဗင်းရှင်းတို့ကို အထောက်အထားပြု၍လည်းကောင်း၊ တရားခံလွှဲပြောင်းပေးခြင်းဆိုင်ရာ နှစ်နိုင်ငံသဘောတူညီချက်ကို အထောက်အထားပြု၍လည်းကောင်း တရားခံလွှဲပြောင်းရေးဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ရမည်။

၈၈။ သက်ဆိုင်ရာလုပ်ငန်းကော်မတီနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီတို့သည် အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ တားဆီးနှိမ်နင်းရေးနှင့် အရေးယူရေးတို့ ဆောင်ရွက်ရာတွင် ပြည်ပနိုင်ငံတစ်ခုခုရှိ အကြမ်းဖက်သမားနိုင်ငံသားတရားခံအား နိုင်ငံတော်သို့ လွှဲပြောင်းပေးရန် တောင်းဆိုလိုပါက တရားခံလွှဲပြောင်းရေးဥပဒေပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ တရားခံလွှဲပြောင်းပေးရန် တောင်းဆိုခြင်းခံရသည့် ပြည်ပနိုင်ငံ၏ ပြဋ္ဌာန်းဥပဒေနှင့် အခြားစည်းကမ်းချက်များကို လည်းကောင်း အထောက်အထားပြု၍ ဆောင်ရွက်ရမည်။

၈၉။ သက်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ သို့မဟုတ် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့သည် အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ပြည်ပနိုင်ငံတစ်ခုခုရှိ အကြမ်းဖက်သမား နိုင်ငံသားတရားခံအား နိုင်ငံတော်သို့လွှဲပြောင်းပေးရန် တောင်းဆိုလိုပါက အောက်ပါအချက်များဖော်ပြပြီး သက်ဆိုင်ရာ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့သို့ တင်ပြရမည် –

(က) အကြမ်းဖက်မှု ဖြစ်စဉ်အကျဉ်းချုပ်၊

(ခ) လွှဲပြောင်းပေးစေလိုသည့် အကြမ်းဖက်သမားတရားခံနှင့် အကြမ်းဖက်အုပ်စု အမည်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်း၊ ဖက်စ်အမှတ်နှင့် အီးမေးလ်လိပ်စာ(သိရှိလျှင်)၊

(ဂ) အရေးယူထားသည့် ဥပဒေပုဒ်မနှင့် ချမှတ်နိုင်သည့် အမြင့်ဆုံးပြစ်ဒဏ်၊

(ဃ) အကြမ်းဖက်သမား၏ ကိုယ်ရေးအချက်အလက်များ၊

(င) ရရှိသောသတင်းအချက်အလက်နှင့် အထောက်အထားများ၊

(စ) ပထမသတင်းပေးတိုင်တန်းချက်အကျဉ်းနှင့် အရေးယူထားသည့်ဥပဒေနှင့် ပုဒ်မ၊

(ဆ) စုံစမ်းစစ်ဆေးမှု၊ စုံစမ်းထောက်လှမ်းမှုနှင့် စစ်ဆေးစီရင်မှုအခြေအနေ၊

(ဇ) ပြည်ပနိုင်ငံက ဆောင်ရွက်ပေးစေလိုသည့် ကိစ္စ၊

(ဈ) ပြည်ပနိုင်ငံက ဆောင်ရွက်ပေးရမည့် အချိန်ကာလ (အလျင်အမြန်ဆောင်ရွက်ရမည့် ကိစ္စဖြစ်ပါက အလျင်အမြန်ဆောင်ရွက်ရန် ဖော်ပြချက်)၊

(ည) တရားခံလွှဲပြောင်းရယူပြီး ဆက်လက်၍စုံစမ်းထောက်လှမ်းခြင်း၊ တရားစွဲဆိုခြင်းတို့အတွက် အရေးယူဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ။

၉၀။ သက်ဆိုင်ရာလုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့တို့သည် နည်းဥပဒေ ၈၉ အရ တင်ပြချက်ကို စိစစ်ပြီး ပြည်ပနိုင်ငံတစ်ခုခုရှိ အကြမ်းဖက်သမား နိုင်ငံသားတရားခံအား နိုင်ငံတော်သို့ လွှဲပြောင်းပေးရန် တောင်းဆိုလိုပါက နည်းဥပဒေ ၈၉ ပါ အချက်အလက်များဖော်ပြ၍ ဗဟိုအဖွဲ့၏ သဘောတူညီချက်ဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီသို့ အကြောင်းကြားရမည်။

(ဆက်လက်ဖော်ပြပါမည်)



## လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ဂုဏ်ပြုချီးမြှင့်

နေပြည်တော် မတ် ၁၁

ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း လုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို စေတနာရှင်အလှူရှင်များက စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ရှိ တိုင်းခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ကျေးဇူးတင်အမှာစကားပြောကြားသည်။ ထို့နောက် စေတနာရှင်အလှူရှင်များက ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း လုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများကို ဂုဏ်ပြုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက စေတနာရှင်အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

### ချီးမြှင့်ပေးအပ်

ဆက်လက်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံကြိုးစားထမ်းဆောင်နိုင်ခဲ့ကြသည့် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို တိုင်းမှူးက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ရာ ဆုရရှိကြသူများက လက်ခံရယူကြသည်။

ယင်းနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုလှူဒါန်းသည့် စေတနာရှင်အလှူရှင်များ၏ ကိုယ်စားတာဝန်ရှိသူတစ်ဦးက ဂုဏ်ပြုလှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး တိုင်းမှူးက တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်၊ လုပ်ငန်းသုံးပစ္စည်းများ၊ စက်မှုကုန်ကြမ်းပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၁၁

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာတွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ မတ် ၆ ရက်တွင် ကုန်သေတ္တာ ခုနစ်လုံးအတွင်းမှ Valid for Prior Arrival(VPA) ၆၁ ရက်ကျော်လွန်သော Wood Grain Filler ၄၈၇ ကီလိုဂရမ်၊ Porcelain Tile ၅၃၅ ဖာ၊ Haiter ၆၇၂ ကီလိုဂရမ်၊ PET Resin ၄၄၀၀၀ ကီလိုဂရမ်၊ Conical Rotor Motor နှစ်လုံးနှင့် သန့်စင်ခန်းသုံးပစ္စည်းများအပါအဝင် ကုန်ပစ္စည်း ၈၄ မျိုး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၄၃၇၁၀၆၂၅)ကို လည်းကောင်း၊ မတ် ၇ ရက်တွင် ကုန်သေတ္တာ နှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ၊ သွင်းကုန် လိုင်စင်တို့နှင့် ကွဲလွဲပါရှိလာသော စက်မှုကုန်ကြမ်းချည်မျှင် ကီလိုဂရမ် ၅၂၅၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၈၇၁၇၇၆၀)နှင့် Valid for Prior Arrival(VPA) ၆၁ ရက်ကျော်လွန်သော မီးဖိုချောင်သုံး စတီးဘေဇင် အလုံး ၅၀ အပါအဝင် ကုန်ပစ္စည်း ၁၈ မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၅၇၅၀၀)ကို လည်းကောင်း၊ မတ် ၈ ရက်တွင် မြန်မာစက်မှုဆိပ်ကမ်းကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ Valid for Prior Arrival(VPA) ၆၁ ရက်ကျော်လွန်သော Corundum Plastic ကီလိုဂရမ် ၁၄၁၅၀၊ 60W Led Bulb အလုံး ၄၀၃၈၀ အပါအဝင် ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၂၁၉၇၃၂ ကို လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၈၅၀၅၆၁၇)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မတ် ၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ၁၆ မိုင်ကျောက်ချောစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မှ မန္တလေးမြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ် သုံးစီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိသော စက်မှုကုန်ကြမ်းအထည်အလိပ်များ ကီလိုဂရမ် ၅၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၅၇၁၉၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော Chenglong Tractor Head တစ်စီး၊ Beiben Tractor Head တစ်စီး၊ Mitsubishi Fuso Tractor Head တစ်စီးနှင့်နောက်တွဲ ယာဉ်သုံးတွဲ(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀၀၀) စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၃၅၇၁၉၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ် ၉ ရက်တွင် ကလေးဝမြို့နယ်အတွင်း၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များဖြစ်သည့် Canda 125 တစ်စီး၊ New Anbo တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ မတ် ၁၀ ရက်တွင် စစ်ကိုင်းမြို့အဝင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့က လိုင်စင်မဲ့ Toyota Crown မော်တော်ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ ဟုမ္မလင်းမြို့နယ် ခိုပဲဝဆိပ်ကမ်း၌ ဟုမ္မလင်းမြို့နယ်သစ်တောဦးစီးဌာနဦးဆောင်သော စစ်ဆေးရေးအဖွဲ့က တရားမဝင်အင်ခွဲသား သုည ဒသမ ၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀)ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၀၉၀၀၀၀)ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။

ထို့အပြင် မတ် ၁၀ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပဲခူးခရိုင်သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျောက်တံခါးမြို့နယ် အိုင်တုံကွန်းကြိုးဝိုင်းအတွင်း တရားမဝင် ကညင်ခွဲသားနှင့် ဘိုင်ခွဲသား ၄ ဒသမ ၈၇၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၄၆၄၈) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မတ် ၆ ရက်၊ ၇ ရက်၊ ၈ ရက်၊ ၉ ရက်နှင့် ၁၀ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၃၆၃၇၄၅၅) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ သတင်းစဉ်

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

# ဓာတ်ခွဲနမူနာစုစုပေါင်း ၅၀၄၂ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၁-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၀-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၁-၃-၂၀၂၃) ရက်နေ့၊ ည(၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၅,၀၄၂)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၀၉၇,၆၆၀)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၃,၉၅၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ(၂)ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၁၄,၄၄၁)ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကိုလျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ်(New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

## အာမခံအလုပ်သမားများအတွက် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ထုတ်ပေး

ပြည် မတ် ၁၁

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့သည်၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ မြန်မာ့သစ်လုပ်ငန်း



အခြေစိုက်အလုပ်ရုံမှ အာမခံအလုပ်သမား၏ လုပ်ငန်းခွင်ပြင်ပထိခိုက်သေဆုံးခဲ့ခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ပြုငွေများကို ၎င်း၏ မိသားစုထံ လက်ဝယ်အရောက်ထုတ်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ အကျိုးခံစားခွင့်များခွင့်ပြုထုတ်ပေးရာတွင် လူမှုဖူလုံရေးအဖွဲ့ ပဲခူးတိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းစိုးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်မြို့မြန်မာ့သစ်လုပ်ငန်း အခြေစိုက်အလုပ်ရုံမှ အာမခံအလုပ်သမား ဦးဇော်မြင့်ဦး၏ လုပ်ငန်းခွင်ပြင်ပထိခိုက်သေဆုံးခဲ့ခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် ၁၀၈၀၀၀၀၀ ကို ဇနီးဖြစ်သူ ဒေါ်ဇာခြည်ကျော်ထံသို့ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်းနှင့် အာမခံအလုပ်သမား ၁၂ ဦးအတွက် ဆေးဖိုးကုန်ကျငွေများအပါအဝင် စုစုပေါင်းငွေကျပ် ၁၃၀၂၇၁၀၈ ကို ခွင့်ပြုပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း ပြည်ခရိုင်လူမှုဖူလုံရေးအဖွဲ့ထံမှသိရသည်။ **ခရိုင်(ပြန်/ဆက်)**



## မိုးနဲမြို့ရှိ ဆင်တောင်(လွိုင်စန့်)စေတီပရိဝုဏ်၌ စုပေါင်းလုပ်အားဒါနပြု

မိုးနဲ မတ် ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၏ ကျက်သရေဆောင် ဆင်တောင်(လွိုင်စန့်) စေတီပရိဝုဏ်၌ ယနေ့နံနက် ၇ နာရီတွင် ဌာနဆိုင်ရာ များပါဝင်သောအဖွဲ့က လုပ်အားဒါနကုသိုလ်ပြုခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်၏ ကြီးကြပ်မှုဖြင့် စေတီတော်ပရိဝုဏ်အတွင်းရှိ အမှိုက်များရှင်းလင်းခြင်း၊ အရံစေတီတော်များပေါ်တွင် ပေါက်ရောက်နေသော သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ မီးရှို့ဖျက်ဆီးရသည်များကို မီးရှို့ဖျက်ဆီးခြင်းများကို လည်းကောင်း၊ ကွန်နားကျေးရွာအုပ်စုရှိ ကုန်းကျောင်းကျေးရွာ၊ လွိုင်လင်းကျေးရွာတို့မှ ဒေသခံပြည်သူများက ဆင်တောင်(လွိုင်စန့်) စေတီတော်ရေရှည်တည်တံ့ခိုင်မြဲရေး မြေထိန်းနံရံဆောက်လုပ်ရာတွင် သဲ၊ ကျောက်များ တောင်ပေါ်သို့သယ်ယူခြင်းများကို အင်အား ၁၂၀ ခန့်ဖြင့် လုပ်အားဒါန ပါဝင်ကုသိုလ်ပြုဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**

## သနပ်ပင်မြို့နယ်၌ ၂၀၂၂-၂၀၂၃ ခုနှစ် နွေစပါးပေါင်စနစ် စံပြစိုက်ကွက်ရိတ်သိမ်း

သနပ်ပင် မတ် ၁၁

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကျင်းပသည့် ၂၀၂၂-၂၀၂၃ ခုနှစ် နွေစပါးပေါင်စနစ် စံပြကွက်ရိတ်သိမ်းခြင်းကို ယနေ့နံနက်ပိုင်းက လယ်မြေကွင်းအမှတ် ၈၅၉(က) ဦးပိုင်အမှတ်(၂) ဈေးပိုင်းရပ်ကွက် တောင်သူ ဦးမင်းနောင်၏ လယ်ယာမြေ၌ ကျင်းပသည်။

အဆိုပါ နွေစပါးပေါင်စနစ်စံပြကွက် ရိတ်သိမ်းပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းထက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် လယ်ယာမြေစီမံခန့်ခွဲရေး စာရင်းအင်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ဒေသခံတောင်သူများက စပါးရိတ်ခြွေစက်ဖြင့် နွေစပါးပေါင်စနစ် စံပြကွက်ရိတ်သိမ်းနေမှုများနှင့် နွေစပါး အောင်မြင်




ဖြစ်ထွန်းနေမှုများကို ကြည့်ရှုကြသည်။

ထိုသို့ နွေစပါးပေါင်စနစ်စံပြကွက် ဆင်းသုခမျိုးစပါး စိုက်ဧက ၁၀ ဧက ရိတ်သိမ်းရာတွင် တစ်ဧကလျှင် အထွက်နှုန်းအစိုချိန် ၁၂၆ ဒသမ ၅ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## စဉ့်ကူးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာနှစ်ရွာအား အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေး

စဉ့်ကူး မတ် ၁၁

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြသီတာကျေးရွာနှင့် ရွှေဂုံတိုင်ကျေးရွာတို့အား မြစိမ်းရောင်စီမံကိန်းလုပ်ငန်း(တတိယ) အကြိမ်မြောက် အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်း အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### ရှင်းလင်းပြောကြား

ရှေးဦးစွာ စဉ့်ကူးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ (ခေတ္တ)မြို့နယ်ဦးစီးမှူး ဒေါ်နော်အေးအေးထူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းဖြင့် ကျေးလက်နေပြည်သူများ၏ ဆင်းရဲမှုလျှော့ချနိုင်စေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပြင် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

### ထုတ်ချေးပေး

ဆက်လက်၍ စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ (ခေတ္တ)မြို့နယ်ဦးစီးမှူး ဒေါ်နော်အေးအေးထူးနှင့် စီမံကိန်းတာဝန်ခံတို့က မြသီတာကျေးရွာနှင့် ရွှေဂုံတိုင်ကျေးရွာတို့မှ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၂ ဦးအတွက် ငွေကျပ် ၃၂ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၀ အတွက် ငွေကျပ် ၁၁ ဒသမ ၆၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦးအတွက် ငွေကျပ် ၁၃ ဒသမ ၂၅ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးအတွက် ငွေကျပ် ၃ ဒသမ ၄ သန်း၊ အသက်မွေးလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးအတွက် ငွေကျပ် ၃ ဒသမ ၄၅ သန်း၊ စုစုပေါင်းကျေးရွာ နှစ်ရွာတို့မှ အသင်းသားအသင်းသူ ၁၉၀ တို့အတွက် မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေကျပ် ၆၄ ဒသမ ၃၅ သန်းကို စီမံကိန်းကော်မတီဝင်များထံ ထုတ်ချေးပေးခဲ့ပြီး ကျေးရွာကော်မတီဝင်များမှတစ်ဆင့် အသင်းသား အသင်းသူများထံသို့ နေ့ချင်းပြီးထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မိုင်းယောင်းမြို့နယ်ရှိ ကျေးရွာသုံးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ဒုတိယအကြိမ် ထုတ်ချေး

မိုင်းယောင်း မတ် ၁၁

မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီဌာနက ဟောင်ကြန့်ကျေးရွာအုပ်စု ခိုကဲကျေးရွာ၊ ကုက္ကိုလ်ကျေးရွာနှင့် ကောင်းကဲကျေးရွာတို့ရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် ရည်ရွယ်ချက်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ဒုတိယအကြိမ် ပြန်လည်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ခိုကဲကျေးရွာ၌ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။



ရှေးဦးစွာ မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးစံလင်းက ကျေးရွာများရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင် အသင်းသား အသင်းသူများ၊ ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာများရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၁၈၈ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူငါးဦးကို ငွေကျပ် ၄၅ သိန်းနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၆၇ သိန်း စုစုပေါင်း အသင်းသားအသင်းသူ ၃၁ ဦးအား အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ အား ဒုတိယအကြိမ် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

၂၂၂

## သာယာဝတီမြို့နယ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

သာယာဝတီ မတ် ၁၁

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ်(သာယာဝတီ)မှ ဦးဆောင်၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့မွန်းလွဲပိုင်းက သာယာဝတီမြို့နယ် ဂုံမင်းမြောင်ကျေးရွာ ကံကလေးဆက်သွယ်ရေးလမ်းမဘေးရှိ Huashen International Limited အထည်ချုပ်စက်ရုံ၌ ကျင်းပခဲ့သည်။



အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး တပ်ဖွဲ့စိတ် (သာယာဝတီ)မှ တပ်ဖွဲ့စိတ်မှူး ရဲအုပ်ဥက္ကာသွင်က လူကုန်ကူးခံရခြင်းတွင် အများဆုံးဖြစ်ပွားလေ့ရှိသော ပုံစံများ၊ လူကုန်ကူးခြင်းခံရပါက ဆက်သွယ်ဆောင်ရွက်ရမည့် အကြောင်းအရာများ၊ လူမှုကွန်ရက်အသုံးပြု၍ နည်းမျိုးစုံဖြင့် စည်းရုံးနေမှုများအား သတိပြုဆင်ခြင်နိုင်ရေး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပါ အကြောင်းအရာများနှင့် ပတ်သက်၍ ပရိုဂျက်တာဖြင့် ပြသ၍ အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ စက်ရုံအလုပ်သမား အမျိုးသား ၂၀၊ အမျိုးသမီး ၈၀ စုစုပေါင်း ၁၀၀ တက်ရောက်ကြပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဆောင်ရွက်ခဲ့သည့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

မှော်ဘီ မတ် ၁၁

မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အတွင်းရှိ သဲဖြူကျေးရွာ၊ ကံကလေးကျေးရွာ၊ လိပ်ပွတ်ကျေးရွာ၊ သာယာကုန်း(ရွာသစ်)ကျေးရွာနှင့် ပေါက်ကုန်း(ကျီးပင်ဆိပ်)ကျေးရွာငါးရွာတို့တွင် ဆောင်ရွက်လျက်ရှိပြီး ယမန်နေ့နံနက်ပိုင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရရှိငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ စစ်ဆေးရာတွင် မှော်ဘီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်နှင့် တာဝန်ရှိသူများက သဲဖြူကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၈ ဒသမ ၄၂ သန်းဖြင့် ဆောင်ရွက်ခဲ့သည့် ကျေးရွာတွင်းကွန်ကရစ်လမ်းအရှည် ပေ ၄၅၀၊ အကျယ်ရှစ်ပေ၊ ဒုကိုးလက်မ၊ ကံကလေးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၀ ဒသမ ၆၅ သန်းဖြင့် ဆောင်ရွက်ခဲ့သည့် ကျေးရွာတွင်းကွန်ကရစ်လမ်းအရှည် ပေ ၅၈၀၊ အကျယ် ရှစ်ပေ၊ ဒုခြောက်လက်မ၊ လိပ်ပွတ်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၉ ဒသမ ၁၆ သန်းဖြင့်ဆောင်ရွက်ခဲ့သည့် ကျေးရွာတွင်းကွန်ကရစ်လမ်းအရှည် ပေ ၉၂၀၊ အကျယ် ရှစ်ပေ၊ ဒုခြောက်လက်မ၊ သာယာကုန်း(ရွာသစ်)ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၄ ဒသမ ၉၀ သန်းဖြင့် ဆောင်ရွက်ခဲ့သည့် ကျေးရွာတွင်း ကွန်ကရစ်လမ်းအရှည် ပေ ၆၆၀၊ အကျယ် ၁၀ ပေ၊ ဒုခြောက်လက်မနှင့်ပေါက်ကုန်း(ကျီးပင်ဆိပ်)ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၉ ဒသမ ၁၆ သန်းဖြင့် ဆောင်ရွက်ခဲ့သည့် ကျေးရွာတွင်းဂဝံလမ်းခင်းခြင်း အရှည်ပေ ၃၈၄၀၊ အကျယ် ရှစ်ပေ၊ ဒုရှစ်လက်မ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျေးရွာတွင်းလမ်းများကို ဦးစားပေးအနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်းနှင့် လုပ်ငန်းများကို ဖေဖော်ဝါရီလ တတိယအပတ်မှစတင်ဆောင်ရွက်ခဲ့ရာ မတ် ၉ ရက်တွင် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ပြီးစီးအောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၃-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၀၅ | ၂၁၅၅ | ၂၁၅၀ | ၂၁၁၅ | ၂၁၅၅ | ၂၁၇၅ | ၂၁၆၀ | ၂၁၄၀ | ၂၂၃၅ | ၂၂၅၅ | ၂၁၄၅ | ၂၁၅၅ | ၂၁၉၀ | ၂၁၉၀ | ၂၁၉၅ | ၂၄၂၅ | ၂၈၁၀ |
| 95 Ron | ၂၁၉၀ | ၂၂၄၀ | ၂၂၄၀ | ၂၂၀၀ | ၂၂၄၀ | ၂၂၆၀ | ၂၂၄၅ | ၂၂၂၅ | ၂၃၂၀ | ၂၃၄၀ | ၂၂၃၀ | ၂၂၄၅ | ၂၂၇၅ | ၂၂၇၅ | ၂၂၈၀ | ၂၅၁၀ | ၂၈၈၅ |
| HSD (500 ppm) | ၂၁၁၀ | ၂၁၅၅ | ၂၁၅၅ | ၂၁၁၅ | ၂၁၅၅ | ၂၁၈၀ | ၂၁၇၅ | ၂၁၄၀ | ၂၂၆၀ | ၂၂၅၅ | ၂၁၅၀ | ၂၁၆၀ | ၂၁၉၅ | ၂၁၉၅ | ၂၁၉၅ | ၂၄၂၅ | ၃၁၀၀ |
| HSD (50 ppm) | ၂၁၉၀ | ၂၂၃၅ | ၂၂၃၅ | ၂၁၉၅ | ၂၂၃၅ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၀ | ၂၃၄၀ | ၂၃၃၅ | ၂၂၃၀ | ၂၂၄၀ | ၂၂၇၅ | ၂၂၇၅ | ၂၂၇၅ | ၂၅၀၅ | ၃၁၃၀ |
| HSD (10 ppm) | ၂၁၉၀ | ၂၂၃၅ | ၂၂၃၅ | ၂၁၉၅ | ၂၂၃၅ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၀ | ၂၃၄၀ | ၂၃၃၅ | ၂၂၃၀ | ၂၂၄၀ | ၂၂၇၅ | ၂၂၇၅ | ၂၂၇၅ | ၂၅၀၅ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၉၈ | ၂၀၇၂ |
| 95 Ron | ၂၀၈၀ | ၂၁၅၅ |
| HSD (500 ppm) | ၂၀၀၄ | ၂၀၇၃ |
| HSD (50 ppm) | ၂၀၇၈ | ၂၁၄၉ |
| HSD (10 ppm) | ၂၀၇၈ | ၂၁၄၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# (၇၈) နှစ်မြောက် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် လှိုင်းဘွဲ့-ကမ်းနီ(ရွှေဂွန်း)လမ်းဖွင့်



ဘားအံ မတ် ၁၁

(၇၈) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လှိုင်းဘွဲ့-ကမ်းနီ (ရွှေဂွန်း) လမ်းဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီက လှိုင်းဘွဲ့မြို့နယ် ကွမ်တာကျေးရွာ ကျောက်တစ်လုံးဘုန်းတော်ကြီးကျောင်းအနီးရှိ အဆိုပါလမ်း မုခ်ဦးတည်နေရာ၌ ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယခုကဲ့သို့ လမ်း၊ တံတားများတိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်လာခြင်းကြောင့် ပြည်နယ်အတွင်း နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အစစအရာရာ မြင့်မား တိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

**ပိုမိုကောင်းမွန်**

ကရင်ပြည်နယ်ဝန်ကြီးချုပ်က လာမည့် ဘဏ္ဍာနှစ်များတွင်လည်း မိမိတို့ ကရင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသခံပြည်သူများ ယခုထက်မက လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာစေရေးအတွက် အဓိကလိုအပ်လျက်ရှိသည့် လမ်း၊ တံတားလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ အဆင့်မြင့်တင် တိုးတက်ဆောင်ရွက်ရန် ကျန်ရှိသည့် လမ်း၊ တံတားများကို ဆက်လက် ဆောင်ရွက်ရာတွင် အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန်နှင့် လမ်း၊ တံတားများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဒေသခံ တိုင်းရင်းသားပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ နယ်ခြားစောင့်တပ်ဗဟိုအကြံပေးနှင့်ကွပ်ကဲရေးရုံး အမှတ်(၂)တပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီး စောကြာအင်းနှင့် တာဝန်ရှိသူများက လှိုင်းဘွဲ့-ကမ်းနီ (ရွှေဂွန်း) လမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး လမ်းကို ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ကြ သည်။

**ဆက်လက်ဆောင်ရွက်**

ယနေ့ဖွင့်လှစ်သည့် လှိုင်းဘွဲ့-ကမ်းနီ (ရွှေဂွန်း) လမ်းသည် လှိုင်းဘွဲ့မြို့မှ ကွမ်တာကုန်း၊ ကွမ်တာ၊ ကပ္ပလီ၊ သာယာကုန်း စသည့်ရွာများကိုဖြတ်ပြီး ကမ်းနီမှတစ်ဆင့် မြိုင်ကြီးငူအထူးဒေသ-မဲသဝေါနယ်စပ်သို့လည်းကောင်း၊ သံလွင်မြစ် တစ်ဖက်ကမ်း ကမမောင်း - ဖာပွန်မြို့များသို့လည်းကောင်း၊ ကမ်းနီမှတစ်ဆင့် ရွှေဂွန်းတိုက်နယ်၊ ထိုမှ ဘားအံမြို့သို့လည်းကောင်း သွားလာနိုင်ပြီး ၁၉ ဒသမ ၃ ကီလိုမီတာ အရှည်ရှိကာ ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အထိ ၁၈ ပေအကျယ် ကတ္တရာလမ်းအဖြစ် ၆ ဒသမ ၈ ကီလိုမီတာ၊ ၁၂ ပေအကျယ် ကတ္တရာလမ်း ၁၂ ဒသမ ၅ ကီလိုမီတာ ဆောင်ရွက်ခဲ့ပြီး လာမည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင်လည်း ၁၀ ကီလိုမီတာမှ ၁၇ ဒသမ ၅ ကီလိုမီတာအထိ လမ်းတာဘောင် ကျဉ်းသောနေရာများကို ပေ ၄၀ အကျယ်ရရှိစေရန် မြေသားတာဘောင်ချဲ့ခြင်းလုပ်ငန်းနှင့် အခြားလိုအပ်သောလမ်း၊ တံတား လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# လျှပ်စစ်ဓာတ်အားဖူလုံစွာရရှိရေး ညှိနှိုင်းအစည်းအဝေးနှင့် MSMEs စီးပွားရေးလုပ်ငန်းများအတွက် အလုပ်ရုံဆွေးနွေး

မုံရွာ မတ် ၁၁

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ဖူလုံစွာရရှိရေးအတွက် ဒေသအစီအစဉ်ဖြင့် ဆောင်ရွက်နိုင်မည့်လုပ်ငန်းများ ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် နည်းလမ်းများအနေဖြင့် စပါးခွံ၊ လေအား၊ ရေအား၊ နေအား၊ ကျောက်မီးသွေးနှင့် စွန့်ပစ်ပစ္စည်းများမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့တိုင်းဒေသကြီးအတွင်း နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ လေရှီး၊ လဟယ်၊ နန်းယွန်းမြို့နယ်တို့တွင် အသေးစားရေအားလျှပ်စစ်စနစ်ဖြင့် လျှပ်စစ်ကိုအသုံးပြုလျက်ရှိကြောင်း၊ ဟုမ္မလင်းမြို့နယ်အတွင်း တည်ဆောက်လျက်ရှိသည့် နမ့်ပငချောင်းမှ ၆ မဂ္ဂါဝပ်ထွက်ရှိမည့် ရေအားလျှပ်စစ်စီမံကိန်းကို ၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် အပြီးတည်ဆောက်သွားရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ ထပ်မံ၍ လဟယ်မြို့နယ်တွင် ဟွေ့ထိုက်ချောင်းမှ ၄ မဂ္ဂါဝပ်ထွက်ရှိမည့် ရေအားလျှပ်စစ်လုပ်ငန်းနှင့် နေရောင်ခြည်စွမ်းအင်မှ ဓာတ်အားထုတ်လုပ်မှုများလည်း ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် MSMEs စီးပွားရေးလုပ်ငန်းများအတွက် အခြေခံစီမံခန့်ခွဲမှု အလုပ်ရုံဆွေးနွေးပွဲသို့ Video Conferencing ဖြင့် တက်ရောက်ပြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSMEs) များဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ MSMEs လုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးတိုးတက်ခြင်းသည် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်းပင်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း၌ရှိသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို သက်ဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အားပေးကူညီသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# (၄၉) နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ်အကြို ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ

မော်လမြိုင် မတ် ၁၁

မတ် ၁၉ ရက်တွင် ကျရောက်မည့် မွန်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ထူးချွန်သောဂေါက်သီးရိုက်အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ၂၀၂၃ ခုနှစ် (၄၉) နှစ်မြောက် မွန်ပြည်နယ် နေ့အထိမ်းအမှတ်အကြို ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ငန်းတေးဂေါက်ကွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးညီညီစိုး၊ ပြည်နယ်ဝန်ကြီးများ၊ ပြိုင်ပွဲဝင် ဂေါက်သီးရိုက်အားကစားသမားများ တက်ရောက်ကြသည်။

**အသင်းအဖွဲ့နှင့်နေတတ်**

ပြည်နယ်ဝန်ကြီးချုပ်က ဂေါက်သီးရိုက်အားကစားနည်းသည် ပျော်ရွှင်မှုများ ရရှိနိုင်စေခြင်း၊ သက်တူရွယ်တူအချင်းချင်း အားပေးဖော်များကောင်းမွန်စေခြင်း၊ အသင်းအဖွဲ့နှင့်နေတတ်ခြင်း၊ ကောင်းသောယှဉ်ပြိုင်လိုစိတ် အလေ့အထကိုရရှိစေခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ပြည်နယ်ဝန်ကြီးများက (၄၉) နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ်အကြို ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင် ဂေါက်သီးရိုက်အားကစားသမားများ ယှဉ်ပြိုင်နေမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ပြည်နယ်ဝန်ကြီးများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၉ သင်းမှ အားကစားသမား ၂၂၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





# ကတ္တရာလမ်းသစ်ဖွင့်ပွဲ၊ ရေဘေးအန္တရာယ်သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးစည်းဝေး

မြစ်ကြီးနား မတ် ၁၁

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ တပ်ကုန်း (အင်ဂျန်ဒုံ) ရပ်ကွက်အတွင်းရှိ မြစ်ကြီးနားဇုန်နယ်နှစ်ခြင်းသာသနာကျမ်းစာကျောင်းဝင်းအတွင်းပတ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီကကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးကြသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် မြစ်ကြီးနားမြို့ ကျွန်းပင်သာရပ်ကွက် ဧရာဝတီမြစ်ဆိပ်၌ ရေဘေးအန္တရာယ်သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်က ယခုလိုသဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းအားဖြင့် ရေဘေးအန္တရာယ်ကျရောက်လာပါက ခရိုင်နှင့် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဝင်များနှင့် ပြည်သူများအနေဖြင့် ကြိုတင်သတိပေးချက်များရယူကာ ရေဘေးလွတ်ရာနေရာသို့ ရွှေ့ပြောင်းခြင်းနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိတ်အဆက်မိမိ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ရုံးမလိခခန်းမ၌ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး ယခုနှစ်မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို ယခင်နှစ်များထက် ပိုမိုတည်ငြိမ်အေးချမ်းစွာ၊ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားရေး ပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးအတွက် မက်မန်းခရိုင် မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ ဒေသခံပြည်သူများနှင့် တွေ့ဆုံ



**မက်မန်း မတ် ၁၁**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးနှင့် တာဝန်ရှိသူများသည် မတ် ၁၀ ရက် မွန်းလွဲ ၂ နာရီခွဲက မက်မန်းခရိုင် ဆွတ်ဝိုးတိုက်နယ်ဆေးရုံသို့ သွားရောက်ကာ ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများကို ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။ ယင်းနောက် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ ဆွတ်ဝိုးဆေးရုံအတွက် လိုအပ်သောဆေးပစ္စည်းများ ဝယ်ယူနိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေနှင့် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများကို ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ရာ ဆွတ်ဝိုးတိုက်နယ်ဆေးရုံတာဝန်ခံ ဆရာမတစ်ဦးက လက်ခံရယူသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းခရိုင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ မက်မန်းခရိုင်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန် တွေ့ဆုံကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းခရိုင်တွင် တာဝန်ထမ်းဆောင်နေသော ခရိုင်/မြို့နယ်ဝန်ထမ်းများအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေများ ပေးအပ်သည်။ ဆက်လက်၍ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီနပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က အခြေခံစားသောက်ဖွယ်ရာ ပစ္စည်းများ ပေးအပ်ရာ မက်မန်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သောင်းနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများက လက်ခံရယူကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လွယ်အိုလာရိပ်သာ တိုးချဲ့တည်ဆောက်မည့်နေရာ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သရုပ်ပြ ဥစားကြက်မွေးမြူရေးခြံ၊ မက်မန်းမြို့တွင် ဘောလုံးအားကစားကွင်း ဆောင်ရွက်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မက်မန်းမြို့အထွက် နမ့်နန်းချောင်းကွင်းတွင် တောင်သူ ဦးလိဆီ စိုက်ပျိုးထားသည့် နေကြာ၊ ပဲပုပ်စိုက်ခင်းနှင့် ကော်ဖီ၊ ထောပတ်ပျိုးခြံ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် မွေးမြူရေးဆောင်ရွက်မှုဖြင့် ပိုင်ရှင် ဦးမောင် မွေးမြူထားသော ဆိတ်ခြံအား သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်) ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၁၁**

ရခိုင်ပြည်နယ် အတွင်းရှိ ကမ်းရိုးတန်း ဒေသတစ်လျှောက်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော် ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်)ဖြင့် ရောက်ရှိနေသော တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ အထူးကုဆေးအဖွဲ့များမှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများသည် ယနေ့ လူနာများကို မာန်အောင်မြို့ ဆိပ်ကမ်းသို့ တပ်မတော် ရေယာဉ်ဖြင့် ပြန်လည်ပို့ဆောင်ပေးသည်။

ထို့အတူ နယ်လှည့်အထူးကုဆေးအဖွဲ့သည် မာန်အောင်မြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၂၁၂ ဦးကို မာန်အောင်မြို့ရှိမြို့နယ် ခန်းမ၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပေးကြသည်။

ပေးသည်။ ထို့အပြင် အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၅ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၁၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ တစ်ဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။ ထို့နောက် တပ်မတော်အထူးကုဆေးအဖွဲ့များ ပါဝင်သော တပ်မတော်ပင်လယ်သွားဆေးရုံ ရေယာဉ် (သံလွင်) သည် မာန်အောင်မြို့မှကျောက်ဖြူ မြို့နယ် စနဲမြို့သို့ ကျန်းမာရေး



တွင် မာန်အောင်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ခွဲစိတ်ကုသပြီးသော ဒေသခံပြည်သူများကို ဆေးရုံရေယာဉ်ပေါ်၌ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေး၍ မျက်မှန်များ တပ်ဆင်ပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကြသည်။ ထို့နောက် အဆိုပါ

ထိုသို့ ဆောင်ရွက်ပေးရာတွင် ယနေ့တွင် ဆေးကုသမှုဆိုင်ရာ ရောဂါ ၇၅ ဦး၊ ခွဲစိတ်ရောဂါ ခုနစ်ဦး၊ သွားဖွား/ မီးယပ်ရောဂါ ၂၄ ဦး၊ ကလေးရောဂါ ခြောက်ဦး၊ အရိုးရောဂါ ၂၇ ဦး၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ ၁၂ ဦး၊ မျက်စိရောဂါ ၂၆ ဦးနှင့် သွားနှင့် ခံတွင်းရောဂါ ၃၅ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်

စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ယနေ့ မွန်းလွဲပိုင်းတွင် ဆက်လက်ထွက်ခွာခဲ့ကြောင်း သိရသည်။

ကျန်းမာရေး ဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါတယ်–

ဦးတို့ဒေသက သီးခြားကျွန်းဖြစ်တဲ့အတွက် တခြားဒေသတွေနဲ့ ကူးလူးဆက်ဆံရတာ အခက်အခဲတွေ အများကြီးရှိပါတယ်။ အထူးသဖြင့် မိုးတွင်းကာလတွေမှာဆိုရင် လှိုင်းတွေကြီးတဲ့အတွက် ကျန်းမာရေးနဲ့ ပတ်သက်တဲ့ ဆေးကုသွားဖို့အတွက် အခက်အခဲတွေ အများကြီး ရှိပါတယ်။ ဒေသခံတွေအတွက်တော့ အများကြီး အကူအညီရပါတယ်။ ဘာလို့လဲဆိုတော့ အဝေးကိုသွားပြီး မကုနိုင်တဲ့သူတွေ မိမိဒေသမှာ ကိုယ်တိုင်လာရောက် ကုသပေးတဲ့အတွက် အများကြီး သက်သာရာလည်း ရပါတယ်။ စိတ်ချမ်းသာမှုတွေလည်း အများကြီးရပါတယ်။ ဦးကတော့ မြို့မိမြို့ဖဖြစ်တဲ့အတွက် ဒီမှာလိုအပ်တာလေးတွေ၊ လူမှုရေးဆိုင်ရာ လိုအပ်တာလေးတွေကို လူနာလာပို့တဲ့ သူတွေကိုရော၊ လူနာစောင့်တွေကိုရော ဧည့်ခံကျွေးမွေးဖို့အတွက် ဝိုင်းဝန်းကူညီပေးပါတယ်။ လာရောက်ကုသပေးဖို့အတွက် လမ်းညွှန်ပေးတဲ့ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုလည်း အထူးကျေးဇူးတင်ပါတယ်။ အခုလိုပဲ တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်) က ဦးတို့ဆီကိုလာပြီးတော့ တကူးတက ကိုယ်တွေ့လာရောက် ကုသပေးတဲ့အတွက် ကျွန်းသူ၊ ကျွန်းသားတွေကိုယ်စားအထူးပဲ ကျေးဇူးတင်ပါတယ်။

ကျွန်တော့်ရဲ့သွားက လှုပ်နေတဲ့အတွက် နုတ်ချင်လို့ပါ။ သွားရောဂါပေါ့။ ဒါကိုကုသချင်တဲ့ဆန္ဒနဲ့ ဒီကိုလာခဲ့တယ်။ ကျွန်တော်တို့ မာန်အောင်မြို့နယ်အတွက် သွားဘက်ဆိုင်ရာကိစ္စနဲ့ပတ်သက်လို့ အခက်အခဲတွေ အများကြီး ရှိပါတယ်။ အခုလိုလာရောက်ပြီး ကုသပေးတာ၊ အခုလိုတကူးတက လာပြီး ဆောင်ရွက်ပေးတာကြောင့် ကျွန်တော်တို့အနေနဲ့လည်း ကုသဖြစ်တယ်။ ကျွန်တော့်အနေနဲ့လည်း အထူးပဲဝမ်းသာတယ်။ ကျွန်တော်တို့ မာန်အောင်မြို့မှာက အထွေထွေရောဂါဆေးကုဌာန တစ်ခုပဲရှိပါတယ်။ ဒါပေမဲ့ အခုဒီနေရာမှာ နား၊ နှာခေါင်း၊ လည်ချောင်း၊ မျက်စိ၊ သွားဘက်ဆိုင်ရာရယ် အဘက်ဘက်က စုံလာတဲ့အတွက် ကုသမှုကလည်း သူ့ကဏ္ဍနဲ့သူ၊ သူ့ဌာနနဲ့သူ သီးခြားစီ ခွဲထားတော့ ပိုပြီး အဆင်ပြေတယ်လို့ မြင်မိပါတယ်။ အတတ်နိုင်ဆုံး ကြိုးစားပြီးတော့ လူနာတွေကို အဆင်ပြေအောင် ဆောင်ရွက်နေတာ ကျွန်တော်တို့အနေနဲ့ တွေ့မြင်ရပါတယ်။ ဒီလိုနိုင်ငံတော်အကြီးအကဲ ကနေပြီးတော့ ပြည်သူအတွက် ဒီလိုစေတနာ သန့်သန့်ရှင်းရှင်းနဲ့ ကူညီပံ့ပိုးလို့ ပြည်သူအပေါ်မှာ ဒီလိုလုပ်ပေး ဆောင်ရွက်တာကို ကျွန်တော်တို့ဘက်က အဆုံးတိုင် ကျေးဇူးတင်ပါတယ်။ ကိုယ်ကျိုးမဖက် ကိုယ့်မိသားစုအတွက် မပါဘဲနဲ့ ပြည်သူအတွက် တတ်နိုင်တဲ့ ဘက်ကနေပြီး ပြည်သူ့အတွက် စွမ်းစွမ်းတမံ လုပ်ကိုင်ဆောင်ရွက် ပေးတာကို ကျွန်တော်တို့အနေနဲ့ အများကြီး ဝမ်းသာပါတယ်။ ဒီလိုပဲ ဝိုင်းဝန်းပြီး ပြည်သူကို တတ်နိုင်သလောက် တစ်ဖက်တစ်လမ်းက နှစ်စဉ်နှစ်တိုင်း ဆောင်ရွက်ပေးနိုင်ပါစေလို့ ကျွန်တော့်အနေနဲ့ ဆုတောင်းမေတ္တာပို့ပါတယ်။





ဒေသခံပြည်သူများ

သတင်းစဉ်

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ၂၀၂၄ ဘဏ္ဍာနှစ် ခန့်မှန်းခြေရသုံးငွေစာရင်းအတွက် ဒေါ်လာ ၆ ဒသမ ၈ ထရီလီယံ အဆိုပြု

ဝါရှင်တန် မတ် ၁၁

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ၂၀၂၄ ဘဏ္ဍာနှစ်အတွက် ခန့်မှန်းခြေရသုံးငွေစာရင်း ဒေါ်လာ ၆ ဒသမ ၈ ထရီလီယံကို အဆိုပြုခဲ့ကြောင်း သိရသည်။

**အရေးကြီးသည့်ပြည်နယ်တစ်ခု**

ဘိုင်ဒင်က ပင်ဆယ်ဗေးနီးယားပြည်နယ်၌ မိန့်ခွန်းပြောစဉ်အတွင်း ဘတ်ဂျက်ဆိုင်ရာ အသေးစိတ်အချက်အလက်များကို ထုတ်ပြန်ခဲ့သည်။ ပင်ဆယ်ဗေးနီးယား ပြည်နယ်သည် လာမည့်နှစ် သမ္မတရွေးကောက်ပွဲတွင် အရေးကြီးသည့်ပြည်နယ်တစ်ခုဖြစ်သည်။

ဘိုင်ဒင်သည် ကလေးသူငယ်ပြုစုစောင့်ရှောက်ရေး၊ ကျန်းမာရေး



စောင့်ရှောက်မှုနှင့် ပညာရေးအပါအဝင် မိသားစုများကို အကျိုးပြုမည့် လူမှုရေးအစီအစဉ်များစွာကို ရန်ပုံငွေများစွာ ပံ့ပိုးပေးရန် ဆန္ဒရှိသည်။ စက်မှုလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာမည်ဖြစ်ကြောင်းလည်း ဘိုင်ဒင်က ဆိုသည်။

အဆိုပါ ခန့်မှန်းခြေရသုံးငွေစာရင်းတွင် ကာကွယ်ရေးအသုံးစရိတ်အတွက် အမေရိကန်ဒေါ်လာ ၈၄၂ ဘီလီယံ ခွဲဝေသုံးစွဲမည်ဖြစ်ကြောင်း သိရသည်။

**ဘတ်ဂျက်လိုငွေ လျှော့ချပေးမည်**

အချမ်းသာဆုံးအမေရိကန်များနှင့် ကော်ပိုရေးရှင်းကြီးများအပေါ် အခွန်တိုးကောက်ခြင်းဖြင့် ဘတ်ဂျက်လိုငွေကို လျှော့ချပေးမည်ဖြစ်သည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းအတွက် ထောက်ပံ့ကြေး ဒေါ်လာဘီလီယံပေါင်းများစွာကိုလည်း ဖယ်ရှားပစ်မည်ဖြစ်သည်။

သို့သော်လည်း အောက်လွှတ်တော်ရှိ ရီပတ်ဘလီကန်အမတ်များက ၎င်းတို့၏ ကိုယ်ပိုင်အသုံးစရိတ် အစီအစဉ်များကို ပြင်ဆင်လျက်ရှိသည့်အတွက် ခန့်မှန်းခြေရသုံးငွေစာရင်းဆိုင်ရာ အဆိုပြုချက်သည် ကွန်ဂရက်၏ ထောက်ခံမှုရရှိရန် မလွယ်ကူနိုင်ပေ။

အစိုးရက ချေးယူနိုင်သည့် တရားဝင်ကြွေးမြီများ မြင့်တက်လျက်ရှိသည့်အတွက် ကြွေးမြီပမာဏကို လျှော့ချပစ်နိုင်ရန် ရီပတ်ဘလီကန်နှင့် ဒီမိုကရက်တစ်လွှတ်တော်အမတ်များက ရုန်းကန်ကြိုးပမ်းနေရသည်။ အစိုးရ၏ ကြွေးမြီပမာဏသည် ဒေါ်လာ ၃၁ ထရီလီယံကျော်အထိ တိုးလာခဲ့ပြီး ဒုတိယကမ္ဘာစစ်နောက်ပိုင်းတွင် ပမာဏအများဆုံးဖြစ်သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# နစ်ဆန်းမော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီက လျှပ်စစ်ကားများကို ကုန်ကျစရိတ်သက်သာစွာဖြင့် ထုတ်လုပ်သွားမည်

တိုကျို မတ် ၁၁

နစ်ဆန်း(Nissan Motor) မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီက လျှပ်စစ်ကားများ ထုတ်လုပ်သည့်ကုန်ကျစရိတ်ကို ၂၀၃၀ ပြည့်နှစ်တွင် ဂက်စ်အင်ဂျင်ကားများကဲ့သို့ ကုန်ကျစရိတ်လျှော့ချထုတ်လုပ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

လျှပ်စစ်ကားများနှင့် ဟိုက်ဘရစ် အမျိုးအစားကားများအတွက် powertrains များမှတစ်ဆင့် အစိတ်အပိုင်းများကို အလုပ်လုပ်စေပြီး ကားကိုရွေ့လျားစေမည်ဖြစ်သည်။ လျှပ်စစ်ကားများထုတ်လုပ်ရာတွင် ရှားပါးသတ္တုများအသုံးပြုခြင်းကို ရှောင်ကြဉ်မည်ဖြစ်ပြီး တန်ဖိုးနည်း ဂက်စ်အင်ဂျင်များကဲ့သို့ ကုန်ကျစရိတ်ကို လျှော့ချထုတ်လုပ်သွားမည်ဖြစ်သည်။

ယင်းနည်းပညာဖြင့် ထုတ်လုပ်မည်ဆိုပါက လျှပ်စစ်ကားထုတ်လုပ်မှုကုန်ကျစရိတ်ကို ၃၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်မည်ဖြစ်ကြောင်း နစ်ဆန်းကုမ္ပဏီက ဆိုသည်။

ထို့ပြင် နစ်ဆန်းကုမ္ပဏီသည် ၎င်း၏ လျှပ်စစ်ကားများကို ဓာတ်ငွေ့အင်ဂျင်အစိတ်အပိုင်းများကဲ့သို့ ဈေးနှုန်းသက်သာအောင် ကူညီပေးမည့် ဘက်ထရီများကိုလည်း ထုတ်လုပ်ရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အလင်းသစ်**

# အီရန်နှင့် ဆော်ဒီအာရေဗျနှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်ရန် သဘောတူညီ

ဝါရှင်တန် မတ် ၁၁

အီရန်နှင့် ဆော်ဒီအာရေဗျနှစ်နိုင်ငံ ဆက်ဆံရေး ပြန်လည်ထူထောင်ရန် ယမန်နေ့က သဘောတူညီခဲ့ကြောင်း သိရသည်။

နှစ်နိုင်ငံအကြား ခုနစ်နှစ်ကြာ သံတမန်ဆက်ဆံရေး ပြတ်တောက်ခဲ့ပြီးနောက် ဆက်ဆံရေးပြန်လည်ထူထောင်ရန် သဘောတူညီခဲ့ခြင်းဖြစ်သည်။

**သဘောတူညီခဲ့**

ပေကျင်းမြို့တော်၌ နှစ်နိုင်ငံ ထိပ်တန်းလုံခြုံရေးအရာရှိများအကြား ဆွေးနွေးပွဲပြီးနောက် အဆိုပါ သံတမန်ဆက်ဆံရေးပြန်လည်ထူထောင်ရန် သဘောတူညီခဲ့ခြင်းဖြစ်သည်။

နှစ်လအတွင်း သံရုံးများ ပြန်လည်ဖွင့်လှစ်ရန် နှစ်နိုင်ငံတာဝန်ရှိသူများက သဘောတူညီခဲ့ကြောင်း အီရန် IRNA သတင်းဌာနက ဖော်ပြခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် အရှေ့အလယ်ပိုင်းမှ တဖြည်းဖြည်း ဆုတ်ခွာသွားသည်ဟု ပင်လယ်ကွေ့နိုင်ငံများက ယူဆသည့်အတွက် အဆိုပါ သဘောတူညီချက်သည် တရုတ်နိုင်ငံအတွက် အဓိကသံတမန်ရေးအောင်ပွဲတစ်ရပ်ဖြစ်ကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။

အမေရိကန်နိုင်ငံ အိမ်ဖြူတော် အမျိုးသားလုံခြုံရေးကောင်စီ ပြောရေးဆိုခွင့်ရှိသူ ဂျွန်ကာဘီက အီရန်နှင့် ဆော်ဒီအာရေဗျနှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးပြန်လည်ထူထောင်ရေး သဘောတူညီချက်ကို ကြိုဆိုပါကြောင်း ပြောကြားသည်။

အရှေ့အလယ်ပိုင်း၌ တင်းမာမှုများ အရှိန်



လျော့ကျသွားစေမည့် ကြိုးပမ်းမှုများကို အမေရိကန်နိုင်ငံက ကြိုဆိုကြောင်း ဂျွန်ကာဘီက ဆိုသည်။

သို့သော် အီရန်အစိုးရက နှစ်နိုင်ငံ သဘောတူညီချက်ကို သေချာစွာ လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိကိုမူ ဆက်လက်စောင့်ကြည့်ရမည်ဖြစ်ကြောင်း ဂျွန်ကာဘီက ပြောကြားသည်။

တရုတ်အစိုးရက ကြားဝင်စေ့စပ်ညှိနှိုင်းပေးသည့် အီရန်နှင့် ဆော်ဒီအာရေဗျ နှစ်နိုင်ငံအကြား ဆွေးနွေးပွဲများမှ ထွက်ပေါ်လာသည့် ရလဒ်ကောင်းများကိုလည်း ဝါရှင်တန်က ကြိုဆိုပါကြောင်း ၎င်းက ဆိုသည်။

အီရန်နှင့် ဆော်ဒီအာရေဗျ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်ရေး သဘောတူညီချက်သည် အစ္စရေးနှင့် ဆော်ဒီအာရေဗျ နှစ်နိုင်ငံဆက်ဆံရေးကို ပုံမှန်ပြန်ဖြစ်နိုင်ရန် မျှော်လင့်ကြောင်း ဂျွန်ကာဘီက ပြောသည်။

မည်သို့ပင်ဆိုစေကာမူ အီရန်နှင့် ဆော်ဒီအာရေဗျနှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်ရေး သဘောတူညီချက်ကို အမေရိကန်က ဆက်လက်ထောက်ခံသွားမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အစ္စရေးနိုင်ငံနှင့် ၎င်း၏ အိမ်နီးချင်းများအကြား ဆက်ဆံရေးသည် ပြည်သူအားလုံးအတွက် ပိုမိုကောင်းမွန်ပါကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြောကြားခဲ့ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အင်ဒိုနီးရှားနိုင်ငံအနောက်ပိုင်းတွင် မြေပြိုမှုများကြောင့် သေဆုံးသူ ၃၆ ဦးရှိလာ

ဂျကာတာ မတ် ၁၁

အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်းတွင် မြေပြိုမှုများ ဖြစ်ပွားခဲ့ပြီး သေဆုံးသူစုစုပေါင်း ၃၆ ဦးရှိလာကြောင်း သဘာဝဘေးလျော့ပါးရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူလ်မူဟာရီက မတ် ၁၁ ရက်တွင် ပြောကြားသည်။

လက်ရှိအချိန်တွင် မြေပြိုမှုဖြစ်ပွားခဲ့ခြင်းကြောင့် သေဆုံးသူရုပ်အလောင်း ၃၆ လောင်း ရှာဖွေတွေ့ရှိထားပြီးဖြစ်ကြောင်းနှင့် ပျောက်ဆုံးနေဆဲဖြစ်သည့် ၁၈ ဦးကို ရှာဖွေမှုများ ပြုလုပ်နေကြောင်း မူဟာရီက ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် မြေပြိုမှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် မတ် ၆ ရက် မွန်းလွဲပိုင်းကတည်းက မြေပြိုမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မြေပြိုမှုကြောင့် ကျေးရွာသုံးရွာ မြေအောက်နစ်မြုပ်သွားခဲ့ပြီး လူထောင်ပေါင်းများစွာသည်လည်း ယာယီရွက်ဖျင်တဲများတွင် ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံသည် မိုးရာသီကာလအတွင်း ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများကဲ့သို့သော သဘာဝဘေးများ ဖြစ်ပွားတတ်မြဲဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**

# တရုတ်နိုင်ငံမှ အမေရိကန်နိုင်ငံသို့လာရောက်သည့် ခရီးသည်များ ကိုဗစ်-၁၉ ရောဂါစစ်ဆေးမှုဆိုင်ရာ လိုအပ်ချက်များပြသရန်လိုအပ်သည့်ကြေညာချက်ကို ပြန်လည်ရုပ်သိမ်း

ဝါရှင်တန် မတ် ၁၁

အမေရိကန်နိုင်ငံသို့ တရုတ်နိုင်ငံမှ လာရောက်သည့် ခရီးသွားများသည် ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးမှုဆိုင်ရာ လိုအပ်ချက်များ ပြသရမည်ဖြစ်သည့် ကြေညာချက်ကို ရုပ်သိမ်းလိုက်ကြောင်း အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဗဟိုဌာနက ယမန်နေ့တွင် ကြေညာသည်။

ယမန်နေ့ မွန်းလွဲ ၃ နာရီမှစပြီး တရုတ်ပြည်မကြီး၊ ဟောင်ကောင်၊ မကာအိုနှင့် အခြားသတ်မှတ်ထားသော လေဆိပ်များ၌ အမေရိကန်နိုင်ငံသို့ ထွက်ခွာမည့် ခရီးစဉ်များအတွက် ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စမ်းသပ်မှုများကို ဆောင်ရွက်မည်မဟုတ်တော့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံသို့ လာရောက်မည့် ခရီးသည်များသည် သက်ဆိုင်ရာလေဆိပ်များ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရခြင်းမရှိကြောင်းနှင့် ရောဂါကူးစက်ခံထားရပြီး ကျန်းမာရေးပြန်လည်ကောင်းမွန်လာကြောင်း စသည့် ဆေးစစ်ချက်လက်မှတ်များကို ပြသရန်လိုအပ်မည်မဟုတ်တော့ကြောင်း သိရသည်။

အဆိုပါ ကျန်းမာရေးစည်းမျဉ်းများ ပြန်လည်ရုပ်သိမ်းခဲ့သည့် လေဆိပ်များအနက် တောင်ကိုရီးယားနိုင်ငံ မြို့တော်ဆိုးလ်ရှိ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်၊ ကနေဒါနိုင်ငံရှိ တိုရန်တို ပီယာဆန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ကနေဒါနိုင်ငံ ဗန်ကူးဗား အပြည်ပြည်ဆိုင်ရာလေဆိပ်တို့လည်း ပါဝင်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အလုပ်သမားများကိုယ်စားပြု အလုပ်သမားအဖွဲ့အစည်းများ ပိုမိုအားကောင်းလာစေရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့

အလုပ်သမားဝန်ကြီးဌာနသည် မြန်မာနိုင်ငံလွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာသည့် ဝန်ကြီးဌာနတစ်ခုဖြစ်ပြီး အေးချမ်းသာယာ၍ဖွံ့ဖြိုးတိုးတက်သည့် ခေတ်မီနိုင်ငံတော်ကြီးတည်ဆောက်ရာတွင် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများနှင့် လိုက်လျောညီထွေသည့် မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်၏ အဓိကကျသည့် လူ့စွမ်းအားအရင်းအမြစ်များအား ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများပေါ်ပေါက်စေရေး ဆောင်ရွက်ပေးလျက်ရှိသည်။

လုပ်သားမောင်

> ၂၀၁၁ ခုနှစ် အလုပ်သမားအဖွဲ့အစည်းဥပဒေအရ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလအထိ အခြေခံ အလုပ်သမားအဖွဲ့အစည်း ၂၈၂၄ ဖွဲ့၊ မြို့နယ် အလုပ်သမားအဖွဲ့အစည်း ၁၅၆ ဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်အလုပ်သမားအဖွဲ့အစည်း ၂၅ ဖွဲ့၊ အလုပ်သမားအဖွဲ့ချုပ် ကိုးဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့တစ်ဖွဲ့၊ အခြေခံအလုပ်ရှင် အဖွဲ့အစည်း ၂၆ ဖွဲ့၊ မြို့နယ်အလုပ်ရှင် အဖွဲ့အစည်း တစ်ဖွဲ့၊ အလုပ်ရှင်အဖွဲ့ချုပ် တစ်ဖွဲ့၊ အလုပ်သမား/ အလုပ်ရှင်အဖွဲ့အစည်း စုစုပေါင်း ၃၀၄၃ ဖွဲ့တို့ကို အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခဲ့ပြီးဖြစ်

ဝန်ကြီးဌာနအနေဖြင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(International Labour Organization-ILO)သို့ ၁၈-၅-၁၉၄၈ ရက်နေ့တွင် အဖွဲ့ဝင်အဖြစ်ဝင်ရောက်ခဲ့ပြီး အလုပ်သမားရေးရာကိစ္စရပ်များကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ အသင်းအဖွဲ့များ လွတ်လပ်စွာဖွဲ့စည်းခွင့်နှင့် စည်းရုံးလုပ်ဆောင်ခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ်(၈၇)အပါအဝင် ILO ပြဋ္ဌာန်းချက် (၁၉)ခုကို အတည်ပြုပါဝင်ခဲ့သည်။

ပြဋ္ဌာန်းချက်အမှတ်(၈၇)ကို အတည်ပြုပါဝင်ခြင်းမပြုမီကပင် အလုပ်သမားအဖွဲ့အစည်းများကို ၁၉၂၆ ခုနှစ် အလုပ်သမားသမဂ္ဂများ အက်ဥပဒေ (Trade Unions Act, 1926) အရ ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုပြီးချိန်မှစ၍ အလုပ်သမားဥပဒေများကို အပြည်ပြည်ဆိုင်ရာကတိကဝတ်များနှင့် လိုက်လျောညီထွေဖြစ်စေရန် ပြန်လည်သုံးသပ်ခြင်း၊ ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်းများဆောင်ရွက်ခဲ့ရာ အလုပ်သမားအဖွဲ့အစည်းဥပဒေကို ဦးစားပေးအဖြစ်ရေးဆွဲပြဋ္ဌာန်းခဲ့သည်။

### ILO မှ ကျွမ်းကျင်သူများ၏ အကြံဉာဏ်များထည့်သွင်းရေးဆွဲ

အလုပ်သမားအဖွဲ့အစည်းဥပဒေ (မူကြမ်း) ရေးဆွဲရာတွင် အပြည်ပြည်ဆိုင်ရာစံနှုန်းများနှင့် ကိုက်ညီမှုရှိစေရန် ILO ရုံးချုပ်မှ ကျွမ်းကျင်သူများ ပါဝင်သည့် ILO Mission ကို ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလ၊ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလနှင့် ၂၀၁၁ ခုနှစ် ဇူလိုင်လတို့တွင် မြန်မာနိုင်ငံသို့ ဖိတ်ကြားဆွေးနွေးကာ ဥပဒေမူဘောင်ချမှတ်ခဲ့ပြီး ဥပဒေ(မူကြမ်း)တွင် ပါဝင်သင့်သည့်အချက်များကို အသေးစိတ်ထပ်မံညှိနှိုင်းဆွေးနွေး၍ ILO မှ ကျွမ်းကျင်သူများ၏ အကြံဉာဏ်များ ထည့်သွင်းရေးဆွဲကာ ဥပဒေ(မူကြမ်း)ကို Confidential Basic ဖြင့် ILO ရုံးချုပ်သို့ပေးပို့ပြီး သဘောထားအကြံဉာဏ်များ ထပ်မံရယူခဲ့သည်။

ILO ၏ အကြံပြုချက်များရယူပြီး အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ စံသတ်မှတ်ချက်များနှင့်အညီဖြစ်စေရန် ရေးဆွဲပြင်ဆင်ခဲ့သော ဥပဒေ(မူကြမ်း)ကို အမျိုးသားလွှတ်တော်က ၂၀၁၁ ခုနှစ် ဩဂုတ်လတွင်လည်းကောင်း၊ ပြည်သူ့လွှတ်တော်က ၂၀၁၁ ခုနှစ် စက်တင်ဘာလတွင်လည်းကောင်း အသီးသီးအတည်ပြုကာ အလုပ်သမားအဖွဲ့အစည်းဥပဒေကို ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့တွင် နိုင်ငံတော်သမ္မတလက်မှတ်ရေးထိုးပြဋ္ဌာန်းခဲ့ပြီး ၁၉၂၆ ခုနှစ် အလုပ်သမားသမဂ္ဂများအက်ဥပဒေကို ရုပ်သိမ်းခဲ့သည်။ ဥပဒေပြဋ္ဌာန်းပြီးနောက် နည်းဥပဒေများ (မူကြမ်း)ကို ဆက်လက်ရေးဆွဲ၍ ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် ILO ရုံးချုပ်သို့ ပေးပို့ခဲ့ပြီး တစ်ချိန်တည်းတွင် ILO Mission အား မြန်မာနိုင်ငံသို့ ထပ်မံဖိတ်ကြားကာ နည်းဥပဒေများ (မူကြမ်း)အပေါ် သဘောထားအကြံပြုချက်များ ရယူ၍ ILO Mission ၏ အကြံပြုချက်များနှင့်အညီ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၂၉ ရက်နေ့တွင် အလုပ်သမားအဖွဲ့အစည်းနည်းဥပဒေများကို အတည်ပြုထုတ်ပြန်ခဲ့သည်။

ဥပဒေပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်မှာ အလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်၊ အလုပ်သမားအချင်းချင်းအကြား၊ အလုပ်ရှင်နှင့် အလုပ်သမားတို့ကြား ဆက်ဆံရေးကောင်းမွန်စေရန်၊ အလုပ်သမားအဖွဲ့အစည်းများ စနစ်တကျနှင့် လွတ်လပ်စွာ ဖွဲ့စည်းဆောင်ရွက်နိုင်ရန်ဖြစ်၍ ဥပဒေနှင့်အညီ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများကို အသိအမှတ်ပြု လက်မှတ်များ ထုတ်ပေးခဲ့ရာ ၂၀၁၁ ခုနှစ် အလုပ်သမားအဖွဲ့အစည်းဥပဒေအရ အလုပ်သမားအဖွဲ့အစည်းများကို စနစ်တကျနှင့် လွတ်လပ်စွာဖွဲ့စည်းနိုင်ပြီး အလုပ်သမားအဖွဲ့အစည်းများသည် အလုပ်သမားရေးရာဥပဒေများပါ အခွင့်အရေးများကို အလုပ်သမားများရရှိခံစားနိုင်ခြင်းမရှိပါက အလုပ်ရှင်နှင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ခွင့်၊ အလုပ်ရှင်နှင့်အလုပ်သမားအငြင်းပွားမှုကို ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ကဖြေရှင်းရာတွင် အလုပ်သမားကိုယ်စားလှယ်များ စေလွှတ်ခွင့်နှင့် အဆင့်ဆင့်သော အလုပ်သမားအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသည့် ဖျန်ဖြေရေးခုံရုံးများသို့လည်း ကိုယ်စားလှယ်များစေလွှတ်ခွင့်၊ အလုပ်သမားဥပဒေများပါ အလုပ်သမားအခွင့်အရေး သို့မဟုတ် အကျိုးစီးပွားများနှင့် စပ်လျဉ်း၍ အစိုးရ၊ အလုပ်ရှင်နှင့် တောင်းဆိုသူအလုပ်သမားတို့ ဆွေးနွေးရာတွင် အလုပ်သမားအဖွဲ့အစည်း၏ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးခွင့်၊ အလုပ်သမားဥပဒေများနှင့်အညီ အလုပ်သမားများ၏ စုပေါင်းအရေးဆိုမှုများကို ဖြေရှင်းရာတွင် ပါဝင်ဆောင်ရွက်ခွင့်၊ အလုပ်ရှင်နှင့် အလုပ်သမားများကြား လုပ်ငန်းများ၏ စီမံခန့်ခွဲရေးပိုင်းဆိုင်ရာ သဘောတူညီချက်များ၊ တစ်ဦးချင်း အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်များ၊ ကတိဝန်ခံချက်များနှင့် အခြားတစ်ဦးချင်းသဘောတူညီချက်များ ပြုလုပ်ရာတွင် ကူညီဆောင်ရွက်ပေးခွင့်များပါရှိသည်။

### အသိအမှတ်ပြုလက်မှတ်များထုတ်ပေး

၂၀၁၁ ခုနှစ် အလုပ်သမားအဖွဲ့အစည်းဥပဒေအရ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလအထိ အခြေခံ အလုပ်သမားအဖွဲ့အစည်း ၂၈၂၄ ဖွဲ့၊ မြို့နယ် အလုပ်သမားအဖွဲ့အစည်း ၁၅၆ ဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်အလုပ်သမားအဖွဲ့အစည်း ၂၅ ဖွဲ့၊ အလုပ်သမားအဖွဲ့ချုပ် ကိုးဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့တစ်ဖွဲ့၊ အခြေခံအလုပ်ရှင် အဖွဲ့အစည်း ၂၆ ဖွဲ့၊ မြို့နယ်အလုပ်ရှင် အဖွဲ့အစည်း တစ်ဖွဲ့၊ အလုပ်ရှင်အဖွဲ့ချုပ် တစ်ဖွဲ့၊ အလုပ်သမား/ အလုပ်ရှင်အဖွဲ့အစည်း စုစုပေါင်း ၃၀၄၃ ဖွဲ့တို့ကို အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခဲ့ပြီးဖြစ်သည်။

အလုပ်သမား အဖွဲ့အစည်းများအနေဖြင့် အလုပ်သမားများကို ကိုယ်စားပြုဆောင်ရွက်ပေးရခြင်းဖြစ်၍ အလုပ်သမားရေးရာဥပဒေများကို ကောင်းမွန်စွာသိရှိနားလည်ပြီး ဥပဒေပါပြဋ္ဌာန်းချက်များကို လေးစားလိုက်နာရန်၊ အလုပ်သမားများ၏ ကိုယ်စားပြုအနေဖြင့် အလုပ်သမားများ၏ အကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေးကို ရှေးရှုဆောင်ရွက်ရန်၊ အဖွဲ့အစည်း၏ ဆောင်ရွက်ချက်များသည် ဥပဒေနှင့်ကိုက်ညီရန် လိုအပ်သကဲ့သို့ အဖွဲ့ဝင်အင်အားစာရင်း၊ နှစ်ပတ်လည်ငွေစာရင်းများကို စနစ်တကျပြုစုထားရှိ၍ လစဉ်၊ နှစ်စဉ် စစ်ဆေးရန်၊ အဖွဲ့အစည်း၏ အလုပ်အမှုဆောင်အဖွဲ့ကို ဥပဒေနှင့်အညီ နှစ်နှစ်တစ်ကြိမ် ပြန်လည်ရွေးချယ်ဆောင်ရွက်သွားရမည်ဖြစ်သည်။

### တွေ့ဆုံဆွေးနွေး

၂၀၂၀ ပြည့်နှစ်မှစ၍ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကပ်ရောဂါပျံ့နှံ့လာမှုသည် မြန်မာနိုင်ငံသို့လည်း ရိုက်ခတ်လာခဲ့ပြီး အလုပ်သမားများအပါအဝင် ပြည်သူတို့၏ လူမှုစီးပွားဘဝများအပေါ် သက်ရောက်မှုများရှိလာခဲ့ရာ အချို့သောအလုပ်သမားအဖွဲ့အစည်းများသည် အကြောင်းအမျိုးမျိုးကြောင့် အဖွဲ့အစည်းအဖြစ် ဆက်လက်ရပ်တည်နိုင်မှု မရှိတော့ခြင်း၊ အလုပ်သမားအဖွဲ့အစည်း ဖွဲ့စည်းမှုများ နည်းပါးလာခြင်း၊ ပုံမှန်လှုပ်ရှားဆောင်ရွက်မှုများ မပြုလုပ်နိုင်ခြင်း စသည့်အနေအထားများကို စိစစ်တွေ့ရှိရသဖြင့် အလုပ်သမားအဖွဲ့အစည်းများအား ဥပဒေနှင့်အညီ စနစ်တကျဖွဲ့စည်းဆောင်ရွက်နိုင်ရေးနှင့် အလုပ်သမားအဖွဲ့အစည်းများ ပုံမှန်လည်ပတ်ဆောင်ရွက်နိုင်ရေးအတွက် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့ရှိ အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား ၂၄-၂-၂၀၂၃ ရက်နေ့ နံနက်ပိုင်းတွင် လှိုင်သာယာစက်မှုဇုန် ကနောင်ခန်းမ၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးရှိ ကျန်အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို မွန်းလွဲပိုင်းတွင် ရွှေလင်ပန်းစက်မှုဇုန် ကနောင်ခန်းမ၌လည်းကောင်း တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တိုင်းရင်းသားရေးရာဝန်ကြီး၊ မှတ်ပုံတင်အရာရှိချုပ်၊ ဦးစီးဌာန၊ အဖွဲ့များမှ တာဝန်ရှိသူများ၊ မြို့နယ်မှတ်ပုံတင်အရာရှိများနှင့်စက်မှုဇုန်ကော်မတီဝင်များအပါအဝင် ၁၇၀ ခန့် တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးက အလုပ်သမားများအနေဖြင့် စက်ရုံ၊ အလုပ်ခွင်စည်းကမ်းများနှင့် အလုပ်သမားရေးရာဥပဒေများကို သိရှိနားလည်ပြီး အလုပ်သမားများကို အသိပညာဖြန့်ဝေပေးရန် လိုကြောင်း၊ အလုပ်သမားအဖွဲ့အစည်းများဖွဲ့စည်းခြင်းဖြင့် အလုပ်ရှင်၊ အလုပ်သမားများအကြား ဆက်ဆံရေးကောင်းမွန်ပြီး အလုပ်သမားများအကျိုးကို ပိုမိုဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄ တွင် အလုပ်သမားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးနိုင်ရေး ပြဋ္ဌာန်းထားကြောင်း၊ အလုပ်သမားအဖွဲ့အစည်းများအနေဖြင့် ပြည်တွင်း၌သာမက အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)မှ ကျင်းပသည့် အစည်းအဝေးများသို့ တရားဝင်အလုပ်သမားကိုယ်စားလှယ်များအဖြစ် တက်ရောက်ခွင့်ရှိကြောင်း၊ အလုပ်သမားအဖွဲ့အစည်းများနှင့် တွေ့ဆုံရခြင်းမှာ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(CTUM)၏ အမှုဆောင်အဖွဲ့ ပြန်လည်ရွေးချယ်ရန်ကိစ္စသည် အဓိကဖြစ်ကြောင်း၊ CTUM ဥက္ကဋ္ဌဖြစ်သူ ပြည်သစ်ညွန့်ဝေ(ခ) မောင်မောင်သည် နိုင်ငံ၏အရေးပေါ်ကာလတွင် ပြည်ပသို့ထွက်ခွာပြီး တရားမဝင်အဖွဲ့အစည်းဖြစ်သည့် NUG၊ CRPH တို့နှင့် ဆက်သွယ်ဆောင်ရွက်နေသည့်အပြင် ILO ကဲ့သို့သော အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ နိုင်ငံ၏ အကျိုးစီးပွားကို ဖျက်ဆီးနေသည့်အတွက် ၎င်းနှင့်အတူ အလုပ်အမှုဆောင် အဖွဲ့ဝင်များကို သက်ဆိုင်ရာဥပဒေအရ အရေးယူဆောင်ရွက်ခဲ့သဖြင့် လက်ရှိတွင် အဖွဲ့အစည်း၏ တာဝန်များဆောင်ရွက်၍ မရသော်လည်း CTUM သည် အလုပ်သမားအဖွဲ့အစည်းအဖြစ် ဆက်လက်တည်ရှိနေသောကြောင့် အမှုဆောင်အဖွဲ့ကို ပြန်လည်ရွေးချယ်ရမည်ဖြစ်ကြောင်း၊ အလုပ်သမားအဖွဲ့အစည်းများအနေဖြင့် အလုပ်သမားများ၏အကျိုးစီးပွားကို ရှေ့တန်းတင်ရမည်ဖြစ်ပြီး အလုပ်သမားများကို ဦးဆောင်မှုပေးနိုင်ရမည်ဖြစ်ကြောင်း၊ လက်ရှိတွင်လည်း အစိုးရနှင့် ပူးပေါင်းဆောင်ရွက်နေသည့် အလုပ်သမားအဖွဲ့ချုပ်များလည်းရှိကြောင်း၊ ၂၀၂၁ ခုနှစ်နောက်ပိုင်း အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ဆွေးနွေးပွဲ လေးကြိမ်တိုင်ကျင်းပခဲ့ပြီး ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အလုပ်သမားများ ထိခိုက်နစ်နာခဲ့မှုများကို ကုစားရန် ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း၊ ကိုဗစ်ကပ်ရောဂါကာလတွင် တစ်ကမ္ဘာလုံး၏ စီးပွားရေးထိခိုက်မှုနှင့်အတူ ပို့ကုန်လုပ်ငန်းများကို ထိခိုက်ခဲ့ကြောင်း၊

စာမျက်နှာ ၂၁ သို့ ❐

❒ စာမျက်နှာ ၂၀ မှ

ယခုကာလတွင်ပိုမိုကောင်းမွန်သည့်အနေအထားသို့ ပြန်လည်ရောက်ရှိနေပြီဖြစ်ရာ မြန်မာနိုင်ငံမှ ထုတ်ကုန်များကို နိုင်ငံတကာသို့ ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ အလုပ်သမားများ အနေဖြင့် ပုံမှန်ဝင်ငွေရရှိမှသာ မိသားစုစားဝတ် နေရေးအဆင်ပြေမည်ဖြစ်၍ အလုပ်အကိုင်အခွင့် အလမ်းများ ရွေးချယ်ဆောင်ရွက်ခွင့်ရှိရန်လိုကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အဖွဲ့အစည်းများအား ဥပဒေ နှင့်အညီ လွတ်လပ်စွာ ဖွဲ့စည်းဆောင်ရွက်ခွင့်ပေး ထားရာ စည်းကမ်းတကျဆောင်ရွက်ပြီး အချင်းချင်း အပြန်အလှန် လေးစားမှုရှိရန်လိုကြောင်း၊ အဖွဲ့ အစည်းတွင် အလုပ်အမှုဆောင်အဖွဲ့သက်တမ်း ကုန်ဆုံး၍ ပြန်လည်ရွေးချယ်ပါက အလုပ်သမားများ အား ကိုယ်စားပြုနိုင်သူကို စနစ်တကျရွေးချယ် တာဝန်ပေးအပ်ရန်လိုကြောင်း၊ အလုပ်သမားရေးရာ ပြဿနာများဖြစ်ပွားပါက အလုပ်သမားညွှန်ကြား ရေးဦးစီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန၊ အလုပ်သမားရေးရာဆက်ဆံ ရေးဦးစီးဌာနနှင့် လူမှုဖူလုံရေးအဖွဲ့တို့အနက် မည်သည့်ဦးစီးဌာနကိုမဆို ဆက်သွယ်တင်ပြနိုင်ပြီး သက်ဆိုင်ရာဌာနသို့ ဆက်လက်လွှဲပြောင်းဖြေရှင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အလုပ်သမားများ အား အလုပ်သမားအဖွဲ့အစည်းများမှ စည်းရုံး ဆောင်ရွက်ဦးဆောင်ဦးရွက်ပြုပေးစေလိုကြောင်း ထည့်သွင်းမှာကြားခဲ့သည်။

**ရည်ရွယ်ချက်အတိုင်း**

**ထိထိရောက်ရောက် လုပ်ဆောင်ရန်လို**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်း သားရေးရာဝန်ကြီးက အလုပ်သမားအဖွဲ့အစည်း များအနေဖြင့် အလုပ်သမားများအကျိုးရရှိပြီး လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းအောင် ဦးဆောင် ဦးရွက်ပြုနေသူများဖြစ်ကြောင်း၊ အဖွဲ့အစည်းတိုင်း တွင် ဖွဲ့စည်းပုံစည်းမျဉ်း၊ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ် များရှိသကဲ့သို့ အဆိုပါရည်ရွယ်ချက်အတိုင်း ထိထိ ရောက်ရောက်လုပ်ဆောင်ရန်လိုကြောင်း၊ ရည်ရွယ် ချက်လွဲချော်သွား၍ မရပါကြောင်း၊ နိုင်ငံသားတိုင်း သည် အစိုးရအဆက်ဆက်ကတည်းက နိုင်ငံရေး ဦးတည်ချက်အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့သည့် ဒို့တာဝန်အရေးသုံးပါးကို လေးစားလိုက်နာရန် အရေးကြီးကြောင်း၊ အမျိုးသားရေးကို ဦးထိပ်ထား၍ အလုပ်သမားများအား ဦးဆောင်ဦးရွက်ပြုနိုင်သည့် အဖွဲ့အစည်းများဖြစ်ရန် ဆန္ဒပြုကြောင်းပြောကြား ခဲ့သည်။

အဆိုပါတွေ့ဆုံပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးရှိ အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ က သက်ဆိုင်ရာအဖွဲ့အစည်းများ၏ လက်ရှိ အနေအထားနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ဆောင်ရွက်ပေးစေလိုသောအချက် များအား ဆွေးနွေးခဲ့ကြရာ ကိုဗစ်ကပ်ရောဂါကာလ တွင် အလုပ်အမှုဆောင်အဖွဲ့ ပြန်လည်ရွေးချယ်ခြင်း မပြုလုပ်နိုင်သော်လည်း ညီလာခံခေါ်ယူ၍ ပြန်လည် ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ အဖွဲ့အစည်း မပျောက်ပျက်အောင် ဆက်လက်ဆောင်ရွက်နေပါ ကြောင်း၊ ယခင်က အလုပ်သမားများကို စွမ်းဆောင် ရည်မြှင့်တင်ရေးသင်တန်းများ ပို့ချပေးခဲ့သော်လည်း ယခုကာလတွင် အစည်းအဝေးများ၊ သင်တန်းများ ပြုလုပ်နိုင်ခဲ့ခြင်းမရှိသေးပါကြောင်း၊ ကျန်ရှိသည့် အလုပ်အမှုဆောင်အင်အားဖြင့် လုပ်ငန်းများ ဆောင်ရွက်နေပါကြောင်း၊ တောင်သူများတွင် လယ်ယာနှင့် ကိုင်းလုပ်ငန်းများဖြစ်သည့် ဧရာတ်နှင့် ပြောင်းလုပ်ငန်းများ လုပ်ဆောင်သူများရှိပြီး စိုက်ပျိုး ရေးလုပ်ငန်းများတွင် အဓိကလိုအပ်ချက်ဖြစ်သည့် မျိုးကောင်းမျိုးသန့်ရရှိရန်နှင့် ဓာတ်မြေဩဇာကို စက်ရုံဈေးနှုန်းဖြင့် ရရှိစေရန်ဆောင်ရွက်ပေးစေလို ကြောင်း။

ဧရာဝတီတိုင်းဒေသကြီးတွင် အဓိကအားဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် ရေလုပ်ငန်း တွင်သာ အဖွဲ့အစည်းများဖွဲ့စည်းသော်လည်း အလုပ်သမားများ၏ စားဝတ်နေရေး၊ ကျန်းမာရေး နှင့်ပညာရေး ပိုမိုအဆင်ပြေနိုင်ရန်အတွက် လုပ်ငန်း ကဏ္ဍအလိုက် အဖွဲ့အစည်းများဖွဲ့စည်းနိုင်မှသာ ပိုမိုအဆင်ပြေကြောင်း၊ ဒေသအတွင်း အင်း၊ အိုင်၊ ချောင်း၊ မြောင်းများပေါများသော်လည်း အလုပ် သမားများအနေဖြင့် လုပ်ကိုင်ခွင့်မရပါကြောင်း၊ အလုပ်သမားဝန်ကြီးဌာနနှင့်ပူးပေါင်းပြီး မိမိတို့ဒေသ အတွင်းရှိ အင်း၊ အိုင်များကိုအသုံးပြု၍ အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်လာနိုင်ပါက လုပ်ငန်း များ အဆင်မပြေမှုကြောင့် အခြားနိုင်ငံများသို့ အလုပ်သမားများ သွားရောက်လုပ်ကိုင်နေခြင်းကို တားဆီးနိုင်မည်ဖြစ်ကြောင်း၊ အဖွဲ့ချုပ်အောက်တွင် မရှိသည့် အလုပ်သမားအဖွဲ့အစည်းများက သပိတ် မှောက်ရာတွင် ခွင့်ပြုချက်တောင်းခံနိုင်ရေးအတွက် ပြန်လည်သုံးသပ်ပေးစေလိုကြောင်း၊ အဖွဲ့အစည်း အဖြစ်ရှိနေ၍ လုပ်ငန်းညှိနှိုင်းအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ပြီး အလုပ်သမားရေးရာကိစ္စရပ်များကို ပိုမိုရှင်းလင်းရလွယ်ကူကြောင်း၊ အချို့စက်ရုံများတွင် အလုပ်သမားများ၏ အခွင့်အရေးများဆုံးရှုံးလျက် ရှိကြောင်း၊ အလုပ်သမားအဖွဲ့စည်းများဖွဲ့စည်းရာ တွင် ဝန်ဆောင်မှုလုပ်ငန်းနှင့် အခြားစက်ရုံ၊ အလုပ်ရုံ များ၏ လုပ်ငန်းများသည် သဘောသဘာဝချင်း မတူညီသဖြင့် သက်ဆိုင်ရာလုပ်ငန်းများမှ လူ့စွမ်းအား အရင်းအမြစ်မန်နေဂျာ (HR Manager) နှင့် စီမံ ခန့်ခွဲမှုတာဝန်ရှိသူများကို အလုပ်သမားဥပဒေ များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပေးသင့် ကြောင်း၊ အလုပ်သမားအဖွဲ့အစည်းအချင်းချင်း ချိတ်ဆက်ရာတွင် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် အဆက်အသွယ်များ ပြတ်တောက်နေကြောင်း၊ အဖွဲ့အစည်းများအကျိုး အတွက် အချို့သော မြို့၊ ရွာများရှိ မြေလွတ်မြေရိုင်း များတွင် လုပ်ကိုင်ခွင့်ကို နိုင်ငံတော်မှ ခွင့်ပြုမိန့် တောင်းခံလိုကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (CTUM) လက်အောက်ရှိ သယ်ယူပို့ဆောင်ရေးနှင့် ဝန်ဆောင်မှုအလုပ်သမား အဖွဲ့ချုပ်(ယာယီ)မှ ကိုယ်စားလှယ်က မြန်မာနိုင်ငံ လုံးဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၏ အလုပ်အမှု ဆောင်အဖွဲ့ ပြန်လည်ဖွဲ့စည်းနိုင်ရန် ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အသီးသီးဆွေးနွေးတင်ပြကြသည်။

**အလုပ်သမားအဖွဲ့အစည်းများ**

**လွတ်လပ်စွာဖွဲ့စည်းခွင့်ရှိ**

အလုပ်သမားအဖွဲ့အစည်းများမှ ဆွေးနွေး တင်ပြချက်များနှင့်ပတ်သက်၍ မှတ်ပုံတင် အရာရှိချုပ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အလုပ်သမားအဖွဲ့အစည်း များသည် အလုပ်သမားအဖွဲ့အစည်းဥပဒေအရ လွတ်လပ်စွာဖွဲ့စည်းခွင့်ရှိကြောင်း၊ လူဦးရေ ၃၀ ရှိပါက အဖွဲ့အစည်းဖွဲ့စည်းနိုင်ကြောင်း၊ တရားဝင် ဖွဲ့စည်းခွင့်တင်ပြပြီးပါက လှုပ်ရှားဆောင်ရွက်မှုရှိ နေစေလိုပါကြောင်း၊ စက်ရုံတွင် အလုပ်သမားအဖွဲ့ အစည်းရှိပါက လုပ်ငန်းညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ အဖွဲ့အစည်းမှ ကိုယ်စားလှယ်စေလွှတ်ခွင့်ရှိပြီး အဖွဲ့အစည်းမရှိပါက စက်ရုံရှိ အလုပ်သမားများမှ မဲပေးရွေးချယ်ထားသည့် အလုပ်သမားကိုယ်စား လှယ်များ ပါဝင်ရပါကြောင်း၊ အလုပ်သမားအဖွဲ့ အစည်းများမှ အလုပ်သမားများအနေဖြင့် လုပ်ငန်း ညှိနှိုင်းရေးကော်မတီတွင် ကိုယ်စားလှယ်ပါဝင်ခွင့် ရှိသော်လည်း အဆိုပါအဖွဲ့၏ အလုပ်အမှုဆောင် သက်တမ်းမရှိပါက ကိုယ်စားပြုခွင့်မရှိပါကြောင်း၊ အလုပ်အမှုဆောင်အပြောင်းအလဲ ရွေးချယ်နိုင်ခြင်း မရှိသေးကြောင်း တင်ပြလာသည့် ရန်ကုန်တိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့မှ အဖွဲ့အစည်းအား ကိုယ်စားပြုနိုင်ပြီး အလုပ်ရှင်နှင့်ညှိနှိုင်းဆောင်ရွက်နိုင်စေရန် အလုပ် အမှုဆောင်အဖွဲ့ကို ပြန်လည်ရွေးချယ်စေလိုကြောင်း၊ အဖွဲ့အစည်းပယ်ဖျက်ရန် အလုပ်အမှုဆောင်အဖွဲ့က တင်ပြလျှင်သော်လည်းကောင်း၊ အဖွဲ့ဝင်ဦးရေပြည့်မီ ခြင်းမရှိလျှင်သော်လည်းကောင်း ပယ်ဖျက်နိုင် သော်လည်း အဖွဲ့ဝင်ဦးရေပြည့်မီအောင် ပြန်လည် ဖြည့်ဆည်းစေရေး စည်းရုံးဆောင်ရွက်ရန်နှင့် ပယ်ဖျက်ခွင့်တင်ပြလာပါက သေချာစွာစိစစ်ရန် မြို့နယ်မှတ်ပုံတင်အရာရှိများအား ညွှန်ကြားထား ပါကြောင်း၊ အခြားဌာနမှစည်းကြပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများရှိသောကြောင့် မိမိတို့ဌာနက ဆောင်ရွက်ပေးနိုင်ခြင်းမရှိသည့် ကိစ္စများနှင့်ပတ်သက်၍ ဌာနသို့တရားဝင်စာဖြင့် တင်ပြပေးစေလိုကြောင်း၊ သပိတ်မှောက်ရာတွင် အဖွဲ့ချုပ်ကိုတင်ပြရသည့်ကိစ္စသည် ဥပဒေတွင် ပါဝင်သည့်အတွက် ဥပဒေကိုကျော်လွန်၍ မရပါ ကြောင်း၊ လတ်တလောတွင် အဖွဲ့ချုပ်တစ်ခုခု အောက်သို့ဝင်ရောက်ခြင်း (သို့မဟုတ်) မြို့နယ် အဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် အဆင် ပြေနိုင်မည်ဖြစ်ကြောင်း၊ အလုပ်သမားအဖွဲ့အစည်း ဥပဒေပြင်ဆင်ရာတွင် အဆိုပါအချက်ကို ထည့်သွင်း စဉ်းစားပေးမည်ဖြစ်ကြောင်း၊ အလုပ်အမှုဆောင် အဖွဲ့သက်တမ်းရှိမှသာ အလုပ်သမားများအား ကိုယ်စားပြုခွင့်ရနိုင်မည်ဖြစ်၍ သက်ဆိုင်ရာအလုပ် သမားအဖွဲ့အစည်းများနှင့် အလုပ်သမားများ၏ အကျိုးအတွက် အမှန်တကယ် အလုပ်လုပ်နိုင်မည့်သူ များအား အလုပ်အမှုဆောင်များအဖြစ် အမြန်ဆုံး ပြန်လည်ရွေးချယ်ပေးကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် အလုပ်သမား အဖွဲ့အစည်းများ၏ ကြိုးပမ်းဆောင်ရွက်နေမှုများ၊ အခက်အခဲများကို ပွင့်ပွင့်လင်းလင်းညှိနှိုင်းတိုင်ပင် ဆွေးနွေးနိုင်ခဲ့သဖြင့် အလုပ်သမားအဖွဲ့အစည်း များသည် မိမိတို့အဖွဲ့အစည်း၏ လိုအပ်ချက်များကို သိရှိနားလည်ပြီး အဖွဲ့အစည်း၏ အဓိကကျသော အလုပ်အမှုဆောင်အဖွဲ့ကို ဥပဒေနှင့်အညီ ပြန်လည် ရွေးချယ်ဆောင်ရွက်ခြင်းဖြင့် အလုပ်သမားများကို ကိုယ်စားပြုသော အလုပ်သမားအဖွဲ့အစည်းများ အဖြစ် အလုပ်သမားများ၏ အကျိုးခံစားခွင့်များ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ လူမှုဖူလုံရေးအပါအဝင် အခြားအကျိုး ခံစားခွင့်များကို အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမား တို့ကြား သုံးဦးသုံးဖလှယ် ပူးပေါင်းညှိနှိုင်းအဖြေရှာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်း ခွင်အေးချမ်းသာယာရေးကို ဖော်ဆောင်နိုင်ပြီး ကုန်ထုတ်စွမ်းအားတိုးတက်လာစေ၍ အလုပ်ရှင်၊ အလုပ်သမားများ၏ လူမှုစီးပွားဘဝကို မြှင့်တင် နိုင်ရုံသာမက တစ်ဖက်တွင်လည်း နိုင်ငံတော်စီးပွား ရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းသာယာရေးကို များစွာအထောက်အကူဖြစ်စေမည်မှာ မလွဲကေန် ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

## မုံရွာမြို့နယ်နှင့် မကွေးမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာ မြို့နယ် ကောရဗျကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူ ၆၇ ဦးတို့ကို အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် တည်ပင်ကန်ပေါက် ကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူ ၁၆၂ ဦးတို့ကို အဆိုပါကျေးရွာရှိရတနာ့ဂုဏ်ရည် ကျောင်းတိုက်၌ လည်းကောင်း ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ် ဌာနချုပ်များမှ နယ်မြေခံဆေး ကုသရေးအဖွဲ့များက ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့ များက သံဃာ တော်များနှင့် ဒေသခံပြည်သူများ ကို သွေးတိုးရောဂါ၊ အဆစ်အမျက် ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်း ဆိုင်ရာ ရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှု ဆိုင်ရာ ရောဂါ၊ သားဖွားမီးယပ် ရောဂါ၊ ကလေးရောဂါ၊ အထွေထွေ ရောဂါတို့နှင့်ပတ်သက်၍ လိုအပ် သည့် ဆေးဝါးကုသမှုများ ဆောင် ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှု များကို သက်ဆိုင်ရာတပ်နယ်များ မှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည် များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။ **သတင်းစဉ်**



ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ဒုတိယဝန်ကြီး ဦးမြင့်စိုး ရခိုင်ပြည်နယ်အတွင်း သမဝါယမစနစ်ဖြင့် နွားမွေးမြူနိုင်ရေး ကွင်းဆင်းဆောင်ရွက်



နေပြည်တော် မတ် ၁၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယမန်နေ့ နံနက်ပိုင်းက ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ငတောက်တက်ကျေးရွာသို့ သွားရောက်ပြီး သဇင်မွေးမြူရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ အသင်းသား အသင်းသူများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက သမဝါယမစနစ်ဖြင့် နွားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ခြံလှောင်စနစ်ဖြင့် မွေးမြူရေး၊ ထွက်ရှိလာသော နွားချေးစွန့်ပစ်ပစ္စည်းမှ သဘာဝမြေသြဇာအဖြစ် ပြန်လည်အသုံးပြုနိုင်ရေး၊ နွားစာအတွက် အဲဗားဂရင်းမြက် စိုက်ပျိုးရေး ညှိနှိုင်းမှာကြားသည်။

ယင်းနောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများက ဒေသန္တရနွားမျိုးများ ဝယ်ယူရရှိရေး၊ တိရစ္ဆာန်ကာကွယ်ကုသရေး၊ နွားခြံတည်ဆောက်ရေး၊ မွေးမြူရေးဆိုင်ရာ သင်တန်းများ ပို့ချပေးရေး ရှင်းလင်းတင်ပြရာ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ငတောက်တက်ကျေးရွာရှိ သဇင်မွေးမြူရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းအနေဖြင့် နွားကောင်ရေ ၁၀၀ စုပေါင်းမွေးမြူမည်ဖြစ်သည်။

အလားတူ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့နယ် ကြံတောကျေးရွာသို့ သွားရောက်၍ ခရေ မွေးမြူရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမ အသင်းမှ နွားကောင်ရေ ၁၃၇ ကောင် မွေးမြူရန် လျာထားဆောင်ရွက်နေခြင်းအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စစ်တွေမြို့နယ် ကျားမသောက်ကျေးရွာရှိ ရွှေကျားရက်ကန်း အလုပ်ရုံသို့ သွားရောက်ပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့နယ် ကျောက်တန်းကြီးကျေးရွာသို့ သွားရောက်ပြီး မြတ်နိုးပန်းစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ မိုးစပါး ၁၀၅ ဧကကို သမဝါယမစနစ်ဖြင့် စုပေါင်းစိုက်ပျိုးခြင်းလုပ်ငန်းအတွက် အထွက်နှုန်းတိုးရေး ကြိုးစားဆောင်ရွက်ကြရန် မှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံးသို့ သွားရောက်ကာ ဝန်ထမ်းများကို တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကြားဝင်စေ့စပ်ဖြေရှင်းခြင်းနှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်းသိကောင်းစရာ သင်တန်းအမှတ်စဉ်(၅)ဖွင့်လှစ်



ရန်ကုန် မတ် ၁၁

Myanmar International Arbitration Centre (MIAC) Incorporated က ကြားဝင်စေ့စပ်ဖြေရှင်းခြင်းနှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်းသိကောင်းစရာ သင်တန်းအမှတ်စဉ်(၅)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ကျွန်းတောလမ်းနှင့် ဖျာပုံလမ်းထောင့်ရှိ MIAC (ဗဟို)သင်တန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ MIAC (ဗဟို)ဥက္ကဋ္ဌနှင့် တည်ထောင်သူ ဦးအဲလ်ဘတ်ဇော်မင်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ အနုညာတစီရင်ဆုံးဖြတ်ခြင်းနှင့်ပတ်သက်၍ အခြေခံသိသင့်သိထိုက်သည်များကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသော သင်တန်းနည်းပြဆရာကြီး ဆရာမကြီးများ၊ သင်တန်းသား သင်တန်းသူများက တစ်ဦးချင်းမိတ်ဆက်စကားပြောကြားကြပြီး သင်တန်းတာဝန်ခံဆရာကြီးဦးကျူးခေါင်က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များ၊ နောင်ဆက်လက်ဖွင့်လှစ်သွားမည့်သင်တန်းများနှင့် အခြေခံသင်ကြားရမည့်ဘာသာရပ်များအကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများက သိလိုသည်များ မေးမြန်းရာ သင်တန်းနည်းပြဆရာကြီး ဆရာမကြီးများက ဖြေကြားပေးကြသည်။ သင်တန်းကာလမှာ မတ် ၁၁ ရက်မှ ဧပြီ ၁ ရက်အထိ အပတ်စဉ်စနေနေ့တိုင်း နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဆရာကြီး ဆရာမကြီး ၁၀ ဦးက အလှည့်ကျသင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

မောင်မောင်(လှျပ်စစ်)

# ဘုန်းမောက်အသင်းက လီဗာပူးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ



ပရီမီယာလိဂ်ပွဲစဉ် ၂၇ ရဲ့ မတ် ၁၁ ရက်ညပိုင်း အစောဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ ဘုန်းမောက်အသင်းနဲ့ လီဗာပူးအသင်းတို့ပွဲစဉ်မှာ ဘုန်းမောက်အသင်းက လီဗာပူးအသင်းကို တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ဘုန်းမောက်အသင်းက ပွဲကစားချိန် ၂၈ မိနစ်မှာ သွင်းယူခဲ့တဲ့ ဘီလင်းရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး လီဗာပူးအသင်းကတော့ ပွဲကစားချိန် မိနစ် ၇၀ မှာ ပင်နယ်တီ ပြစ်ဒဏ်ဘောကန်ခွင့်ရရှိခဲ့ပေမယ့် တိုက်စစ်မှူး ဆာလာက ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့တာကြောင့် အဝေးကွင်းမှာ အရေးနိမ့်ခဲ့ရတာဖြစ်ပါတယ်။

ဘုန်းမောက်အသင်းဟာ လီဗာပူးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ် ၂၆ ပွဲကစားပြီးချိန်မှာ ရမှတ် ၂၄ မှတ်ရရှိခဲ့ကာ တန်းဆင်းဇုန်အတွင်းမှ ရုန်းထွက်နိုင်ခဲ့ပြီး အမှတ်ပေးဇယားအဆင့် ၁၆ နေရာကို ယာယီတက်လှမ်းခွင့်ရရှိခဲ့ပြီ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ မန်ယူအသင်းကို ခုနစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တဲ့ လီဗာပူးအသင်းဟာ အခုပွဲစဉ်မှာ အနိုင်သုံးမှတ်ဆုံးရှုံးခဲ့ရလို့ အမှတ်ပေးဇယားအဆင့် ၅ နေရာမှာ ဆက်လက်ရပ်တည်ခဲ့ရတာဖြစ်ပါတယ်။

ငွေကြယ်


**အစုရှယ်ယာလွှဲပြောင်းချခြင်း**

ကျွန်တော်တို့၏ MYINT THUKHA NADI LOGISTICS COMPANY LIMITED အစုရှယ်ယာ အရေအတွက်(၅၀၁)စုအား အစုရှယ်ယာ(၅၀၀)စုသို့လွှဲပြောင်းချရန်နှင့် အစုရှယ်ယာတန်ဖိုး အညီအမျှခွဲဝေမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**Myint Thukha Nadi Logistics Co.,Ltd**



**"အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း"**

ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၁၄-၅-၂၀၁၉)ရက်နေ့တွင် ကျွန်ုပ်၏မိတ်ဆွေများ ဖြစ်ကြသော ၁။ ဒေါ်သန်းသန်းအေး (ဘ)ဦးဂျော့ချစ် [၁၂/မဂတ(နိုင်)၀၃၄၅၄၆]၊ ၂။ ဦးအေးသိန်း (ဘ)ဦးဂျော့ချစ် [၁၂/မဂတ(နိုင်)၀၃၅၃၉၁]၊ ၃။ ဒေါ်ရီရီရွှေ (ဘ)ဦးဂျော့ချစ်[၁၂/ မဂတ(နိုင်)၀၃၅၃၈၈] ၄။ ဒေါ်ကြူကြူဆွေ (ဘ)ဦးဂျော့ချစ်[၁၂/မဂတ(နိုင်)၀၃၅၃၉၀]တို့မှ မှတ်ပုံတင်စာချုပ်အမှတ်(၂၀၁၆၀/၂၀၁၉)ဖြင့် FRANCIS (ခ)ဦးသန်းဝင်း (ဘ) ဦးအရုလန်သူ[၁၄/ကလန(ပြု)၀၀၀၃၀၆]အား လုပ်ငန်းဆောင်ရွက်ရန်အတွက် အထွေထွေကိုယ်စားလှယ်လွှဲစာ (General Power)လွှဲအပ်ခဲ့ပါသည်။

ယခုအခါ အဆိုပါ အထွေထွေကိုယ်စားလှယ်လွှဲစာအား ဆက်လက်ဆောင်ရွက်ရန် အကြောင်းမရှိတော့ပါသဖြင့် လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၀၁၆၀/၂၀၁၉)အား ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလှချို**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၅၅၅၄/၉၁)**
**B.SC. H.G.P. R.L, D.B.L, D.M.L**
**အမှတ် (၆၄) ဒု လွှာ၊ ဟံသာဝတီလမ်း၊**
**(၅)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း ၀၉-၂၆၆၀၆၈၄၀၈၊ ၀၉ ၄၂၀၃၀၀၇၁၂**


## အနုပညာ

### တေးအယ်လ်ဘမ်သစ်ထုတ်လွှင့်မှုနဲ့အတူ နယ်လှည့်ဖျော်ဖြေပွဲတွေ ပြုလုပ်မယ့် TWICE

တောင်ကိုရီးယားအမျိုးသမီး တေးဂီတအဖွဲ့ TWICE ဟာ လတ်တလောမှာ မီနီတေးအယ်လ်ဘမ်သစ် စတင်ထုတ်လွှင့်ခဲ့ပါတယ်။ အဆိုပါတေးအယ်လ်ဘမ် ထုတ်လွှင့်မှုနဲ့အတူ နယ်လှည့်တေးဂီတဖျော်ဖြေပွဲတွေ ပြုလုပ်မှာဖြစ်ကြောင်း လတ်တလောမှာ ထုတ်ဖော်အသိပေးခဲ့တယ်လို့ စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မတ် ၁၀ ရက်မှာ အဖွဲ့ရဲ့ မီနီတေးအယ်လ်ဘမ်သစ် Ready To Be ကို စတင်ထုတ်လွှင့်ခဲ့တာပါ။ အဆိုပါတေးအယ်လ်ဘမ်ဟာ အဖွဲ့ရဲ့ ၁၂ ခုမြောက် မီနီတေးအယ်လ်ဘမ်ဖြစ်ပြီး ယင်းအယ်လ်ဘမ်ရဲ့ ခေါင်းစီးတေးဖြစ်တဲ့ Set Me Free နဲ့ ကြိုတင်ထုတ်လွှင့်ခဲ့တဲ့ အင်္ဂလိပ်ဘာသာနဲ့ သီဆိုထားတဲ့တေးသီချင်း Moonlight Sunrise တို့ကိုလည်း ပရိသတ်တွေက စိတ်ဝင်တစား စောင့်မျှော်နေတာဖြစ်ပါတယ်။

တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်မှုနဲ့အတူ နယ်လှည့်ဖျော်ဖြေပွဲတွေ ပြုလုပ်ဖို့ရာ စီစဉ်ထားပြီး အဆိုပါ ဖျော်ဖြေပွဲတွေဟာ ဂီတသက်တမ်းတစ်လျှောက် ပြုလုပ်ခဲ့တဲ့ ဖျော်ဖြေပွဲတွေအနက် အကြီးကျယ်ဆုံးဖြစ်လာမှာဖြစ်တယ်လို့လည်း လတ်တလော ပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာ အဖွဲ့ဝင်တွေက ထုတ်ဖော်ပြောကြားခဲ့တယ်လို့ သိရပါတယ်။

**အေးပြည့်-စုစည်းသည်**

### ယူကေတေးဂီတဇယားရဲ့ ထိပ်တန်းတေးသီချင်း ၄၀ စာရင်းမှာ ပါဝင်ခွင့်ရတဲ့ ဂျေဟုတ်

တောင်ကိုရီးယားအမျိုးသားတေးဂီတအဖွဲ့ BTS ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျေဟုတ်ဟာ သူ့ရဲ့ တစ်ကိုယ်တော်တေးသီချင်းနဲ့ မှတ်တိုင်သစ် စိုက်ထူနိုင်ခဲ့ပါတယ်။ သူ့ရဲ့ တေးသီချင်း On The Street ဟာ ယူကေတေးဂီတဇယားရဲ့ ထိပ်တန်းတေးသီချင်း ၄၀ စာရင်းမှာ ပါဝင်လာခဲ့ပါတယ်။ ဒါဟာ ကေပေ့ါပ်တစ်ကိုယ်တော်တေးသံရှင်တွေအနက် ဂျေဟုတ်က ပထမဆုံး ပါဝင်ခွင့်ရတာဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မတ် ၁၀ ရက်မှာ ထုတ်ပြန်ခဲ့တဲ့ အချက်အလက်တွေအရ On The Street ဟာ အဆိုပါ တေးဂီတဇယားရဲ့ နံပါတ် ၃၇ နေရာမှာ ရပ်တည်နိုင်ခဲ့တာပါ။ ယင်းတေးသီချင်းကို ဂျေဟုတ်နဲ့အတူ အမေရိကန် ရက်ပ်တေးသံရှင် ဂျေကိုးလ်ကတွဲဖက်သီဆိုထားတာလည်း ဖြစ်ပါတယ်။


**ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသိန်းထိုက် (၁၂/ဒဂမ(နိုင်) ၀၂၂၆၇၀)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာချက်**

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ လူနေရပ်ကွက် ဆေးစက်ရပ်ကွက်၊ မြေကွက်အမှတ် (၂၂၄)၊ ဧရိယာ အလျား(၂၅)ပေXအနံ(၅၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်အပါအဝင် ယင်းမြေကွက်နှင့်သက်ဆိုင်သည့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်အမည်ပေါက် ပိုင်ဆိုင်သူ ဦးမင်းအောင် (၁၂/ဒပန(နိုင်)၀၁၂၃၇၇)ထံမှ ယင်းမြေ၏ထက်ဝက် (၁၂½ X ၅၀)ပေ အကျယ်အဝန်းရှိ ခေါင်းရင်းခြမ်းကို ဝယ်ယူရန် ရောင်းဖိုးငွေ၏စရံငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းအထောက်အထားမူရင်းနှင့်တကွ ဤသတင်းစာကြော်ငြာ ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသိန်းထိုက် ၏လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ဝင်းကြည်စိုး (စဉ်-၁၉၉၁၇)
အထက်တန်းရှေ့နေ
အမှတ်(အီး-၅)၊ အမှတ်(၅၀)၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်။
ဖုန်း-၀၉ ၂၅၆၂၆၂၃၀၅၊ ၀၉ ၃၃၃၈၈၅၆၅

# “ဝန်ဆောင်မှုအမှတ်တံဆိပ်အသိပေးကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်(၁)ရပ်ကွက်၊ နတ်မောက်လမ်းနှင့် ကမ္ဘာအေးဘုရားလမ်းထောင့်၊ အမှတ် (၁၀၈)တွင်တည်ရှိသော ဧရာဝတီတောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် **(Ayeyarwaddy Farmers Development Bank, "A bank")**၊ ကုမ္ပဏီမှတ်ပုံတင်အမှတ် - ၁၇၁၄၂၉၆၉၂ သည်အောက်ဖော်ပြပါဝန်ဆောင်မှုအမှတ်တံဆိပ်များအား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် - ၈၃၀၂/၂၀၂၀၊ ၈၃၀၃/၂၀၂၀၊ ၄၅၈၉/၂၀၂၂၊ ၆၀၄၁/၂၀၂၂ တို့ဖြင့်မှတ်ပုံတင်ပြီးဖြစ်ပါသည်-

အထက်ဖော်ပြပါ **A+, A Plus** ဝန်ဆောင်မှုအမှတ်တံဆိပ်များဖြင့် **A bank**မှ ဆောင်ရွက်လျက်ရှိသောမိုဘိုင်းဘဏ်လုပ်ငန်းများ **(Mobile Banking)** နှင့် ဆက်နွယ်ပတ်သက်နေသော ဆိုင်းဘုတ်၊ စာရေးစက္ကူ၊ စာရွက်စာတမ်း၊ ကြော်ငြာ၊ လက်ကမ်းကြော်ငြာဘလောက်၊ ဒီဇိုင်း၊ တံဆိပ်တုံး၊ ငွေပြေစာဖြတ်ပိုင်း၊ အီးမေးလ်၊ အင်တာနက်ဝက်ဘ်ဆိုက်၊ ဘလော့(ဂ်)၊ ဒီဂျစ်တယ်(လ်) စကြံ **(Digital Platform)** အစရှိသည့် လူထုဆက်သွယ်ရေးနယ်ပယ်အသီးသီး၊ ကြော်ငြာလုပ်ငန်းနယ်ပယ်အသီးသီးနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုအသီးသီးတို့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ခွင့်ပြုချက်အရ လက်ရှိအသုံးပြုနေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါဝန်ဆောင်မှုအမှတ်တံဆိပ်ကိုထပ်တူဖြစ်စေ၊ အလားတူဖြစ်စေ အသုံးပြုခြင်းဖြင့်သုံးစွဲသူများ ထင်ယောင်ထင်မှားဖြစ်စေနိုင်သည်သာမက၊ ဝန်ဆောင်မှုမတူညီလင့်ကစား **A bank**၏ **A+, A Plus** ဝန်ဆောင်မှုအမှတ်တံဆိပ်နှင့် အဆိုပါမတူညီသည့် ဝန်ဆောင်မှုများအကြား ဆက်သွယ်မှုရှိသည်ဟု ညွှန်ပြနေသကဲ့သို့ ဖြစ်နိုင်သည့်အတွက် နောင်တွင်မိမိတို့ **A bank**၏ အကျိုးစီးပွားကို ထိခိုက်နိုင်ဖွယ်ရာရှိပါသဖြင့်၊ အထက်ဖော်ပြပါဝန်ဆောင်မှုအမှတ်တံဆိပ်များကိုတိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ မှိုင်းမြင်း၍ဖြစ်စေ၊ အရောင်အားဖြင့်သော်လည်းကောင်း၊ ပုံသဏ္ဌာန်အားဖြင့် သော်လည်းကောင်း၊ဆင်တူယိုးမှားပြုလုပ်၍ဖြစ်စေ သုံးစွဲကာတစ်နည်းနည်းဖြင့် အသုံးပြုခြင်းမျိုးမပြုလုပ်၊ မဆောင်ရွက်ကြရန်သတိပေးတားမြစ်လိုက်ပါသည်။

အကယ်၍ ဆက်လက်ကာမှိုင်းမြင်းတုပသုံးစွဲခဲ့မည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ တရားမ ကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ၊ မလွှဲမရှောင်သာ အရေးယူဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း သတိပေးကြေညာအပ်ပါသည်။

ဧရာဝတီတောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်
အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် **(A bank)**
ရန်ကုန်မြို့

သစ်
တော
မှန်
လျှင်
အသုံး
ဝင်
အစဉ်
ထာ
ဝ
ရ
ထိန်း
သိမ်း
ကြ

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ လူနေရပ်ကွက်အမှတ်-၉၂၊ မြေတိုင်းရပ်ကွက် အမှတ်(4-A)၊ မြေပိုင်ရှင်- ဒေါ်စိုးစိုးသန့် ပိုင်ဆိုင်သော နှစ်(၆၀)ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ နတ်ချောင်း(၁)လမ်း၊ အမှတ်(၁၂)၊ မြေညီ+ထပ်ခိုး၊ (ခြေရင်းခန်း)၊အကျယ်အဝန်း (၁၁ပေခွဲ x ၄၈ပေ)ရှိ တိုက်ခန်းအား တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးဇော်လွင်ဦး [၁၀/မဒန(နိုင်)၀၂၆၀၄၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီး အပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီးနောက် ရောင်းဖိုးငွေ၏တစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသောကြောင့် ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ကေကျော်ကိုကို (LLB,D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၂၃၆၈၅/၂၀၀၅)**
**အမှတ်(၂၈)၊ ဓမ္မဒါနလမ်း၊ မလွှကုန်းဈေးကွယ်(က)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၃၄၆၀၅၄၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၉(က)၊ မဟာသုခလမ်း၊ မြေကွက်အမှတ်-၃၄၂(က)၊ မြေအကျယ်အဝန်း(၂၀ပေx ၆၀ပေ)ရှိ ဦးမောင်မောင်သန်း(MTNT-၀၁၆၈၂၃)အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးလှမြင့်[၁၂/ဥကတ(နိုင်)၀၄၃၅၉၀] ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီးနောက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသောကြောင့် ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူ မရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကေကျော်ကိုကို (LL.B, D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၂၃၆၈၅/၂၀၀၅)**
**အမှတ်(၂၈)၊ ဓမ္မဒါနလမ်း၊ မလွှကုန်းဈေးကွယ်(က)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၃၄၆၀၅၄၀**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ကျောင်းကုန်း(၃)လမ်း၊ အမှတ်-၂၁ နေ ဦးအောင်သူမြတ်[၈/ပခက(နိုင်)၁၈၁၈၉၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ သကမ-၁၁ရပ်ကွက်၊ စံပယ်လမ်း၊ အမှတ်-၁၈၂/ခ၊ အကျယ်အဝန်း(၂၀x၆၀)ပေရှိ ဦးစိုးမောင်(ISN-၂၁၉၄၆၂) အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဆက်စပ် စာချုပ်ဖြင့် တရားဝင်ပိုင်ဆိုင်လျက် ရောင်းချခွင့်ရှိသူ ဒေါ်သီတာသန်း[၁၂/ကမတ (နိုင်)၀၀၂၈၀၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေအပြေအကျေပေးချေ၍ ဝယ်ယူထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းမြေကွက်နှင့် မြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်၏မိတ်ဆွေသာ တရားဝင်ပိုင်ဆိုင်လျက် လက်ရောက်ထားရှိသူဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ဝါနွေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၆၈၂/၂၀၁၇)**
**အမှတ်-၁၂၊ နဝရတ်လမ်းမကြီး၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၇၁၇၂၆၀**

## အများသိစေရန် အသိပေးကြေညာခြင်း

